# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၃)ရက် ၊ ကြာသပတေးနေ့ ၊ (9-10-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၆၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ရွှေဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

စာမျက်နှာ - ၁၈

## ရွှေဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

စာမျက်နှာ - ၁၈

# ၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ




**နေပြည်တော် အောက်တိုဘာ ၈**

၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းမှ စတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာများတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိသည်။

ယနေ့တွင် “မဟာဂီတ” တေးသီချင်းအဆိုပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ရွှေဝတီတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ဆင့်ရရင့်ငယ်လေး (ပတ်ပျိုး)” သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ **စာမျက်နှာ ၁၆ ကော်လံ ၁**




ရတနာပုံ
၂၀၂၅ ခုနှစ် အောက်တိုဘာ ၉ ရက်
အယ်ဒီတာ့အာဘော်

# အထူးရထားများပြေးဆွဲပေးမှုကြောင့် ခရီးသွားလာမှုအဆင်ပြေချောမွေ့

သီတင်းကျွတ်ကာလပိတ်ရက်အတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ်အတွက် အထူးရထားများကို ပြေးဆွဲပေးလျက်ရှိသည်။

ထိုသို့ပြေးဆွဲရာတွင် ရန်ကုန်-နေပြည်တော်-ရန်ကုန်ခရီးစဉ်အတွက် အောက်တိုဘာ ၆ ရက်မှစ၍ အောက်တိုဘာ ၈ ရက်ထိ အမှတ် (၇) အဆန်ရထားသည် ရန်ကုန်မှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ နံနက် ၁၁ နာရီ မိနစ် ၃၀ တွင် နေပြည်တော်သို့လည်းကောင်း၊ အဆန်အထူးရထားသည် နံနက် ၆ နာရီ မိနစ် ၃၀ တွင် ရန်ကုန်မှစတင်ထွက်ခွာ၍ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်သို့လည်းကောင်း၊ အမှတ် (၈) အစုန်ရထားသည် မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်မှစတင်ထွက်ခွာ၍ ညနေ ၁၇ နာရီ မိနစ် ၃၀ တွင် ရန်ကုန်မြို့သို့လည်းကောင်း၊ အစုန်အထူးရထားသည် မွန်းလွဲ ၁၂ နာရီ မိနစ် ၃၀ တွင် နေပြည်တော်မှစတင်ထွက်ခွာ၍ ညနေ ၁၈ နာရီတွင် ရန်ကုန်မြို့သို့လည်းကောင်း အသီးသီးပြေးဆွဲပေးလျက်ရှိသည်။

မီးရထားပြေးဆွဲပေးခြင်းဖြင့် ပြည်သူများ၏ခရီးသွားလာမှု အဆင်ပြေချောမွေ့စေသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းနှင့်အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိသည်။ ရထားတွဲများအစဉ်သန့်ရှင်းနေစေရန် ဝန်ထမ်းများကဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူများအနေဖြင့် ခရီးစဉ်အတွင်း စည်းကမ်းရှိစွာ လိုက်ပါစီးနင်းကြရန်ဖြစ်သည်။

မီးရထားဖြင့်ခရီးသွားခြင်းသည် ဈေးနှုန်းသက်သာခြင်း၊ လူတန်းစားမရွေး စီးနင်းနိုင်ခြင်း၊ လူအများနှင့်အတူ ခရီးသွားလာရသဖြင့် မိတ်ဆွေတိုးပွားခြင်း စသည့် အကျိုးကျေးဇူးများရနိုင်သည်။ ကားလမ်းမပေါက်သော ကျေးရွာများရှိသေးသည့်အတွက် မီးရထားဖြင့် အချိန်မရွေးသွားလာနိုင်ခြင်းသည် ကျေးလက်နေပြည်သူများအတွက် ခရီးသွားလာရလွယ်ကူအဆင်ပြေစေသည်။ မီးရထားနှင့်လုပ်ငန်းချင်းဆက်နွှယ်နေသည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အပြန်အလှန်အထောက်အကူပေးနိုင်သည့် အကျိုးကျေးဇူးများရရှိနိုင်ပေသည်။

သို့ဖြစ်ရာ မြန်မာ့မီးရထားလုပ်ငန်းသည် ခရီးသွားပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့သည့်အပြင် ခရီးလမ်းကြောင်းတစ်လျှောက် ဒေသခံပြည်သူများ၏အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိစေသည်။ နိုင်ငံတော်၏လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် အဓိကကျသော မြန်မာ့မီးရထားသည် ယခုအခါ ခရီးသွားလာသူများ အဆင်ပြေချောမွေ့စေရန် ခေတ်မီ DEMU အထူးရထားများပါ တိုးချဲ့ပြေးဆွဲနေပြီဖြစ်သည်။ သီတင်းကျွတ်ကာလပိတ်ရက်ရှည်အတွင်း လိုရာခရီးကို အချိန်မှန်သက်သောင့်သက်သာရောက်ရှိစေရန် အထူးအစီအစဉ်ဖြင့် DEMU တွဲဆိုင်းများဖြင့် ပြေးဆွဲမှုကြောင့် အဆင်ပြေချောမွေ့သည့်ခရီးစဉ်အတွင်း နိုင်ငံကြီးသားပီသစွာ စည်းကမ်းတကျစီးနင်းလိုက်ပါကြခြင်းဖြင့် သယ်ယူပို့ဆောင်ရေးစနစ်ကောင်းတစ်ခုကို ဂုဏ်ယူစွာပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် ရက် ၈၀ သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

- အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြင်ဦးလွင်မြို့ရှိ ကံကူပြည့်ဘုရား၊ ရွှေဟောင်းသမိုင်းဝင် ရွှေမြင်တင်ဘုရား၊ မဟာအံ့ထူးကံသာဘုရားများသို့ သွားရောက်ဖူးမြော်



**မန္တလေး အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်နှင့် အဖွဲ့သည် တာဝန်ရှိသူများ လိုက်ပါပြီး အောက်တိုဘာ ၇ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့ ၃၂ မိုင် အောင်ချမ်းသာရွာ ဝိပဿီဓမ္မရိပ်သာရှိ ကံကူပြည့်ဘုရား၊ ပြင်ဦးလွင်မြို့ရှိ ရွှေဟောင်းသမိုင်းဝင် ရွှေမြင်တင်ဘုရား၊ မဟာအံ့ထူးကံသာဘုရား၊ ဆုတောင်းပြည့်ဘုရားများသို့ သွားရောက် ဖူးမြော်ကြည်ညိုခဲ့ကြောင်း သိရသည်။

ထိုသို့ သွားရောက်ဖူးမြော်ရာ၌ ဖြဟ္မစရိယဓမ္မဗိမာန်တော်တွင် ဝိပဿီဓမ္မရိပ်သာ ဦးစီးပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညိန္ဒမဟာထေရ်အားဖူးမြော်၍ ဝန်ကြီးချုပ်နှင့်ဇနီးက သင်္ကန်းအစရှိသည့် လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး ဩဝါဒများ ခံယူခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေမြင်တင်ဘုရား၊ မဟာအံ့ထူးကံသာဘုရားဂေါပကအဖွဲ့များထံ အလှူငွေများ ပေးအပ်လှူဒါန်းပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများကို ဘုရားဖူးလာပြည်သူများ စိတ်ချမ်းမြေ့စွာဖူးမြော်နိုင်ရေးနှင့် ဘုရားပရဝဏ်အတွင်း အပြင် အစဉ်အမြဲသန့်ရှင်းသပ်ရပ်ပြီး အမြင်တင့်တယ်စေရေးတို့ကို စနစ်တကျအစီအမံများဖြင့် ဆောင်ရွက်သွားကြရန် ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမျိုးသား ကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိပြီး ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ လာရောက်လည်ပတ်နေမှုများ၊ တေးဂီတဖျော်ဖြေမှု အစီအစဉ်များဖြင့် အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနေမှုများ၊ ဈေးဆိုင်ခန်းများဖြင့် ရောင်းချပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံကေ ၁၀၈၅၀ စိုက်ပျိုးမည်

**မုံရွာ အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံကေ ၁၀၈၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံသီးနှံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၃၈၅၀၊ ကနီမြို့နယ်တွင် ဧက ၅၈၄၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၈၁၀၊ ပုလဲမြို့နယ်တွင် ဧက ၃၅၀ စုစုပေါင်းဧက ၁၀၈၅၀ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ယင်းမာပင်ခရိုင် လာမဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဂျုံဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ ဂျုံသီးနှံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တောင်သူတွေကို အသိပညာပေးဆွေးနွေးတာတွေ၊ ဂျုံအထွက်တိုးအောင်ရေသွင်းပြီး မြေသြဇာကျွေးဖို့၊ ပေါင်းရှင်းဖို့နဲ့ ဂျုံသီးနှံတွေ အထွက်တိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ဆောင်ရွက်ပေးသွားပါမယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင်သီးနှံများအားလုံး လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေး၊ ဂျုံများအထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းဂျုံများ စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျုံစိုက်ပျိုးမှုအနေဖြင့် ဂျုံတစ်ဧကစိုက်ပျိုးလျှင် ကုန်ကျစရိတ်မှာ ငွေကျပ် သုံးသိန်းခန့်ရှိပြီး ဂျုံတစ်ဧကစိုက်ပျိုးပါက ၂၁ တင်းထွက်ရှိကြောင်း သိရသည်။

ဂျုံသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုး တိုးတက်လာနိုင်မည်ဖြစ်ရာ ဂျုံသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စလင်းမြို့နယ် အင်ကြင်းပင်လှ(န)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**စလင်း အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေရစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မိသားစုဝင်ငွေ ပိုမိုတိုးပွားလာစေရန် ရည်ရွယ်၍ အင်ကြင်းပင်လှ ကျေးရွာအုပ်စု အင်ကြင်းပင်လှ(န) ကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က တက်ရောက်လာသူများအား မိတ်ဆက်အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်း လည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေအရင်းအတိုးပေးဆပ်ရမည့်ကာလများနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ သတ်မှတ်ရက်အတွင်း အတိုးငွေပေးသွင်းရန်နောက်ကျပါက ပေးဆောင်ရမည့် ဒဏ်ကြေးများကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက အင်ကြင်းပင်လှ(န)ကျေးရွာ၌ ရန်ပုံငွေကျပ် ၂၇ ဒသမ ၅ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အင်ကြင်းပင်လှ(န)ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၂၇ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သန်းသန်းစိုး**




မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဒေါ်မိမိငယ်၊ (သား) မောင်ထက်ဘုန်းလျှံ၊ မထူးရတနာလျှံ၊ မအိရွှေစင်လျှံမိသားစုက ရဲမှူးကြီး ဝင်းမြင့်အောင်အားရည်စူး၍ ဆေးပဒေသာပင်ငွေကျပ် ၁၀၀၀၀၀၀ သိန်း လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအဖွဲ့ဝင် ဦးဝင်းမြင့်က လက်ခံရယူစဉ်။

# ချောင်းဦးမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၅၄၀၀ စိုက်ပျိုးမည်




**ချောင်းဦး အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၅၄၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၅၄၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလတတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ချောင်းဦးမြို့နယ် ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်းဧက ၁၅၄၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုမို တိုးတက်လာပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

# ပုသိမ်ကြီးမြို့နယ် ရုံးသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**ပုသိမ်ကြီး အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မှန်ပင်ကျေးရွာအုပ်စု ရုံးသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၆၀ ဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိမရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရုံးသာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် ၂၁၄ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၈၃ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၁၁ သိန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၅၂ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၅၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၆၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# ညောင်တုန်းမြို့နယ်တွင် ဒေသထွက် ပီလောပီနံ့ဥများ အရောင်းအဝယ်ကောင်းမွန်နေ

**ညောင်တုန်း အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ဒေသထွက်ပီလောပီနံ့ဥများ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူသူဝင်းက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်တွင် ယခုနှစ် အောက်တိုဘာလ ပထမပတ်မှစတင်ပြီး ယနေ့ထိ ဒေသထွက်ပီလောပီနံ့ဥများ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင်ပီလောပီနံ့ဥများ ပေါ်နေချိန်ဖြစ်ပြီး ပီလောပီနံ့ဥ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပီလောပီနံ့ဥတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိတောင်သူတွေ စိုက်ထားတဲ့ ပီလောပီနံ့ဥတွေ စတင်ပေါ်နေတဲ့အချိန် ဖြစ်ပါတယ်။ အခုလိုပီလောပီနံ့ဥတွေ အရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေ ဈေးရသလို လယ်ယာလုပ်သားတွေလဲ အဆင်ပြေလာတာတွေ့ရပါတယ်။ ပီလောပီနံ့ဥတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်တွေ ကောင်းနေတာပါ"ဟု ညောင်တုန်းမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူသူဝင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ပီလောပီနံ့ဥအပါအဝင် အခြားရာသီပေါ်သီးနှံများကို စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါပီလောပီနံ့ဥကို တောင်သူတစ်ဦးလျှင် တစ်ဧကမှငါးဧက စသည်ဖြင့် စိုက်ပျိုးကြပြီး ပီလောပီနံ့ဥတစ်ဧကလျှင် စိုက်ပျိုးစရိတ်ငွေကျပ် ၃၇၀၀၀၀ ထိ ကုန်ကျပြီး အကျိုးအမြတ်အနေဖြင့် အပျက်အစီး အလေအလွင့်မရှိပါက ငွေကျပ် ၉၀၀၀၀၀ ထိ ရရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဘင်္ဂလားသွားစာတမ်း(၃)

ဗိုလ်ရှိတ်(ရတနာပူရ)

**ဘုရင်ခံချုပ်နှင့်တွေ့ခြင်း**

ဦးရွှဲခေါင်းဆောင်သော မြန်မာသံအဖွဲ့သည် ဘာနေ၏ ညစ်ပတ်မှုကြောင့် ဘုရင်ခံချုပ်နှင့်မတွေ့ရဘဲ အချိန်များကြန့်ကြာခဲ့သည်။ ဘုရင်ခံချုပ်နှင့်တွေ့ရနိုးနိုး စောင့်စားလိုက်၊ ဘုရင်ခံချုပ်ရှိရာ လိုက်လိုက်ဖြင့် အချိန်များစွာကုန်စေခဲ့သည်။ နောက်ဆုံး ဘုရင်ခံချုပ်ကို အာဂရမြို့တွင် တွေ့ဆုံခဲ့ရသည်။ ဦးရွှဲတို့အဖွဲ့သည် အာဂရမြို့သို့ ၁၁၉၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် သောကြာနေ့( ၁၈၃၂ ခုနှစ် နိုဝင်ဘာ ၁၆ ရက်)တွင်ရောက်သည်။ အာဂရမြို့ တောင်ဘက် စစ်တလင်းကွင်းပြင်တွင် ဦးရွှဲတို့အဖွဲ့သည် တဲဆောက်လုပ်၍နေကြရသည်။ မြန်မာသံအဖွဲ့၏တဲရှေ့တွင် ၁၅ တောင်အမြင့်ရှိ ဒေါင်းရုပ်အလံကို စိုက်ထူထားသည်။

ဘုရင်ခံချုပ် (Lord William Bentinck) သည် တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်နေ့ (၁၈၃၂ ခုနှစ် နိုဝင်ဘာ ၁၈ ရက်)မှ တပ်အခင်းအကျင်းနှင့် ရောက်လာပြီး စစ်တလင်းအရှေ့မြောက်ဘက်တွင် တဲပေါင်း ၁၀၀ ကျော်ထိုး၍နေသည်။ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်နေ့ (၁၈၃၂ ခုနှစ် နိုဝင်ဘာ ၂၂ ရက်) ညတွင် ကပ္ပိတံသီရိရာဇနေ်ာရထာက မနက်ဖြန် ဘုရင်ခံချုပ်နှင့် တွေ့ရမည်ဟုဆိုကာ လက်ဆောင်တော်များ လာတောင်းသဖြင့် စာရင်းနှင့် ရေတွက်၍ပေးလိုက်သည်။ ရာဇသံစာကို ကိုယ်တိုင်တွေ့မှ ပေးမည်ဟုဆိုကာ ချန်ထားလိုက်သည်။

ဘုရင်ခံချုပ်နှင့် ၁၁၉၄ ခုနှစ် နတ်တော်လဆန်း ၁ ရက် သောကြာနေ့(၁၈၃၂ ခုနှစ် နိုဝင်ဘာ ၂၃ ရက်)တွင် တွေ့ခွင့်ရသည်။ ထိုနေ့ ၁၀ နာရီအချိန်တွင် မြန်မာသံအဖွဲ့သည် ဘုရင်ခံချုပ်ရှိရာတဲသို့ ဆင်၊ မြင်းစီး၍သွားသည်။ စိန္တကျော်သူဦးရွှဲနှင့် စာရေးတော်ကြီး မင်းလှနန္ဒကျော်ထင်တို့သည် ဗောင်း၊ ဝတ်လုံဝတ်ဆင်ပြီး ရွှေကြိုး၊ ရွှေက ဆင်ထားသော မြင်းများကိုစီး၍သွားသည်။ စိန္တကျော်သူ ဦးရွှဲ၏သားနေမျိုးဇေယရွှေတောင်သည် အမိန့်ရာဇသံတော်ကို ကောင်းမွန်စွာကိုင်၍ ရွှေကကြိုးတန်ဆာစုံဆင်ထားသည့် ဆင်ကိုစီး၍သွားသည်။ ရွှေပြည်သေနတ်အမှုထမ်း ၂၀ နှင့် အဆောင်ကိုင်အမှုထမ်းတို့မှာ သေနတ်၊ ဓား၊ လှံစွဲကိုင်၍လိုက်ရသည်။ စာရေး၊ စကားပြန်၊ ပန်းချီ၊ ဆေးသမားလူကြီးတို့နှင့် ကွမ်းကိုင်၊ ရေကိုင်လူငယ် ၃၀ ကျော်က နောက်က လိုက်ရသည်။

မြန်မာသံအဖွဲ့သည် ထိုကဲ့သို့ ဆင်၊ မြင်း အခင်းအကျင်းများဖြင့် ဘုရင်ခံချုပ်ရှိရာ တဲသို့သွားသော်လည်း ဘုရင်ခံချုပ်၏တဲရှေ့တွင်ရှိသော စစပါရီတပ်ဦးသို့ရောက်လျှင် မြန်မာသံအဖွဲ့သည် မြင်း၊ ဆင်ပေါ်မှဆင်းရပြီး နောက်လိုက်လက်နက်ကိုင်အမှုထမ်းများကိုထားခဲ့ရကာ ကွမ်းကိုင်၊ ရေကိုင်လူကြီးများနှင့်သာ ဘုရင်ခံချုပ်ရှိရာတဲသို့ သွားရသည်။ တဲသို့ရောက်သောအခါလည်း ရာဇသံကိုင်ဆောင်သူနှင့် ဦးရွှဲ၊ မင်းလှနန္ဒကျော်ထင်တို့သာ ဝင်ခွင့်ရသည်။ တဲအတွင်း၌ အမြင့်သုံးတောင်ခန့်ရှိသောစားပွဲတွင် မြန်မာဘုရင်၏လက်ဆောင်များကို တင်ထားသည်။ အမိန့်ရာဇသံကို လက်ဆောင်များအလယ်တွင်ထားသည်။ ဦးရွှဲတို့သံတော်နှစ်ဦးက စားပွဲကြီး၏တောင်ဘက်တွင်ထိုင်သည်။ ဘုရင်ခံချုပ်ထွက်လာသောအခါတွင် ဘုရင်ခံချုပ်သည် စားပွဲ၏မြောက်ဘက်တွင်ထိုင်သည်။ ဦးရွှဲတို့ မြန်မာသံအဖွဲ့နှင့် မျက်နှာချင်းဆိုင်ဖြစ်သည်။ မြန်မာသံအဖွဲ့တွင်ပါရှိသည့် ဘကြီးတော်စစ်ကိုင်းမင်း၏အမိန့်ရာဇသံစာကို ကပ္ပိတံသီရိရာဇနေ်ာရထာက ဘာသာပြန်ဖတ်လျှောက်ရသည်။

မြန်မာသံအဖွဲ့နှင့် ဘုရင်ခံချုပ်တွေ့ဆုံပွဲသည် ဘာမျှအရာရောက်ခဲ့ခြင်းမရှိပေ။ ဘုရင်ခံချုပ်နှင့် မျက်နှာချင်းဆိုင် တွေ့ဖူးရုံသာဟုဆိုရပါမည်။ နိုင်ငံ့အရေးနှင့်သက်ဆိုင်သော တိုင်းရေးပြည်ရေးစကားများကို ပြောခွင့်မရခဲ့ပေ။ ဘုရင်ခံချုပ်က တိုင်းရေးပြည်ရေးစကားများကို ကာလကတ္တားရောက်မှ ပြောဆိုမည်ဟုဆိုသောကြောင့် မြန်မာသံအဖွဲ့သည် ကာလကတ္တားသို့ပြန်ခဲ့ရသည်။

**❖ မြန်မာသံအဖွဲ့သည် ဘင်္ဂလားသို့လာရခြင်း၏ရည်ရွယ်ချက်မှာ လေးချက်ရှိပါသည်။ ကဘော်တောင်ကြားဒေသ၊ မုတ္တမနယ်မြေ၊ တနင်္သာရီနှင့် ရခိုင်ဒေသများ ပြန်လည်ရရှိရေး၊ ရန္တပိုစာချုပ် သတ္တမအချက်အရ အပြန်အလှန်သံကိုယ်စားလှယ်ထားရှိရေး စသည့်အချက်တို့ကို ဖျက်သိမ်းဆွေးနွေးရန်လာခဲ့ကြခြင်းဖြစ်သည်။ သို့သော် အမှန်တကယ် ဘုရင်ခံချုပ်နှင့်တွေ့စဉ် ထိုအကြောင်းအရာများကို လုံးဝဆွေးနွေးခွင့်မရခဲ့ပေ။ ကပ္ပိတံသီရိရာဇနော်ရထာက မြန်မာသံအဖွဲ့ကို ဘုရင်ခံချုပ်နှင့်တွေ့သည့်အခါ မြန်မာသံအဖွဲ့များ မျှော်လင့်ထားသကဲ့သို့ တိုင်းရေးပြည်ရာများကို ဆွေးနွေးမည်မဟုတ်ကြောင်း ကြိုတင်ပြောကြားခဲ့ပါသည်။ ❖**

**လက်စားချေခြင်းပေလော**

မြန်မာသံအဖွဲ့တို့ ဘုရင်ခံချုပ်နှင့်တွေ့ဆုံပွဲ၌ ဆင်၊ မြင်းများထားခဲ့ရခြင်း၊ ထီး၊ ဓား လက်နက်ကိုင်များထားခဲ့ရခြင်း၊ ဖိနပ်ချွတ်ရခြင်း စသည်တို့လိုက်နာခဲ့ရပါသည်။ မြန်မာပြည်သို့ရောက်ရှိလာသည့် အင်္ဂလိပ်သံအဖွဲ့များ ဘုရင့်ရှေ့တော်သို့ဝင်ရာတွင် ဖိနပ်ချွတ်ရခြင်း၊ နန်းတော်သို့ဦးတိုက်ရခြင်း စသည့်နန်းဓလေ့များ လိုက်နာခဲ့ရသည်။ အင်္ဂလိပ်တို့သည် ထိုကိစ္စများကို အငြိုးအတေးထားကာ ဘုရင်ခံချုပ်နှင့်တွေ့ရန်လာသော မြန်မာသံအဖွဲ့ကို အောက်ပါစည်းကမ်းချက်များ သတ်မှတ်ပေးခဲ့သည်။

၁။ မြန်မာသံတော်များသည် အစောင့်စစ်သားများတစ်ဦးသို့အရောက်တွင် ဆင်၊ မြင်းပေါ်ကဆင်း၍ ထီး၊ ဓားလက်စွဲ၊ လက်နက်ကိုင်နောက်လိုက်နောက်ပါများနှင့် အဆောင်အရွက်များကို ထားခဲ့ကာ ဘုရင်ခံချုပ်ရှိရာတဲသို့ လျှောက်သွားရမည်။

၂။ မြန်မာသံတော်များ ဆောင်ယူလာသော ရာဇသံစာကို ကိုယ်ရံတော်တပ်က အလေးပြုမည်။ (အလေးပြုသည်မှာ သံတော်များကို မဟုတ်ပေ။)

၃။ ဘုရင်ခံချုပ်ရှိရာ တဲအဝသို့ရောက်သောအခါ မြန်မာသံတော်များသည် ဖိနပ်ချွတ်လျက် နောက်ပါစကားပြန်နှင့်စာရေးတော်ကြီးကိုသာ ခေါ်ဆောင်၍ အတွင်းသို့ဝင်ရမည်။

၄။ မြန်မာသံတော်များကို အတွင်းဝန် သို့မဟုတ် ကိုယ်ရံတော်ဗိုလ်မှူးတစ်ဦးက ခရီးဦးကြိုပြု၍ နေရာချထားပေးမည်။

၅။ ဘုရင်ခံချုပ်ထွက်ကြွလာလျှင် မြန်မာသံတော်များသည် နေရာမှရပ်၍ အရိုအသေပြုရမည်။ ထိုင်ရန်အခွင့်ပေးသည်ထိ နေရာတွင် ရပ်နေရမည်။

၆။ ညှိခန်းဆောင်မှ ဘုရင်ခံချုပ်ထွက်ကြွသွားသောအခါ မြန်မာသံတော်များလာခဲ့သည့် အစီအစဉ်အတိုင်း ပြန်လည်ထွက်ခွာမည်။

အထက်ပါအချက်များကိုကြည့်ပါက အင်္ဂလိပ်တို့သည် မြန်မာသံအဖွဲ့ကို လက်စားချေလိုက်ခြင်းသဘောပင်ဖြစ်ကြောင်း ထင်ရှားပါသည်။

**စိန္တကျော်သူဦးရွှဲ၏ရဲရင့်မှု**

မြန်မာသံအဖွဲ့သည် ဘင်္ဂလားသို့လာရခြင်း၏ ရည်ရွယ်ချက်မှာ လေးချက်ရှိပါသည်။ ကဘော်တောင်ကြားဒေသ၊ မုတ္တမနယ်မြေ၊ တနင်္သာရီနှင့် ရခိုင်ဒေသများ ပြန်လည်ရရှိရေး၊ ရန္တပိုစာချုပ် သတ္တမအချက်အရ အပြန်အလှန်သံကိုယ်စားလှယ်ထားရှိရေး စသည့်အချက်တို့ကို ဖျက်သိမ်းဆွေးနွေးရန်လာခဲ့ကြခြင်းဖြစ်သည်။ သို့သော် အမှန်တကယ် ဘုရင်ခံချုပ်နှင့်တွေ့စဉ် ထိုအကြောင်းအရာများကို လုံးဝဆွေးနွေးခွင့်မရခဲ့ပေ။ ကပ္ပိတံသီရိရာဇနေ်ာရထာက မြန်မာသံအဖွဲ့ကို ဘုရင်ခံချုပ်နှင့်တွေ့သည့်အခါ မြန်မာသံအဖွဲ့များ မျှော်လင့်ထားသကဲ့သို့ တိုင်းရေးပြည်ရာများကို ဆွေးနွေးမည်မဟုတ်ကြောင်း ကြိုတင်ပြောကြားခဲ့ပါသည်။ စိန္တကျော်သူဦးရွှဲသည် ကပ္ပိတံသီရိရာဇနေ်ာရထာက ထိုကဲ့သို့ ကြိုပြောထားသော်လည်း မိမိဆွေးနွေးလိုသည့်ပြဿနာလေးရပ်ကို ကြိုတင်ရေးသားထားကာ ဘုရင်ခံချုပ်နှင့် တွေ့သောအခါ ရဲရင့်စွာပင် ထိုစာကိုပေးအပ်ခဲ့သည်။ စိန္တကျော်သူဦးရွှဲ၏ မမျှော်လင့်ထားသော လုပ်ရပ်ပင်ဖြစ်သည်။ သို့သော် ထိုစာကိုနှစ်ရက်အကြာတွင် အတွင်းဝန် မက်နေ်ာတင် (W.H.Macnaughten) က မြန်မာသံအဖွဲ့ကို ပြန်ပေးခဲ့သည်။ ဤကဲ့သို့သော စာမျိုးကို ဘုရင်ခံချုပ်သို့ တိုက်ရိုက်ပေး၍မရကြောင်း အတွင်းဝန်များနှင့်သာ ဆက်ဆံရမည်ဖြစ်ကြောင်း ရှင်းပြသည်။

မက်နေ်ာတင်က ထိုသို့ရှင်းပြသည့်အခါ စိန္တကျော်သူဦးရွှဲသည် ပြန်လှန်ချက်ချင်းတုံ့ပြန်စကားဆိုသည်။ အတွင်းဝန်များနှင့်သာ ဆက်ဆံရမည်ဆိုလျှင် ကာလကတ္တား၌ရှိစဉ်က ဝန်ကြီးဇော်စွိန္တုံ(George Swinton) သည် ဤပြဿနာကိုဖြေရှင်းရန် သူ့တွင် အာဏာမရှိကြောင်း၊ ဘုရင်ခံချုပ်သာ စွမ်းဆောင်နိုင်ကြောင်း ပြောရသနည်းဟု စိန္တကျော်သူဦးရွှဲက မေးသည်။ ထိုတွင် စိန္တကျော်သူဦးရွှဲသည် မိမိတို့ဆွေးနွေးသည့်စာကို လက်ခံမဆွေးနွေးလျှင် အမိန့်တော်နှင့် ရာဇသံစာနှင့် လက်ဆောင်များကို ပြန်တောင်းသည်။ ထိုအခါ မက်နေ်ာတင်က အကျယ်အပွားမဖြစ်စေရန် စာကိုပြန်၍ လက်ခံခဲ့သည်။ ပြဿနာလေးရပ်ကို ကာလကတ္တားရောက်မှဆွေးနွေးမည်ဟုဆိုသောကြောင့် မြန်မာသံအဖွဲ့သည် ၁၁၉၄ ခုနှစ် နတ်တော်လဆန်း ၆ ရက် ဗုဒ္ဓဟူးနေ့ (၁၈၃၂ ခုနှစ် နိုဝင်ဘာ ၂၈ ရက်)တွင် အာဂရမြို့မှ ကာလကတ္တားသို့ ထွက်သွားခဲ့သည်။ ၁၈၈၃ ခုနှစ် မတ် ၆ ရက်တွင် ကာလကတ္တားပြန်ရောက်သည်။

အထက်တွင် ဖော်ပြခဲ့သောအချက်အလက်များကိုကြည့်လျှင် စိန္တကျော်သူဦးရွှဲသည် အရှင်သခင်က ခိုင်းသည့်အမိန့်ကို တာဝန်ကျေအောင်ထမ်းဆောင်လိုစိတ်ရှိကြောင်း တွေ့မြင်နိုင်သည်။ စိန္တကျော်သူဦးရွှဲ၏ ကြိုတင်စဉ်းစားမှု၊ ဖျတ်လတ်မှု၊ စကားကိုလိုရင်းရောက်အောင် ပြောတတ်မှု၊ အလုပ်အကိုင် ရဲရင့်မှုတို့ကို ထင်ရှားစွာတွေ့မြင်ရပါသည်။

**ရည်ရွယ်ချက်လေးချက် အောင်မြင်ခဲ့သလော**

မြန်မာသံအဖွဲ့သည် အာဂရမြို့မှ ကာလကတ္တားသို့ ပြန်လာစဉ်အတွင်း ဘုရင်ခံချုပ်သည် ကာလကတ္တားသို့အရင်ရောက်ရှိနေပါသည်။ ကာလကတ္တားသို့ရောက်ရှိသောအခါ ဘုရင်ခံချုပ်သည် ကဘော်တောင်ကြားဒေသကို ဘာနေ၊ တနင်္သာရီတိုင်းဝန်ရှင်တော်မင်းကြီး၊ မဏိပူရရှိ ဗြိတိသျှဝန်ရှင်တော်မင်းကြီးတို့ကို ကာလကတ္တားသို့ ခေါ်ယူဆွေးနွေးခဲ့သည်။ ထိုသို့မျက်နှာစုံညီစည်းဝေးပြီး ကဘော်တောင်ကြားဒေသကို မြန်မာတို့ကို ပြန်ပေးရန် သဘောတူဆုံးဖြတ်ကြသည်။ သံလွင်တစ်ဖက်ကမ်းရှိ မုတ္တမနယ်ပြန်ပေးရေး၊ တနင်္သာရီ၊ ရခိုင်ဒေသပြန်ပေးရေး၊ သံကိုယ်စားလှယ်ထားမှု ဖျက်သိမ်းရေးတို့ကို ရန္တပိုစာချုပ်တွင် နှစ်ဦးနှစ်ဖက် သဘောတူလက်ခံထားသဖြင့် ထပ်မံစဉ်းစားဆုံးဖြတ်ရန် အကြောင်းမရှိဟုဆိုကာ ပယ်ချလိုက်သည်။ ထိုသို့မြန်မာအရေးပြဿနာလေးရပ်ကို ဆုံးဖြတ်ချက်ချပြီးမှ မြန်မာသံအဖွဲ့သည် ကာလကတ္တားသို့ ဆိုက်ရောက်ကြခြင်းဖြစ်သည်။ မြန်မာသံအဖွဲ့သည် ၁၈၃၃ ခုနှစ် မတ် ၁၆ ရက်တွင် ထိုဆုံးဖြတ်ချက်ကို ကြားသိရခြင်းဖြစ်သည်။ ထိုသို့ကြားသိရခြင်းမှာလည်း ဘုရင်ခံချုပ်နှင့်တွေ့ဆုံ၍ ကြားသိရခြင်းမဟုတ်ပေ။ ဘုရင်ခံချုပ်၏ ပြန်ကြားလွှာကို မက်နေ်ာတင်ထံမှ ကြားသိရခြင်းဖြစ်သည်။ ဘုရင်ခံချုပ်နှင့် ကာလကတ္တားတွင် မြန်မာအရေးဆွေးနွေးမည်ဟု အာဂရမြို့၌ရှိစဉ်က ဆိုခဲ့ကြသော်လည်း အမှန်တကယ်မတွေ့ခဲ့ရချေ။ မြန်မာသံအဖွဲ့၏လာရင်း ရည်ရွယ်ချက်လေးရပ်ကိုပြန်လည်ကြည့်ပါက ကဘော်တောင်ကြားဒေသပြန်ရရေးသာ အောင်မြင်ခဲ့ပြီး ကျန်သုံးချက်မှာလုံးဝအောင်မြင်မှုမရှိခဲ့ပေ။

**အပြန်ခရီး**

မြန်မာသံအဖွဲ့သည် ကာလကတ္တားမြို့၌ ဘုရင်ခံချုပ်နှင့် ထပ်မံမတွေ့ရဘဲ ပြန်ကြားလွှာဖြင့်သာ မြန်မာ့အရေးဆုံးဖြတ်ချက်ကို သိခဲ့ရပါသည်။ မြန်မာသံအဖွဲ့သည် ကာလကတ္တား၌ သုံးလမျှနေထိုင်ခဲ့ရသည်။ သုံးလကြာမျှနေထိုင်ပြီးမှ မြန်မာပြည်သို့ပြန်ခဲ့ရခြင်းဖြစ်သည်။ အပြန်ခရီးတွင် မြန်မာသံအဖွဲ့သည် ကာလကတ္တား Asiatic Society ဝင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ပင့်ဆောင်သွားလိုကြောင်း ဘုရင်ခံချုပ်ထံခွင့်တောင်းရာ ဘုရင်ခံချုပ်က ခွင့်ပြုသဖြင့် ဗုဒ္ဓရုပ်ပွားတော်ကို ပင့်ဆောင်ခဲ့သည်။

စာမျက်နှာ ၅ သို့ á

## ၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့်စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၂၃၇၃ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၂၃၇၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၁၅၂ ဧက၊ မြင်းမူမြို့နယ်တွင် ဧက ၄၅၀၊ မြောင်မြို့နယ်တွင် ၇၇၁ ဧက စုစုပေါင်း ၂၃၇၃ ဧကဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စစ်ကိုင်းခရိုင်အတွင်း ငရုတ်ဧက ၂၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ငရုတ် စိုက်ပျိုးမှုတွေကတော့ အခြေအနေကောင်းမွန်ပါတယ်။ ငရုတ်သီးနှံကို စီးပွားဖြစ်စိုက်ပျိုးကြဖို့ အတွက်လဲ ဆောင်ရွက်ပေးသွားမယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် ငရုတ်စိုက်ပျိုးမည့်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ငရုတ်သီးနှံအထွက်နှုန်းကောင်းမွန်ရေး၊ ဈေးကွက်ရရှိရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ငရုတ်သီးနှံကို စတင်စိုက်ပျိုးချိန်မှ အသီးသီးချိန်ထိ ကုန်ကျစရိတ်အနေဖြင့် ကိုယ်ပိုင်ယာမြေဆိုလျှင် ငွေကျပ် ၁၅ သိန်း၊ မြေငှားစိုက်ပျိုးလျှင် ငွေကျပ် ၂၅ သိန်းခန့်ကုန်ကျကြောင်း၊ ငရုတ်သီးနှံသည် ၁၅ ရက်တစ်ကြိမ် ခူးဆွတ်ရပြီး ခြောက်လထိ ခူးဆွတ်၍ရကြောင်း၊ အထွက်နှုန်းမှာ တစ်ဧကလျှင် စတင်ခူးဆွတ်ချိန်၌ ပိဿာ ၁၀၀ ခန့်ထွက်ရှိပြီး နောက်အပတ်များတွင် ပိဿာ ၄၀၀ နှင့် ၅၀၀ ကြား ထွက်ရှိကြောင်း သိရသည်။

ငရုတ်သီးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ငရုတ်သီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

á စာမျက်နှာ ၄ မှအဆက်

ထိုရုပ်ပွားတော်သည် ဆရာတော်နန္ဒရုံတို့ မဟာဗောဓိမှ ပင့်ဆောင်လာသည့် သကျမုနိရုပ်ပွားတော်ဖြစ်သည်။ ရုပ်ပွားတော်ပင့်ဆောင်ခွင့်ရသဖြင့် မြန်မာသံအဖွဲ့သည် အလွန်ဝမ်းမြောက်ဝမ်းသာရှိကြသည်။ ရုပ်ပွားတော်ကို အခငွေဒင်္ဂါး ၂၀၀ ပေး၍ အင်္ဂလိပ်ဗိသုကာပညာရှင်များကို ပြင်ခိုင်းသည်။ ထိုသို့ပြင်ဆင်ခိုင်းပြီး မြန်မာသံအဖွဲ့သည် သကျမုနိရုပ်ပွားတော်ပင့်ဆောင်၍ပြန်လာကြသည်။ သကျမုနိရုပ်ပွားတော်အပြင် မဟာဗောဓိပင်ပျိုတစ်ပင်ကိုပါ သယ်ဆောင်ခဲ့ကြသည်။

အိန္ဒိယဘုရင်ခံချုပ်ကလည်း မြန်မာဘုရင်နှင့် မိဖုရားကိုဆက်သရန် ရာဇသံစာနှင့် ရီး၏အင်ဆိုင်ကလိုပေဒီယား ၄၅ အုပ်၊ သပြေရောင်ကတ္တီပါ နှစ်ခု၊ ကတ္တီပါနီ နှစ်ခု၊ အပြာ တစ်ခု၊ အစိမ်း တစ်ခု၊ ရွှေချည်ထိုးအထည် နှစ်လိပ်၊ ရွှေပွင့်ထိုးအထည်နှစ်လိပ်၊ ပဝါ ၁၂ ထည်၊ မှန်ကြီး တစ်ချပ်၊ အင်္ဂလိပ်ကော်ဇောကြီး နှစ်ထည်၊ ရွှေရည်သုတ်ကုလားထိုင် တစ်ခုတို့ကို ပေးလိုက်သည်။

မြန်မာသံအဖွဲ့သည် သကျမုနိရုပ်ပွားတော်၊ ဗောဓိပင်၊ ဘုရင်ခံချုပ်၏ ရာဇသံစာနှင့် လက်ဆောင်တော်များကို ပင့်ဆောင်ကာ စွာလောခေါ် သင်္ဘောနှင့် ၁၁၉၅ ခုနှစ် ဝါဆိုလဆန်း ၁၁ ရက်နေ့ (၁၈၃၃ ခုနှစ် ဇွန် ၂၇ ရက်)တွင် မြန်မာပြည်သို့ပြန်ခဲ့ရာ ဝါဆိုလပြည့်ကျော် ၁၁ ရက် (၁၈၃၃ ခုနှစ် ဇူလိုင် ၁၂ ရက်)တွင် ရန်ကုန်မြို့သို့ ဆိုက်ရောက်ခဲ့သည်။ သီတင်းကျွတ်လဆန်း ၈ ရက် (၁၈၃၃ ခုနှစ် စက်တင်ဘာ ၂၁ ရက်)တွင် အင်းဝမြို့တော်သို့ ဆိုက်ရောက်သည်။

ဘင်္ဂလားသွား မြန်မာသံအဖွဲ့သည် အိန္ဒိယဘုရင်ခံချုပ်နှင့် ပြဿနာလေးရပ်ကို ဆွေးနွေးတိုင်ပင်ရန် ဘင်္ဂလားသို့သွားရာ ၁၁၉၂ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၈ ရက် စနေနေ့(၁၈၃၀ ပြည့်နှစ် အောက်တိုဘာ ၉ ရက်) အင်းဝဆင်ကျုံးဆိပ်ကမ်းက စတင်ထွက်ခွာသည်မှ ၁၁၉၅ ခုနှစ် သီတင်းကျွတ်လဆန်း ၈ ရက် (၁၈၃၃ ခုနှစ် စက်တင်ဘာ ၂၁ ရက်) အင်းဝမြို့သို့ ပြန်ရောက်သည်ထိ နှစ်နှစ် ၁၁ လနှင့် ၁၂ ရက်မျှ ကြာမြင့်ခဲ့ပါသည်။

## ယဉ်ကျေးမှုအမွေ ထိန်းကြစို့လေ

\- အဆိုအကရယ်နဲ့
အရေးကလည်း ကျစ်လျစ်စွာ၊
တီးသံသာ နားဝင်ငြိမ့်လို့
ရင်သိမ့်ခုန်လာ၊
ယဉ်ကျေးမှု မြန်မာ့ရိုးရာ
နှစ်စဉ်မှာ ယှဉ်ပြိုင်ကြ၊
လူငယ်တွေ အနုပညာချစ်
အနှစ်သာရ။

\- မြတ်နိုးဖွယ် မဟာဂီတ
တေးအစ ထံတျာ၊
ကာလပေါ်ခေတ်ဟောင်းသီချင်း
မူရင်းသေချာ၊
စည်းဝါးကျန အသံသာ
ဟန်ပါပါ သီဆိုမှု၊
ကြားရသူ နားအာဟာရ
ရသတွေစု။

\- အကမှာ ခေါင်းခါးခြေလက်
သွက်လက်လို့ မာန်ပါပါ
ကခုန်ကြတာ၊
အတီးက ပိုင်နိုင်စွာ
ကူညီကာ ဖြည့်ဆည်းကြ၊
အားလုံးညီ စုကာပေါင်းတယ်
ငြိမ့်ညောင်းလှပ။

\- လူငယ်တွေ မျိုးဆက်သစ်
ထိန်းသိမ်းရစ် သည်အမွေ
မြတ်နိုးကြစေ၊
လက်ဆင့်ကမ်း ပေးဝေနေ
နှစ်ကြာရှည် မကွယ်ပျောက်ရေး၊
အမျိုးဂုဏ် ဇာတိဂုဏ်နှင့်
ပြည့်စုံအောင် ဂုဏ်ရှိန်တင့်တယ်
ဂုဏ်မြင့်ပြီလေး။ ။

မန္တလာကိုကိုဝင်း

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# တရုတ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့ ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်မည်

**ပေကျင်း အောက်တိုဘာ ၈**

တရုတ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် ယခုလအတွင်း နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ခုပြုလုပ်ရန် စီစဉ်ထားကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို မလေးရှားနိုင်ငံတွင်းနှင့် နိုင်ငံပတ်ဝန်းကျင်ရှိ ရေပြင်များ၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

တရုတ်နှင့် မလေးရှား နှစ်နိုင်ငံ ပူးတွဲ စစ်ရေးလေ့ကျင့်မှုကို အောက်တိုဘာ ၁၅ ရက်မှ ၂၃ ရက်ထိ ပြုလုပ်မည်ဖြစ်ပြီး သဘာဝကပ်ဘေးလျော့ပါးသက်သာရေးနှင့် ပင်လယ်ဓားပြ နှိမ်နင်းရေးတို့ကို အဓိက လေ့ကျင့်မည်ဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားသည်။

အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် တရုတ်နှင့် မလေးရှား နှစ်နိုင်ငံတပ်ဖွဲ့ဝင် ဦးရေ ၁၀၀၀ ကျော် ပါဝင်ကြမည်ဖြစ်သည်။

တောင်တရုတ်ပင်လယ်ဒေသ ပိုင်ဆိုင်ခွင့်အငြင်းပွားမှုပြဿနာများရှိနေသော်လည်း တရုတ်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် ကြိုးစားလျက်ရှိသည်။

တရုတ်နိုင်ငံသည် အရေးကြီးသော ကုန်သွယ်ရေးလမ်းကြောင်းများတည်ရှိရာ တောင်တရုတ်ပင်လယ်ဒေသတစ်ခုလုံးနီးပါးကို ပိုင်ဆိုင်ခွင့်တောင်းဆိုထားပြီး ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံကဲ့သို့သော အရှေ့တောင်အာရှနိုင်ငံများကလည်း တောင်တရုတ်ပင်လယ်ဒေသကို တစ်စိတ်တစ်ပိုင်းပိုင်ဆိုင်ခွင့်ရရှိရန် အပြိုင်တောင်းဆိုထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# အသက် ၁၅ နှစ်အောက်ကလေးငယ်များ လူမှုကွန်ရက်သုံးစွဲမှုကိုပိတ်ပင်ရန် ဒိန်းမတ်နိုင်ငံ စီစဉ်

**ကိုပင်ဟေဂင် အောက်တိုဘာ ၈**

အသက် ၁၅ နှစ်အောက် ကလေးငယ်များ လူမှုကွန်ရက်စာမျက်နှာများသုံးစွဲခွင့်ကို ပိတ်ပင်ရန် ဒိန်းမတ်နိုင်ငံက စီစဉ်ထားကြောင်း ဝန်ကြီးချုပ် မက်တီဖရက်ဒရစ်ဆန်က နိုဝင်ဘာ ၇ ရက်က ကြေညာလိုက်ကြောင်း သိရသည်။

အသက် ၁၅ နှစ်အောက် ကလေးငယ်များ လူမှုကွန်ရက်အသုံးပြုခွင့် ပိတ်ပင်ရေးစည်းမျဉ်း ကျင့်သုံးမည့် အစီအစဉ်ကို ဆောင်းဦးရာသီ လွှတ်တော်ဆွေးနွေးပွဲ ဖွင့်ပွဲမိန့်ခွန်း၌ ဒိန်းမတ်ဝန်ကြီးချုပ်က ကြေညာခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် အဆိုပါအစီအစဉ်ကို မည်သည့်အချိန်တွင် စတင်မည်ကို ဒိန်းမတ်ဝန်ကြီးချုပ်က ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။

ဒိန်းမတ်အစိုးရက ရေးဆွဲထားသည့် ကလေးငယ်များ လူမှုကွန်ရက်သုံးစွဲမှု ဥပဒေကြမ်းတွင် ကလေးများ အသက် ၁၃ နှစ်ရောက်ချိန် လူမှုကွန်ရက်သုံးစွဲခွင့် ပေးသင့်မပေးသင့်ကို မိဘများက ဆုံးဖြတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ဒိန်းမတ်အစိုးရ၏ အသက် ၁၅ နှစ်အောက် ကလေးငယ်များ လူမှုကွန်ရက်များ သုံးစွဲမှုပိတ်ပင်ရေး စည်းမျဉ်း၌ မည်သည့်လူမှုကွန်ရက် ပလက်ဖောင်းများ အကျုံးဝင်မည်ကို မသိရသေးကြောင်း သိရသည်။

အသက် ၁၁ နှစ်နှင့် ၁၉ နှစ်ကြား ဒိန်းမတ်လူငယ် ၆၀ ရာခိုင်နှုန်းတို့မှာ သူငယ်ချင်းများနှင့် အချိန်ဖြုန်းမည့်အစား လူမှုကွန်ရက်များသုံးစွဲ၍ အိမ်တွင်းအောင်းနေကြကြောင်း ဒိန်းမတ်ဝန်ကြီးချုပ်က ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



# သမ္မတပူတင်က ရုရှားတပ်များအနေဖြင့် ယခုနှစ်အတွင်း ယူကရိန်းနယ်မြေ စတုရန်းကီလိုမီတာ ၅၀၀၀ ခန့် ထပ်မံထိန်းချုပ်နိုင်ခဲ့ကြောင်း ပြောကြား



**မော်စကို အောက်တိုဘာ ၈**

ယခုနှစ်အတွင်း ရုရှားတပ်များအနေဖြင့် ယူကရိန်းနယ်မြေများကို စတုရန်းကီလိုမီတာ ၅၀၀၀ ခန့် (စတုရန်းမိုင် ၁၉၃၀ မိုင်)ထိ ထပ်မံထိန်းချုပ်နိုင်ခဲ့ကြောင်း ရုရှားသမ္မတပူတင်က အောက်တိုဘာ ၇ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားစစ်ဘက် ထိပ်တန်းခေါင်းဆောင်များနှင့် မော်စကိုမြို့၌တွေ့ဆုံစဉ် သမ္မတပူတင်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုနှစ်အတွင်း ရုရှားတပ်များအနေဖြင့် ယူကရိန်းနယ်မြေ အကျယ်အဝန်း စတုရန်းကီလိုမီတာ ၅၀၀၀ ခန့်ကို ထိန်းချုပ်နိုင်ခဲ့ပြီး အရပ်မျက်နှာပေါင်းစုံ၌ စစ်ရေးအရ အသာစီးရယူနိုင်ခဲ့ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

ယခုနှစ်အတွင်း ရုရှားတပ်များ ထိန်းချုပ်နိုင်ခဲ့သော နယ်မြေအကျယ်အဝန်းသည် ယူကရိန်းတစ်နိုင်ငံလုံး အကျယ်အဝန်း၏ တစ် ရာခိုင်နှုန်းနီးပါးနှင့် ညီမျှကြောင်း သိရသည်။

ထို့ပြင် ယူကရိန်းအနေဖြင့် ရုရှားနိုင်ငံအတွင်းပိုင်းကို ထိုးဖောက်တိုက်ခိုက်ရန် ကြိုးစားနေသော်လည်း ယင်းသို့လုပ်ဆောင်မှုကြောင့် စစ်မြေပြင်အခြေအနေ ပြောင်းလဲသွားလိမ့်မည်မဟုတ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

သုံးနှစ်ခွဲကျော် ကြာမြင့်နေပြီဖြစ်သည့် ယူကရိန်းပဋိပက္ခအတွင်း ရုရှားတပ်များသည် ယူကရိန်းတစ်နိုင်ငံလုံး အကျယ်အဝန်း၏ ၂၀ ရာခိုင်နှုန်းနီးပါးကို ထိန်းချုပ်ထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# ဗြိတိန်ဝန်ကြီးချုပ် ကီရာစတမ်မာ အိန္ဒိယနိုင်ငံသို့ ရောက်ရှိ

**ဒေလီ အောက်တိုဘာ ၈**

ဗြိတိန်ဝန်ကြီးချုပ် ကီရာစတမ်မာသည် ယနေ့တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ပထမဆုံး တရားဝင်ခရီးစဉ်အဖြစ် ရောက်ရှိလာကြောင်း သိရသည်။

နှစ်ပေါင်းများစွာ ဆွေးနွေးညှိနှိုင်းရယူခဲ့ကြရသော နှစ်နိုင်ငံ လွတ်လပ်သည့် ကုန်သွယ်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး လအနည်းငယ်အကြာမှာပင် အိန္ဒိယနိုင်ငံသို့ဗြိတိန်ဝန်ကြီးချုပ် ကီရာစတမ်မာ ရောက်ရှိလာခြင်းဖြစ်သည်။



ယခုနှစ်ဇူလိုင်လအတွင်း အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာ မိုဒီသည် ဗြိတိန်နိုင်ငံသို့ သွားရောက်ခဲ့ရာ ၎င်းခရီးစဉ်အတွင်း ဗြိတိန်နှင့် အိန္ဒိယနိုင်ငံ တာဝန်ရှိသူများက နှစ်နိုင်ငံ လွတ်လပ်သည့် ကုန်သွယ်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ်၏ နှစ်ရက်ကြာခရီးစဉ်အတွင်း ဗြိတိန်နှင့် အိန္ဒိယ နှစ်နိုင်ငံ စီးပွားရေးဆက်ဆံမှုများကို မြှင့်တင်နိုင်ရန် ရည်ရွယ်ထားသည်။

ထို့ပြင် ဗြိတိန်ဝန်ကြီးချုပ်သည် အောက်တိုဘာ ၉ ရက်တွင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရန်ဒရာ မိုဒီနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

ဗြိတိန်ဝန်ကြီးချုပ် ကီရာစတမ်မာ၏ အိန္ဒိယခရီးစဉ်အတွင်း ဗြိတိန်ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်များအပါအဝင် ကိုယ်စားလှယ်အဖွဲ့ဝင် ၁၂၅ ဦး လိုက်ပါခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ခြောက်ထပ် အဆောက်အအုံပြိုကျမှုကြောင့် လူ လေးဦး သေဆုံး

**မက်ဒရစ် အောက်တိုဘာ ၈**

စပိန်နိုင်ငံ မက်ဒရစ်မြို့တော်၌ အောက်တိုဘာ ၇ ရက်က ခြောက်ထပ်အဆောက်အအုံတစ်လုံး ပြိုကျခဲ့ရာ လူ လေးဦး သေဆုံးခဲ့သည်။

ပြိုကျခဲ့သည့် အဆောက်အအုံသည် ဟိုတယ်တစ်လုံးအဖြစ် ပြန်လည်ပြုပြင်တည်ဆောက်နေသော အဆောက်အအုံဖြစ်ကြောင်း မက်ဒရစ်မြို့တော်ရဲတပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားသည်။

အဆောက်အအုံပြိုကျမှုကြောင့် သေဆုံးခဲ့သူလေးဦးမှာ ပြည်ပနိုင်ငံသား ဆောက်လုပ်ရေးအလုပ်သမားများဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ အဆိုအရ သိရသည်။

အဆောက်အအုံ ပြိုကျချိန်တွင် ပျောက်ဆုံးခဲ့ရသည့် အဆိုပါအလုပ်သမားလေးဦးတို့၏ ရုပ်အလောင်းများကို ကယ်ဆယ်ရေးသမားများက ယနေ့တွင် ပြန်လည်ထုတ်ယူနိုင်ခဲ့သည်။

အဆိုပါ ခြောက်ထပ် အဆောက်အအုံသည် ၁၉၆၅ ခုနှစ်တွင် တည်ဆောက်ထားသော အဆောက်အအုံဖြစ်ပြီး ဘေးကင်းလုံခြုံမှုစစ်ဆေးချက်ရလဒ်များအရ နေထိုင်ရန် မသင့်လျော်သည့် အဆောက်အအုံအဖြစ် သတ်မှတ်ခံထားရသည်။

လက်ရှိအချိန်တွင် အဆိုပါ အဆောက်အအုံပြိုကျမှု နောက်ခံအကြောင်းရင်းကို စပိန်နိုင်ငံမှ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## ဘလူးအော်ရီဂျင်ကုမ္ပဏီက NS.36 ပုဂ္ဂလိကအာကာသမစ်ရှင်၌ လိုက်ပါမည့်ခရီးသည်များ၏အမည်များကို ကြေညာ



**ဝါရှင်တန် အောက်တိုဘာ ၈**

အမေရိကန်နိုင်ငံ အခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် NS.36 ပုဂ္ဂလိကအာကာသ မစ်ရှင်၌ လိုက်ပါမည့်ခရီးသည်များ၏ အမည်များကို ကြေညာထားကြောင်း အောက်တိုဘာ ၇ ရက် သတင်းများအရ သိရသည်။

NS.36 ပုဂ္ဂလိကအာကာသ မစ်ရှင်ဖြင့်လိုက်ပါမည့် ပုဂ္ဂလိကအာကာသခရီးသည် ခြောက်ဦး အနက် ငါးဦး၏အမည်ကို ထုတ်ပြန်ထားသော်လည်း ဆဋ္ဌမမြောက် ခရီးသည်၏အမည်ကို ဘလူးအော်ရီဂျင်ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်သည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် အဆိုပါ ပုဂ္ဂလိကအာကာသခရီးသည် ခြောက်ဦးကို New Shepard အာကာသဒုံးပျံဖြင့် ကမ္ဘာ့လေထုလွှာနှင့် အာကာသ ဟင်းလင်းပြင်အနားစပ်သို့ ပို့ဆောင်ပေးမည်ဖြစ်သည်။

လက်ရှိ ထုတ်ပြန်ထားသော NS.36 မစ်ရှင် လူစာရင်းတွင် အမေရိကန်နိုင်ငံသား အမျိုးသား သုံးဦး၊ အမျိုးသမီးတစ်ဦးနှင့် ယူကရိန်းနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်တစ်ဦးတို့ပါဝင်သည်။

NS.36 မစ်ရှင်သည် ပုဂ္ဂလိကခရီးသည်များ လိုက်ပါမည့် ၁၅ ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က 31/AT-LAS ကြယ်တံခွန်ကို ဓာတ်ပုံရိုက်ကူးထားနိုင်ဖွယ်ရှိ

**ဝါရှင်တန် အောက်တိုဘာ ၈**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် 31/AT-LAS ကြယ်တံခွန်ကို ဓာတ်ပုံရိုက်ကူးထားနိုင်ဖွယ် ရှိကြောင်း အောက်တိုဘာ ၇ ရက် သတင်းများအရ သိရသည်။

ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် အောက်တိုဘာ ၆ ရက်တွင် အင်္ဂါဂြိုဟ်ကောင်းကင်ယံကို ဖြတ်သန်းသွားသည့်အလင်းတန်းတစ်ခုကို ဓာတ်ပုံရိုက်ကူးထားနိုင်ကြောင်း သိရသည်။

ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ် အဆိုပါ ဓာတ်ပုံရိုက်ကူးချိန်သည် အင်္ဂါဂြိုဟ်ကို 31/ATLAS ကြယ်တံခွန် အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းချိန်နှင့် တိုက်ဆိုင်လျက်ရှိသည်။

ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ် ဓာတ်ပုံရိုက်ကူးခဲ့သော အလင်းတန်းမှာ 31/ATLAS ကြယ်တံခွန်ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

သို့ရာတွင် ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ် ဓာတ်ပုံရိုက်ကူးခဲ့သော အလင်းတန်းမှာ 31/ATLAS ကြယ်တံခွန် ဟုတ်၊မဟုတ်ကို နာဆာက တရားဝင် အတည်ပြုထားခြင်းမရှိသေးကြောင်း သိရသည်။



ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အထက်ပါအလင်းတန်းကို အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်မှတစ်ဆင့် Nav-cam ကင်မရာစနစ်ဖြင့် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## လူသားတို့၏သိစိတ်က ဦးနှောက်၏ရှေးအကျဆုံးနေရာမှ ပေါ်ထွက်လာခြင်းဖြစ်နိုင်



**လန်ဒန် အောက်တိုဘာ ၈**

လူသားတို့၏သိစိတ်သည် ရှေးယခင်ထင်ထားသကဲ့သို့ ဦးနှောက်၏အရှုပ်ထွေးဆုံးနေရာမှပေါ်ထွက်လာခြင်းမဟုတ်ဘဲ ဦးနှောက်၏ ရှေးအကျဆုံးနေရာမှ ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း အောက်တိုဘာ ၇ ရက် သတင်းများအရ သိရသည်။

လူသားတို့၏ သိစိတ်သည် ဦးနှောက်၏ အသစ်လွင်ဆုံးနှင့် ဖွဲ့စည်းပုံ အရှုပ်ထွေးဆုံးအပိုင်းမှ ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက နှစ်ပေါင်းများစွာလက်ခံခဲ့ကြသည်။

သို့ရာတွင် ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လူသားတို့၏သိစိတ်သည် Sub-Cortex ခေါ် ဦးနှောက်၏ရှေးအကျဆုံးအပိုင်းမှ ပေါ်ထွက်လာခြင်းဖြစ်သည်။

မကြာသေးမီကမှ ဆင့်ကဲပေါ်ထွက်လာသော Cortex ခေါ် ဦးနှောက်၏အပြင်ဘက် အကျဆုံးအလွှာသည် မှတ်ဉာဏ်၊ တွေးတောဆင်ခြင်နိုင်မှု၊ သင်ယူမှု၊ သင်ကြားမှု၊ ကျိုးကြောင်းဆင်ခြင်မှုနှင့် ပြဿနာဖြေရှင်းခြင်းကဲ့သို့ ရှုပ်ထွေးသောလုပ်ငန်းများအတွက် တာဝန်ရှိသည့်အစိတ်အပိုင်းဖြစ်သည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ ဦးနှောက်၏အတွင်းပိုင်း Sub-Cortex နယ်မြေသည် အခြေခံသိစိတ်ဖန်တီးပေးသည့် အစိတ်အပိုင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ချာချာလည်မူးဝေခြင်းနှင့်အတူ စိုးရိမ်သောက ဝေဒနာခံစားနေရမှုက ဦးနှောက်အတွင်း အကျိတ်ပေါ်ထွက်မှု၏ ရှေ့ပြေးလက္ခဏာဖြစ်နိုင်

**နယူးယောက် အောက်တိုဘာ ၈**

ချာချာလည်မူးဝေခြင်းနှင့်အတူ စိုးရိမ်သောကဝေဒနာကိုပါ ခံစားနေရမှုသည် ဦးနှောက်အတွင်း အကျိတ်ပေါ်ထွက်မှု၏ ရှေ့ပြေးလက္ခဏာတစ်ရပ်ဖြစ်နိုင်ကြောင်း အောက်တိုဘာ ၇ ရက် သတင်းများအရ သိရသည်။

အမေရိကန်သုတေသနပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ ချာချာလည် မူးဝေမှုနှင့်အတူ စိုးရိမ်သောက ဝေဒနာခံစားနေရမှုသည် Vestibular Schwannoma (VS) ခေါ် ဦးနှောက်အကျိတ်ပေါ်ထွက်မှု၏ ရှေ့ပြေးလက္ခဏာဖြစ်နိုင်ကြောင်း သိရသည်။

VS ဦးနှောက်အကျိတ်ပေါ်ထွက်မှုပြဿနာသည် အကြားအာရုံအတွက် တာဝန်ရှိသည့်ဦးနှောက်နာ့ဗ်ဆဲလ်များအပေါ် အကျိုးသက်ရောက်မှုရှိပြီး အကြားအာရုံဆုံးရှုံးခြင်း၊ နားအူခြင်း၊ မူးဝေခြင်းစသည့်ပြဿနာများ ပေါ်လာတတ်ကြောင်း သိရသည်။

VS ရောဂါကြောင့် ပေါ်ထွက်လာသည့် အကျိတ်များသည် ကင်ဆာဆဲလ်များကဲ့သို့ အခြားနေရာများသို့ ပျံ့နှံ့ခြင်းမရှိသော်လည်း ဦးနှောက်၏အရေးပါသောနေရာတွင် ပေါ်ထွက်လာပါက အသက်အန္တရာယ် ရှိကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် VS အကျိတ်ရှိနေသော အရွယ်ရောက်သူ ၁၀၉ ဦးတို့ကိုလေ့လာခဲ့ရာ မူးဝေပြဿနာနှင့်အတူ စိုးရိမ်သောကဝေဒနာခံစားရမှုပြဿနာကိုပါ ခံစားနေရမှုသည် VS ဦးနှောက်အကျိတ်ပေါ်ထွက်မှု၏ ရှေ့ပြေးလက္ခဏာဖြစ်နိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## စက်မှုလုပ်ငန်းသုံးဓာတုပစ္စည်းတစ်မျိုးနှင့် ထိတွေ့မှုကြောင့် ပါကင်ဆန်ရောဂါမြင့်တက်နိုင်

**နယူးယောက် အောက်တိုဘာ ၈**

စက်မှုလုပ်ငန်းသုံး ဓာတုပစ္စည်းတစ်မျိုးနှင့် ရေရှည်ထိတွေ့မှုကြောင့် ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း အောက်တိုဘာ ၇ ရက် သတင်းများအရ သိရသည်။

Trichloroethylene ခေါ် အဆိုပါဓာတုပစ္စည်းများ လေထုလွှာအတွင်း စုစည်းမှုအမြင့်ဆုံးနေရာများ၌ နေထိုင်သူသက်ကြီးပိုင်းများတွင် ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက်မြင့်တက်နေတတ်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များ၏အဆိုအရ အဆိုပါဓာတုပစ္စည်းလေထုလွှာအတွင်း စုစည်းမှုအမြင့်ဆုံးနေရာများ၌ နေထိုင်သူသက်ကြီးပိုင်းများတွင် ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ ၁၀ ရာခိုင်နှုန်း မြင့်တက်နိုင်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် ပါကင်ဆန်ရောဂါလူနာ ၂၂၀၀၀ ကျော်နှင့် ၎င်းရောဂါမရှိသူ ၁ ဒသမ ၁ သန်းကျော်ကို နှိုင်းယှဉ်လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

ယခင်ပြုလုပ်ခဲ့သည့် သုတေသနစစ်တမ်းများအရ Trichloroethylene ဓာတုပစ္စည်းများသည် ကျောက်ကပ်ကင်ဆာ၊ သွေးကင်ဆာ၊အသည်းကင်ဆာနှင့်လည်း ဆက်စပ်နေကြောင်း သိရသည်။

Ref : Russia Today

Trs : KKO






# အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဆင့်တွင် ဘာစီလိုနာအသင်းက ဘိုင်ယန်မြူးနစ်အသင်းကို ဂိုးပြတ်အနိုင်ရရှိ

**ဘာစီလိုနာ အောက်တိုဘာ ၈**

အမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ကစားခဲ့သည့် ဘာစီလိုနာအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ပွဲစဉ်တွင် ဘာစီလိုနာအသင်းက ခုနစ်ဂိုး တစ်ဂိုးဖြင့် ဂိုးပြတ် နိုင်ပွဲရယူခဲ့ကြောင်း သိရသည်။

ဘာစီလိုနာ အမျိုးသမီးအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက အာဆင်နယ် အမျိုးသမီးအသင်းကို ရှုံးနိမ့်၍ ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသောကြောင့် ယခုနှစ်ဘောလုံးရာသီတွင် အုပ်စုပွဲစတင်ကတည်းက အာရုံစိုက်ကစားခဲ့ရာ အုပ်စုအဖွင့်ပွဲစဉ်ဖြစ်သည့် ဘိုင်ယန်မြူးနစ်အသင်းနှင့်ပွဲစဉ်တွင် ခုနစ်ဂိုး တစ်ဂိုးဖြင့် ဂိုးပြတ် နိုင်ပွဲရခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဘာစီလိုနာအမျိုးသမီးအသင်းက ပွဲစကတည်းက အိမ်ကွင်းအားသာချက်ဖြင့် ဖိအားပေး တိုက်စစ်ဆင်ခဲ့ရာ ပွဲအစလေးမိနစ်တွင် ပူတဲလက်စ်၊ ပွဲချိန် ၁၂ မိနစ်တွင် ပါဂျော်၊ ပွဲချိန် ၂၇ မိနစ်တွင် ဘရက်တ်တို့၏ ဂိုးများဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ပွဲချိန် ၃၂ မိနစ်တွင် ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ကလာရာဘူးလ်က ချေပဂိုး ပြန်လည်သွင်းယူခဲ့သော်လည်း ပါကာလူအီလိုက ဘာစီလိုနာအသင်းအတွက် စတုတ္ထဂိုးသွင်းယူခဲ့သောကြောင့် ပထမပိုင်းတွင် လေးဂိုး တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် ဘာစီလိုနာအသင်းက လူစားလဲမှုပြုလုပ်၍ ကစားမြင့်တင်ခဲ့သဖြင့် ဘိုင်ယန်မြူးနစ်အသင်း ခံစစ်ကစားပုံဖြင့်သာ တုံ့ပြန်နိုင်ခဲ့ပြီး ဘာစီလိုနာအသင်းက ပွဲချိန် ၅၆ မိနစ်တွင် ပါဂျော်၊ ပွဲချိန် ၈၈ မိနစ်နှင့် ပွဲချိန်မိနစ် ၉၀ ကျော်တွင် ပီနာတို့၏သွင်းဂိုးများဖြင့် ဂိုးများ ဆက်တိုက်ရယူနိုင်ခဲ့ပြီး ခုနစ်ဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**






# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) လူမှုအကျိုးပြုလုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဦးဇော်ဇော်ကို ရွေးချယ်ခန့်အပ်

**ရန်ကုန် အောက်တိုဘာ ၈**

၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် ကျင်းပသော ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာကောင်စီအစည်းအဝေးတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် လူမှုအကျိုးပြု လုပ်ငန်းကော်မတီ (FIFA Football Social Respon- sibilty Committee) ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ကို ရွေးချယ်ခန့်အပ်ခဲ့ပြီး ၂၀၂၅ ခုနှစ်မှ ၂၀၂၉ ခုနှစ်ထိ တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အာရှဘောလုံးအဖွဲ့ချုပ် AFC အကြီးတန်း ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးဇော်ဇော်သည် အာရှဘောလုံးအဖွဲ့ချုပ်၏ လူမှုရေးရာကော်မတီ ဥက္ကဋ္ဌနှင့် AFC Dream Asia Foundation ၏ Board of Trust- ees တစ်ဦးအဖြစ် ၂၀၂၃ ခုနှစ်မှ စတင်ကာ ၂၀၂၇ ခုနှစ်ထိ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး အာရှဘောလုံးအဖွဲ့ချုပ်၊ အာဆီယံဘောလုံးအဖွဲ့ချုပ်တို့က ချီးမြှင့်သော AFC Dream Asia Award (2013)၊ ASE AN Goodwill Award (2014)၊ ASEAN Goodwill Award (2017)၊ AFC Distinguished Service Award (2024)တို့ကို ချီးမြှင့်ခြင်းခံခဲ့ရသူဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် လူမှုအကျိုးပြုလုပ်ငန်း ကော်မတီတွင် ဒုတိယဥက္ကဋ္ဌအဖြစ် အာဂျင်တီးနားဂန္ထဝင်ကစားသမား တစ်ဦးဖြစ်သူ Javier Zanetti က ဆောင်ရွက်မည်ဖြစ်ပြီး ကော်မတီကို အဖွဲ့ဝင် ၂၁ ဦးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စကော့တီရှက်ဖလာ အပါအဝင် ကမ္ဘာ့အဆင့် ၁ မှ ၁၀ အတွင်းရှိ ကစားသမားခြောက်ဦးထိ ပါဝင်

**လန်ဒန် အောက်တိုဘာ ၈**

ဘာဟားမားစ်နိုင်ငံတွင် ကျင်းပပြုလုပ်မည့် Hero World Chal- lenge ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် ၁ နေရာတွင် ရပ်တည်နေသည့် စကော့တီရှက်ဖလာအပါအဝင် ကမ္ဘာ့အဆင့် ၁၀ အတွင်းရပ်တည်နေသည့် ကစားသမား ခြောက်ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

ဂေါက်သီးရိုက် လောကတွင် အောင်မြင်မှု အများဆုံးရရှိထားသည့် အမေရိကန်ဂန္ထဝင် ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ်က ကျင်းပပေးသည့် ပြိုင်ပွဲဖြစ်ပြီး တိုက်ဂါးဝုဒ် ကိုယ်တိုင်လည်း နှစ်တိုင်းနီးပါး ပါဝင်ယှဉ်ပြိုင်ခဲ့သော်လည်း ယခုနှစ် ပြိုင်ပွဲဝင်စာရင်းထုတ်ပြန်ရာတွင် တိုက်ဂါးဝုဒ် ပါဝင်လာခြင်း မရှိခဲ့ကြောင်း သိရသည်။

Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည့် ကမ္ဘာ့အဆင့် ၁ မှ ၁၀ အတွင်းရှိ ကစားသမားခြောက်ဦးတို့မှာ ကမ္ဘာ့အဆင့် ၁ နေရာတွင် ရပ်တည်နေသည့် စကော့တီရှက်ဖလာ၊ ကမ္ဘာ့အဆင့် ၄ နေရာတွင် ရပ်တည်နေသည့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ရှောင်ဖီလီ၊ ကမ္ဘာ့အဆင့် ၆ နေရာတွင် ရပ်တည်နေသည့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်သော မတ်စ်၊ ကမ္ဘာ့အဆင့် ၇ နေရာတွင် ရပ်တည်နေသည့် အမေရိကန် ဂေါက်သီးရိုက် ကစားသမား ဂျေဂျေစပေါင်း၊ ကမ္ဘာ့အဆင့် ၈ နေရာတွင် ရပ်တည်နေသည့် စကော့တလန် ဂေါက်သီးရိုက် ကစားသမား မက်အိုင်တိုင်ရီနှင့် ကမ္ဘာ့အဆင့် ၁၀ နေရာတွင် ရပ်တည်နေသည့် အမေရိကန် ဂေါက်သီးရိုက် ကစားသမား ဟာရစ်အင်္ဂလိချ်တို့ဖြစ်သည်။

ပြိုင်ပွဲ၏ သတ်မှတ်ချက်အရ ကမ္ဘာ့အဆင့်အကောင်းဆုံး ကစားသမားဦးရေ ၂၀ အတွက် ကျင်းပပေးခြင်းဖြစ်ပြီး ကမ္ဘာ့အဆင့် ၁၀ အတွင်းမှ ကစားသမားခြောက်ဦးသာ ပါဝင်လာသည့်အတွက် ကမ္ဘာ့အဆင့် ၂၀ အတွင်း ရပ်တည်နေသည့် အဆင့်အကောင်းဆုံး ကစားသမားအများစုလည်း ပါဝင်ခွင့်ရခဲ့ကြောင်း သိရသည်။

**Ref : Sky Sports**

**Trs : AZL**

# ကိုလုံးအသင်းမှ ကစားသမားအယ်မာလာကို ဘိုင်ယန်မြူးနစ်နှင့် ဒေါ့မွန်အသင်းတို့ ကမ်းလှမ်း



**ဘာလင် အောက်တိုဘာ ၈**

ဂျာမန်ကလပ် ကိုလုံးအသင်းတွင် ခြေစွမ်းပြကစားနေသည့် တောင်ပံကစားသမား အယ်မာလာကို ဘိုင်ယန်မြူးနစ်အသင်းနှင့် ဒေါ့မွန်အသင်းတို့က အပြိုင်ခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။

ကိုလုံးအသင်းသည် အယ်မာလာကို ၂၀၃၀ ပြည့်နှစ်ထိ စာချုပ်ချုပ်ဆိုထားသဖြင့် စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့်သာ ရောင်းချလိုသဖြင့် နွေရာသီအပြောင်းအရွှေ့ကာလက ဘရိုက်တန်အသင်းက ပြောင်းရွှေ့ကြေး ယူရိုသန်း၂၀ ဖြင့် ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခဲ့ကြောင်း သိရသည်။

ကိုလုံးအသင်းသည် အယ်မာလာအတွက် ပြောင်းရွှေ့ကြေး ယူရို ၃၅ သန်း အလိုရှိသဖြင့် ဘိုင်ယန်မြူးနစ် အသင်းနှင့် ဒေါ့မွန်အသင်းတို့က ပေးချေရန် ဆုံးဖြတ်ထားပြီး လက်ဦးမှုရရှိရေး ကြိုးပမ်းလျက်ရှိသည်။

အသက် ၁၉ နှစ်ရှိ အယ်မာလာသည် ကိုလုံးအသင်း လူငယ်ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည် ဘောလုံးရာသီက ခြေစွမ်းပြကစားနိုင်ခဲ့သဖြင့် ယခုနှစ်ဘောလုံးရာသီတွင် ကိုလုံးဂျူနီယာအသင်းနှင့် ကိုးပွဲပါဝင်ခဲ့ရာ သုံးဂိုး သွင်းယူခြေစွမ်း ပြနိုင်ခဲ့သောကြောင့် စီနီယာအသင်းကြီးသို့ ခေါ်ယူခြင်းခံရပြီး ထိပ်သီးကလပ်အသင်းများ၏ စိတ်ဝင်စားမှုကို ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- ❑ အေစီမီလန်အသင်းက မန်စီးတီးအသင်းမှ အငှားခေါ်ယူထားသည့် ခံစစ်ကစားသမား အကန်ဂျီကို ပြောင်းရွှေ့ကြေး ယူရို ၁၅ သန်းဖြင့်ခေါ်ယူရန် အသင့်ရှိကြောင်း သိရသည်။
- ❑ စပါးအသင်းနည်းပြ ဖရန့်က ဟမ်းဘတ်အသင်းမှ အသက် ၁၈ နှစ်ရှိ ခံစစ်ကစားသမား ဗူကိုဗစ်ကို လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။
- ❑ ချဲလ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့က ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား ကာဆာဒိုကို ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေပြီး ကစားသမား၏ ပြောင်းရွှေ့ကြေးမှာ ယူရို ၃၅ သန်း တန်ကြေးရှိကြောင်း သိရသည်။ **ML**

# ပဲလေ့စ်အသင်းက သမိုင်းဝင်အောင်မြင်မှုများရယူပေးထားသည့် နည်းပြ ဂလက်နာကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်

လန်ဒန် အောက်တိုဘာ ၈

ပဲလေ့စ်အသင်းက အသင်းကို သမိုင်းဝင်အောင်မြင်မှုများ ရယူပေးနိုင်ခဲ့သည့် နည်းပြ ဂလက်နာကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဖြစ်သော်လည်း စာချုပ်သစ်တွင် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့လိုပါက ပြောင်းရွှေ့ခွင့်ပေးရမည့်အချက် ထည့်သွင်းချုပ်ဆိုရမည် ဖြစ်ကြောင်း သိရသည်။

နည်းပြဂလက်နာသည် ပဲလေ့စ်အသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် အသင်းကို အောင်မြင်မှုများ ရယူပေးနိုင်ခဲ့ကာ ပြီးခဲ့သည့် ဘောလုံးရာသီက သမိုင်းဝင် အောင်မြင်မှုအဖြစ် အက်ဖ်အေဖလား ဆွတ်ခူးပေးနိုင်ခဲ့သည့်အပြင် ယခုနှစ်ဘောလုံးရာသီအစပိုင်းတွင်လည်း ကွန်မြူနတီဒိုင်း ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။

ပဲလေ့စ်အသင်းကို အောင်မြင်မှုများရယူပေးနိုင်ခဲ့သည့် နည်းပြဂလက်နာအနေဖြင့် မန်ယူအသင်း နည်းပြသစ်အဖြစ် ရေပန်းစားနေသော်လည်း ၎င်းက မန်ယူအသင်းထက် ဘိုင်ယန်မြူးနစ်အသင်းကိုသာ တာဝန်ယူ ကိုင်တွယ်လိုခြင်းဖြစ်သည်။

နည်းပြ ဂလက်နာနှင့် ပဲလေ့စ်အသင်းတို့ စာချုပ်သက်တမ်းမှာ ယခုနှစ် ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည် ဖြစ်သည့်အတွက်




ပဲလေ့စ်အသင်းက သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုသွားမည်ဖြစ်သော်လည်း စာချုပ်သစ်တွင် စာချုပ်သက်တမ်း မကုန်ဆုံးမီ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့လိုပါက ပြောင်းရွှေ့ခွင့်ပေးရမည့်အချက်ကို ထည့်သွင်းချုပ်ဆိုပေးရမည် ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# WBA Inter-Continental ဟဲဗီးဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ဒေးဗစ်အလန်က အာစလန်ဘက်နှင့် ထိုးသတ်မည်

လန်ဒန် အောက်တိုဘာ ၈

WBA Inter-Continental ဟဲဗီးဝိတ်တန်းချန်ပီယံ အင်္ဂလန်လက်ဝှေ့သမား ဒေးဗစ်အလန်သည် လက်ရှိ ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ရုရှားလက်ဝှေ့သမား အာစလန်ဘက်နှင့် အင်္ဂန်နိုင်ငံ ရှက်ဖီးမြို့တွင် အောက်တိုဘာ ၁၁ ရက်၌ ထိုးသတ်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၃ နှစ်အရွယ် ဒေးဗစ်အလန်သည် အသက် ၃၆ နှစ်အရွယ် အာစလန်ဘက်ထက် အသက်ငယ်သလို အတွေ့အကြုံပိုင်းတွင် ဒေးဗစ်အလန်က သာလွန်နေသော်လည်း အာစလန်ဘက်သည် ထိုးချက်အားပြင်းသည့် လက်ဝှေ့သမားအဖြစ် နာမည်ကြီးသူတစ်ဦးဖြစ်ပြီး လက်ရှိချန်ပီယံ ဒေးဗစ်အလန်အနေဖြင့် သတိထားယှဉ်ပြိုင်ရမည့် ပွဲစဉ်ဖြစ်သည်။

ဒေးဗစ်အလန် အနေဖြင့် မွေးရပ်မြေတွင် ထိုးသတ်သွားရမည်ဖြစ်သည့်အတွက် အင်္ဂလန်ပရိသတ်များ ရှေ့မှောက်တွင် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်အောင် အကောင်းဆုံးပြင်ဆင်ထားကြောင်း ပြောကြားထားသည်။

အာစလန်ဘက်က "တကယ့်ကို စိတ်ဝင်စားဖို့ကောင်းတဲ့ ပွဲစဉ်ဖြစ်လာပါလိမ့်မယ်။ ပရိသတ်တွေ အကြိုက်တွေ့စေမဲ့ စိန်ခေါ်ပွဲလဲဖြစ်လာလိမ့်မယ်။ ကျွန်တော်ရဲ့ စိန်ခေါ်မှုကိုလက်ခံပေးတဲ့ ဒေးဗစ်အလန်ကိုလဲ လေးစားပါတယ်။ ဒီပွဲစဉ်ဟာ ဘာနဲ့တူသလဲဆိုတော့ တိုက်ပွဲဝင်မဲ့ စစ်သည်တော် နှစ်ဦး တိုက်ပွဲထဲမှာ ထိပ်တိုက်တွေ့ဆုံသလိုပါပဲ။ သူ့အနေနဲ့ လက်ရှိချန်ပီယံဆုကို ကာကွယ်ရမှာဖြစ်တဲ့အတွက် အနိုင်ရဖို့ ရေပန်းစားနေလိမ့်မယ်။ သူ့အနေနဲ့ ကျွန်တော့်ကို စိုးရိမ်နေမှာ မဟုတ်တာတော့ သေချာတယ်။ ဒါပေမဲ့ သူ့ကို သတိပေးချင်တာကတော့သူအရင်က ရင်ဆိုင်ခဲ့ဖူးတဲ့ ပြိုင်ဘက်တွေနဲ့မတူတဲ့ ပြိုင်ဘက်ကို ရင်ဆိုင်နေရပြီဆိုတာ ကြိုးဝိုင်းထဲရောက်လာရင် သိသွားပါလိမ့်မယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Ring Magazine

Trs : AZL

# အာဆင်နယ်အသင်းက အဓိက ဂိုးသမား ရာယာကို လုပ်ခလစာ တိုးမြှင့်ပေးသွားမည်




လန်ဒန် အောက်တိုဘာ ၈

အာဆင်နယ်အသင်းက အသင်း၏ အဓိကဂိုးသမား ရာယာကို စာချုပ်သစ် ချုပ်ဆိုဦးမည်မဟုတ်သော်လည်း လုပ်ခလစာ တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကလပ်အသင်းအများစုအနေဖြင့် ကစားသမားများကို စာချုပ်သစ်ချုပ်ဆိုချိန်မှသာ လုပ်ခလစာ တိုးမြှင့်ပေးအပ်လေ့ ရှိသော်လည်း အာဆင်နယ်အသင်းက ရာယာကို သက်တမ်းတိုးစာချုပ် မချုပ်ဆိုသေးဘဲ လုပ်ခလစာ တိုးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

ရာယာသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က ဘရန့်ဖို့ဒ်အသင်းမှ တစ်ရာသီ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ ကစားခဲ့ပြီးနောက် အငှားစာချုပ်ပြီးဆုံးချိန်တွင် အပြီးသတ်စာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ရာယာသည် အာဆင်နယ်အသင်းနှင့်အတူ ဘောလုံးရာသီတိုင်း အကောင်းဆုံးလက်စွမ်းပြသနိုင်ခဲ့ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ အကောင်းဆုံးဂိုးသမားများအနက် တစ်ဦးအပါအဝင်အဖြစ် ရပ်တည်နေသူဖြစ်သည်။

လက်ရှိတွင် အာဆင်နယ်အသင်းနှင့် ရာယာတို့၏စာချုပ်သက်တမ်းမှာ ၂၀၂၈ ခုနှစ်မှ ကုန်ဆုံးမည်ဖြစ်ပြီး တစ်နှစ်သက်တမ်းတိုးခွင့်လည်းပါရှိကာ လက်ရှိတွင် တစ်ပတ်လုပ်ခ စတာလင်ပေါင် ၁၀၀၀၀၀ ရရှိနေသူဖြစ်သည်။

အာဆင်နယ်အသင်းက ရာယာကို လုပ်ခလစာ တိုးမြှင့်ပေးသွားမည်ဖြစ်သော်လည်း မည်မျှတိုးမြှင့်ပေးသွားမည်ကို မထုတ်ပြန်သေးဘဲ အစောပိုင်းက ရာယာကဲ့သို့ ထရိုဆက်ကိုလည်း သက်တမ်းတိုးစာချုပ် ချုပ်ဆိုခြင်းမရှိဘဲ လုပ်ခလစာ တိုးမြှင့်ပေးခဲ့ကြောင်း သိရသည်။

Ref : Goal. Com

Trs : STA

# ထရက်ဇွန်စပေါ်အသင်းက ဂိုးသမား အိုနာနာကို အပြီးသတ်ခေါ်ယူရန် ဆုံးဖြတ်




အန်ကာရာ အောက်တိုဘာ ၈

တူကီယဲကလပ် ထရက်ဇွန်စပေါ်အသင်းက မန်ယူအသင်းထံမှ တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် ဂိုးသမား အိုနာနာကို အငှားစာချုပ်ဖြင့် အပြီးသတ်ခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

ဂိုးသမားအိုနာနာသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က အင်တာမီလန်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ ကစားခဲ့သူဖြစ်ပြီး မန်ယူအသင်းတွင် နှစ်ရာသီဆက် အဓိကဂိုးသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့သော်လည်း အမှားများစွာကျူးလွန်ပြီး ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

အိုနာနာသည် အင်တာမီလန်အသင်းတွင် ကစားခဲ့စဉ်က ထိပ်တန်းအဆင့် လက်စွမ်းပြသနိုင်ခဲ့သော်လည်း မန်ယူအသင်းတွင် နှစ်ရာသီကြာ ရုန်းကန်ခဲ့ရပြီးနောက် ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ထရက်ဇွန်စပေါ် အသင်းသို့ တစ်ရာသီ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ ကစားခဲ့သူဖြစ်သည်။

မန်ယူ အသင်းကလည်း အိုနာနာကို အငှားစာချုပ်ဖြင့် စေလွှတ်ခဲ့ပြီးနောက် ၎င်း၏နေရာတွင် အန့်ဝပ်အသင်းမှ လန်မန်းနှင့် ပြန်လည်အစားထိုးခဲ့သည်။

ထရက်ဇွန်စပေါ် အသင်းက တစ်ရာသီအငှားစာချုပ် ပြီးဆုံးပါက အပြီးသတ်ခေါ်ယူရန်အတွက် ဆုံးဖြတ်ထားပြီး မန်ယူအသင်းကလည်း အိုနာနာကို အသင်းထံ ပြန်လည်ခေါ်ယူရန် အစီအစဉ်မရှိဘဲ အပြီးသတ်ရောင်းချရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# Shanghai Masters တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ဂျိုကိုဗစ်က မူနာကိုအနိုင်ရရှိကာ ရော်ဂျာဖက်ဒဲရား၏ စံချိန်တစ်ခုကို ကျော်ဖြတ်နိုင်ခဲ့

ပေကျင်း အောက်တိုဘာ ၈

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပနေသည့် Shanghai Masters တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဆာဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် စပိန်တင်းနစ်ကစားသမား မူနာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၆-၃၊ ၅-၇၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်အနေဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည့်အတွက် ယခင်က ရော်ဂျာဖက်ဒဲရားတင်ထားသည့် Masters 1000 တင်းနစ်ပြိုင်ပွဲအမျိုးအစား၏ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည့် အသက်အကြီးဆုံးကစားသမား စံချိန်ကို ဂျိုကိုဗစ်က ကျော်ဖြတ်နိုင်ခဲ့သည်။

အဆိုပါစံချိန်ကို ၂၀၁၉ ခုနှစ်တွင် ရော်ဂျာဖက်ဒဲရားက အသက် ၃၈ နှစ် နှစ်လ အရွယ်ဖြင့် ရရှိထားခြင်းဖြစ်ပြီး ဂျိုကိုဗစ်က ယခုအသက် ၃၈ နှစ် လေးလအရွယ်ဖြင့် စံချိန်သစ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်က "ကျွန်တော့်အတွက် တော်တော်လေးကို ခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပါတယ်။ အသက်အရွယ်အရ ကြံ့ခိုင်မှုပိုင်းက တော်တော်လေးကို စိန်ခေါ်မှုရှိလာတယ်။ ဒါပေမဲ့ ကျွန်တော့်ကို အားပေးနေတဲ့ ကမ္ဘာ့အကောင်းဆုံး ပရိသတ်တွေရှိနေတာဟာ ကျွန်တော့်အတွက်တော့ ကံကောင်းခြင်းတစ်မျိုးပါပဲ။ ရှန်ဟိုင်းမြို့ကို ကျွန်တော် တအားသဘောကျပါတယ်"ဟု ပြောကြားခဲ့သည်။

ဂျိုကိုဗစ်သည် စံချိန်မှတ်တမ်းကောင်းတစ်ရပ်နှင့်အတူ ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်တွင် ဘယ်လ်ဂျီယံ တင်းနစ်ကစားသမား ဇီဇူးနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Tennis World

Trs : AZL



# နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့

ဘုန်းသန့်စင်

**စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့**

ကုလသမဂ္ဂက ကမ္ဘာ့နိုင်ငံများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကိုရရှိပြီး နောင်လာနောက်သားတို့အတွက် ယုံကြည်စိတ်ချစွာ အသင့်စားသုံးနိုင်သည့် ဖွံ့ဖြိုးမှုများကို ဖန်တီးနိုင်ရေးအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များကို ချမှတ်ခဲ့သည်။ ပန်းတိုင် ၁၇ ခုအနက် ပန်းတိုင်လေးသည် အရည်အသွေးပြည့်ဝသည့် ပညာသင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက်လုံး အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်းများကို လူသားအားလုံးပါဝင်ကာ သာတူညီမျှရရှိရေးပင်ဖြစ်သည်။ ပညာသည်သာ အရာရာကို ဖန်တီးပုံဖော်နိုင်စွမ်းရှိသဖြင့် ပညာအဆင့်အတန်းမြင့်မားသည့် နိုင်ငံသားများကို မွေးထုတ်ပေးနိုင်ခြင်းဖြင့် နိုင်ငံများအတွက် ဖွံ့ဖြိုးတိုးတက်နိုင်မှုစွမ်းအားကို ဖြည့်ဆည်းထားနိုင်မည်ဖြစ်သည်။ လူသားအရင်းအမြစ်ဆိုသည်မှာ အခြားသော အရင်းအမြစ်များထက်ပို၍ တန်ဖိုးရှိသည်။ ပညာတတ် လူသားအရင်းအမြစ်များ စုဝေးရာအရပ်သည် အေးချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်မှုကို လွယ်လင့်တကူရယူနိုင်သည်။

နိုင်ငံတစ်နိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်နိုင်သည့် နည်းလမ်းပေါင်းစုံရှိသည်။ အထိရောက်ဆုံးနှင့် ရေရှည်တည်တံ့နိုင်သော နည်းလမ်းမှာ နိုင်ငံသားတို့ကို ပညာအဆင့်အတန်းမြင့်မားအောင် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ပညာရည်ပြည့်ဝသည့် လူသားအရင်းအမြစ်များ စုစည်းထားသည့်နိုင်ငံသည် ဆင်းရဲမှုအဆုံးသတ်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး စသည့်ပန်းတိုင်များကို လွယ်လင့်တကူလှမ်းကိုင်နိုင်မည်ဖြစ်သည်။

**ပညာရေးကို ဘယ်လိုအားပေးမလဲ**

ပညာရေးသည် နိုင်ငံတော်ဘက်စုံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသဖြင့် အစိုးရများအနေဖြင့် ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံကြရန်ဆောင်ရွက်လာသည်။ ကုလသမဂ္ဂ၏ စာရင်းများအရ ၂၀၁၅ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာပေါ်၌ မူလတန်းအဆင့်ပညာပြီးမြောက်မှုနှုန်းသည် ၈၅ ရာခိုင်နှုန်းမှ ၈၈ ရာခိုင်နှုန်းသို့လည်းကောင်း၊ အလယ်တန်းအဆင့် ပြီးမြောက်မှုနှုန်းသည် ၇၄ ရာခိုင်နှုန်းမှ ၇၈ ရာခိုင်နှုန်းသို့လည်းကောင်း၊ အထက်တန်းအဆင့် ပြီးမြောက်မှုနှုန်းသည် ၅၃ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းသို့လည်းကောင်း တိုးတက်ခဲ့ကြောင်း တွေ့ရသည်။ ဖွံ့ဖြိုးတိုးတက်မှုကို ပုံဖော်ရာတွင် ပညာရေး၏ အရေးပါမှုကို နိုင်ငံတိုင်းက အသိအမှတ်ပြုလာကြသည့် သဘောပင်ဖြစ်သည်။

ပညာရေးကဏ္ဍတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ခိုင်မာပြီး ရေရှည်ထိရောက်ကောင်းမွန်သည့် မဟာဗျူဟာ ချမှတ်နိုင်ရန်အရေးကြီးသည်။ ထိုမဟာဗျူဟာကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်နိုင်ရေးအတွက် ပညာရေးကဏ္ဍမှ ပါဝင်ပတ်သက်သူအားလုံးကလည်း တက်ညီလက်ညီ ပူးပေါင်းပါဝင်ရမည်ဖြစ်သည်။ မြန်မာ့ပညာရေး မျှော်မှန်းချက်သည် မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်သည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခုဖြစ်ထွန်းစေရန်ဖြစ်သည်။ ထိုမျှော်မှန်းချက်ကို အကောင်အထည်ဖော်ရန်အတွက် အမျိုးသားပညာရည်မြင့်မားရေး နှစ် ၃၀ နှစ်ရှည်စီမံကိန်းကို ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်ထိ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၆ တွင် "နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ (က) ပညာသင်ကြားပိုင်ခွင့်ရှိသည်။ (ခ) ဥပဒေဖြင့် ပြဋ္ဌာန်းသည့် မသင်မနေရအခြေခံပညာများကို သင်ကြားရမည်"ဟု ပြဋ္ဌာန်းထားသည်။ လက်ရှိတွင်လည်း အခြေခံပညာကို အခမဲ့သင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

**လူတိုင်းပညာတတ်စေချင်**

နိုင်ငံတစ်နိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုနိုင်ငံသည် ပညာရေးကို မည်သည့်အတိုင်းအတာထိ အလေးထားသည်က အခရာဖြစ်သည်။ လက်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄) ရပ်တွင် "နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး" ဆိုသည့် အချက်တစ်ချက်ပါဝင်သည်ကိုတွေ့ရသည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ပညာရေးကဏ္ဍတိုးတက်မြင့်မားစေရေး လူတိုင်းအကျုံးဝင်မှု၊ ကျောင်းနေပျော်၍ စာတော်မှု၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာအလေးထားမှု၊ အကောင်းဆုံးသင်ကြားသင်ယူမှု၊ ဘက်စုံပညာဖွံ့ဖြိုးမှု၊ ဗလငါးတန်ဖွံ့ဖြိုးမှု၊ စုပေါင်းဆောင်ရွက်တတ်မှု၊ ဆန်းသစ်သောနည်းပညာများလက်ခံမှု စသည့်စံတန်ဖိုးများကို လက်ကိုင်ထား၍ ဆောင်ရွက်နေသည်ကိုတွေ့ရသည်။

အသိပညာ၊ အတတ်ပညာပြည့်စုံသော ပညာတတ်များ မွေးထုတ်ပေးနိုင်ရန် အတွက်လည်း လူတိုင်းပညာသင်ယူမှု အခွင့်အလမ်းများ မြှင့်တင်ရေး၊ နိုင်ငံသားတိုင်း KG+9 ပြီးမြောက်အောင်မြင်ရေး၊ သင်ရိုးညွှန်းတမ်းများ ပြုပြင်မွမ်းမံရေး၊ ဆရာအရည်အသွေးမြှင့်တင်ရေး၊ သင်ကြားသင်ယူမှုမြှင့်တင်ရေး၊ စီမံခန့်ခွဲမှုအရည်အသွေးမြှင့်တင်ရေး၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ပေါင်းစပ်သင်ကြားလေ့ကျင့်ရေး၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးမွေးမြူရေးကျောင်းများ အားပေးဆောင်ရွက်ရေး၊ သုတေသနနှင့်ဆန်းသစ်တီထွင်မှုအားပေးဆောင်ရွက်ရေး၊ တက္ကသိုလ်များ နိုင်ငံတကာအဆင့်မီရေး၊ အင်တာနက်နှင့် စာကြည့်တိုက်များ ပိုမိုအသုံးပြုလေ့လာရေး၊ ဆရာ၊ ဆရာမများကို ပိုမိုချီးမြှင့်ထောက်ပံ့ရေး၊ ပုဂ္ဂလိကပညာရေးအားပေးရေး စသည့်မူဝါဒများချမှတ်၍ နိုင်ငံသားများ ပညာတတ်များဖြစ်လာစေရေး နိုင်ငံတော်မှ အထူးအလေးထားဆောင်ရွက်နေသည်ကို တွေ့ရသည်။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအနေဖြင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့ဆိုသည့် ဆောင်ပုဒ်ကို လက်ကိုင်ထားကာ အမျိုးသားပညာရည်မြင့်မားရေးကို အထူးအလေးထား ဆောင်ရွက်နေသည်ကို တွေ့ရသည်။

**ခေါင်းဆောင်တို့၏ တာဝန်**

မည်သည့်ကဏ္ဍမဆို မူဝါဒကောင်းရန်လိုသည်ဟုဆိုသော်လည်း ထိုမူဝါဒများနှင့်အညီ အကောင်အထည်ဖော်နိုင်ရေး စိတ်အားထက်သန်စွာ နားလည်လက်ခံဆောင်ရွက်တတ်သည့် ခေါင်းဆောင်တို့၏ အခန်းကဏ္ဍကလည်း အရေးကြီးသည်။ ပညာရေးသည် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးရေး မည်မျှအရေးပါသည်ကို နိုင်ငံကို ဦးဆောင်ရသည့်သူများက သိရှိထားရန်လိုသည်။ မိမိနိုင်ငံသားများ၏ ပညာရည်မြင့်မားရေးကို မည်ကဲ့သို့ဆောင်ရွက်ရမည်ဆိုသည့် နည်းလမ်းရှာဆောင်ရွက်တတ်သည့် စိတ်ရင်းစေတနာရှိရန်လိုသည်။ မျက်မှောက်ခေတ်သည် နည်းပညာခေတ်ဖြစ်ပြီး အရာရာတွင် ပညာက ဦးဆောင်နေသည့် ခေတ်ဖြစ်နေပြီဖြစ်သည်။

အဘက်ဘက်က အခွင့်အလမ်းများ ရှိလာနေပြီဖြစ်သည့် မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကလည်း ဝင်ရောက်လာမည်သာဖြစ်သည်။ နိုင်ငံသားများအနေဖြင့် ဘက်စုံထောင်စုံက ပြင်ဆင်ထားရန်လိုပြီး လိုအပ်သည့် အသိပညာ၊ အတတ်ပညာများကိုလည်း ကျွမ်းကျင်တတ်မြောက်ထားရန်လိုသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအမံများကို ဆွေးနွေးနိုင်ခဲ့သည်။ အပြန်ခရီးစဉ်တွင် မီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားရာတွင် "တိုးတက်ဖို့ဆိုရင်လည်း အတတ်ပညာ၊ အသိပညာတွေတော်တော်လိုပါတယ်။ အတတ်ပညာ၊ အသိပညာရဖို့အတွက်ဆိုရင် ပညာရေးကလည်း အခြေခံတွေကောင်းမှရမယ်။ ဒါကြောင့် အခြေခံဖြစ်တဲ့ ပညာရေးကောင်းအောင်လည်း ကြိုးစားဖို့လိုပါတယ်။ ပညာတတ်တွေ ပေါကြွယ်ဝပြီဆိုမှ အတတ်ပညာတွေ ပိုကောင်းလာပြီးတော့ သူတို့နဲ့ယှဉ်ပြီးလုပ်နိုင်မယ်" စသည်ဖြင့် ဖြေကြားခဲ့သည်။ နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရန် ပြင်ဆင်မှုအတွက် ပညာရေးလိုအပ်ချက်ကွက်လပ်ကိုပါ မြင်နိုင်စွမ်းရှိသော နိုင်ငံတော်အကြီးအကဲ၏ စေတနာကိုတွေ့ရသည်။

❖ "ပညာမြင့်မှ လူမျိုးတင့်မည်"ဆိုသည့် စကားနှင့်အညီ နိုင်ငံသူ၊ နိုင်ငံသားတို့၏ ပညာအရည်အချင်း တိုးတက်မြင့်မားမှသာ ကမ္ဘာတွင် မြန်မာဟော့ဆိုသော ကြွေးကြော်သံကို ဂုဏ်ယူဝင့်ကြွားစွာ ကြွေးကြော်နိုင်မည်ဖြစ်သည်။ ပညာခေတ်တွင် ပညာတတ်များဖြစ်မှသာ နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာမည်ဖြစ်သည်။ မျိုးဆက်သစ်လူငယ်များ ပညာရည်ပြည့်ဝ၍ နှလုံးရည်လှကာ ကမ္ဘာကိုပင် ရင်ပေါင်တန်းနိုင်သူများ ဖြစ်လာစေရေးနိုင်ငံတော်က ကြိုးစားပေးနေသည်။ ❖

**အားသွန်ခွန်စိုက်**

နိုင်ငံသူ၊ နိုင်ငံသားများအားလုံး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ်စိတ်နှလုံးချမ်းမြေ့စွာဖြင့် လုပ်ကိုင်စားသောက်နိုင်ရေးနှင့် ဆင်းရဲချမ်းသာ ကွာဟမှုလျှော့ချပေးနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ပေးနိုင်ရေး နိုင်ငံတိုင်းက ကြိုးစားနေကြသည်။ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေးအင်အား တောင့်တင်းခိုင်မာအောင်လည်း ကြိုးစားကြသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍လည်းကောင်း၊ ဒေသတွင်း၊ ဒေသပြင်ပနိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်၍ လည်းကောင်း စီးပွားရေးမောင်းနှင်အားကို တိုးပွားအောင် ကြိုးစားကြသည်။ တစ်ဖက်တွင်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာသည့်အချိန်တွင် အဆင်သင့်ဖြစ်နေစေရန်အတွက် နိုင်ငံအတွင်းရှိ လူသားအရင်းအမြစ်များကို ပညာတတ်များဖြစ်အောင် နည်းလမ်းပေါင်းစုံသုံး၍ ဆောင်ရွက်ကြသည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နေသည့်အချိန်တွင် နိုင်ငံသားများအနေဖြင့် အဆင်သင့်ဖြစ်နေစေရေးအတွက် နိုင်ငံသားတို့၏ ပညာရည်မြင့်မားရေးကိုလည်း အထူးအလေးထားဆောင်ရွက်နေသည်ကို တွေ့ရသည်။ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၂ ရက်က ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပပြုလုပ်ရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားရာ၌ "နိုင်ငံတော်အစိုးရက ဖွင့်လှစ်ထားသည့် ကျောင်းများသည် ပြည်သူများက အားထားရသည့် စာသင်ကျောင်းများဖြစ်ရန်လိုကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

**ပညာရေးကို အားပေး**

"ပညာမြင့်မှ လူမျိုးတင့်မည်"ဆိုသည့် စကားနှင့်အညီ နိုင်ငံသူ၊ နိုင်ငံသားတို့၏ ပညာအရည်အချင်း တိုးတက်မြင့်မားမှသာ ကမ္ဘာတွင် မြန်မာဟော့ဆိုသော ကြွေးကြော်သံကို ဂုဏ်ယူဝင့်ကြွားစွာ ကြွေးကြော်နိုင်မည်ဖြစ်သည်။ ပညာခေတ်တွင် ပညာတတ်များဖြစ်မှသာ နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာမည်ဖြစ်သည်။ မျိုးဆက်သစ်လူငယ်များ ပညာရည်ပြည့်ဝ၍ နှလုံးရည်လှကာ ကမ္ဘာကိုပင် ရင်ပေါင်တန်းနိုင်သူများဖြစ်လာစေရေး နိုင်ငံတော်က ကြိုးစားပေးနေသည်။ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့" ဆိုသည့် ဆောင်ပုဒ်ကို ချမှတ်ကာ အနာဂတ်အညွန့်အဖူးကလေးများကို ပညာရည်ပြည့်ဝအောင် ကြိုးစားပေးနေသည်။

ဒေသတွင်း ပထဝီအနေအထားအရအချက်အချာကျသည့် မြန်မာနိုင်ငံကို ကမ္ဘာ့အင်အားကြီးနိုင်ငံတချို့က မည်သို့ပင်ထိုးနှက်တိုက်ခိုက်စေကာမူ မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံလျက်ရှိသည့် မိတ်ကောင်းဆွေကောင်း နိုင်ငံများရှိသည်။ ထိုနိုင်ငံများနှင့်ပေါင်း၍ နိုင်ငံ့စီးပွားကောင်းအောင် အားခွန်လောင်းကြိုးစားနေသည့်အချိန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများက အလုံးအရင်းဝင်ရောက်လာတော့မည်ဖြစ်သည်။ မိမိတို့ မျိုးဆက်သစ်လူငယ်များအနေဖြင့် အသိပညာ၊ အတတ်ပညာများ အပတ်တကုတ်လေ့လာလိုက်စား၍ ပြင်ဆင်ထားရန်သာလိုပါတော့သည်။

**ကိုးကား**

- နေ့စဉ်ထုတ်သတင်းစာများ။

# Mawlamyinegyun Township sends 75,000 bags of rice to Yangon market in August


A process of rice milling using machinery.

**Mawlamyinegyun October 8**

Local merchants from Mawlamyinegyun Township of Ayeyawady Region sold 75,000 bags of Shwethweyin rice to Yangon market in August, said Daw Kay Thi, the owner of rice and paddy trading depot in Mawlamyinegyun Township.

From Mawlamyinegyun Township, only about 52,000 bags of 24-basket Shwethweyin rice were transported and sold to the Yangon market during July. In August, the volume increased to about 75,000 bags.

"From our side, around 75,000 bags of 24-basket Shwethweyin rice were delivered to the Yangon rice market last month. The domestic rice market has been actively purchasing rice from us. At present, we are buying and milling the region's old summer paddy and supplying it to the Yangon market. Rice prices are stable without much fluctuation. The Yangon market also placed orders for our rice throughout August," said Daw Kay Thi.

The 24-basket Shwethweyin rice supplied from Mawlamyinegyun to the Yangon market has been priced at up to K105,000 per bag. With continuous shipments, traders, farmers, truck operators, and loading workers are reportedly running their businesses smoothly. Kyaw Kyaw Lin

# Trump says some furloughed workers might not get back pay

**Washington October 8**

U.S. President Donald Trump said Tuesday that some furloughed federal employees may not receive back pay once the government reopens, following earlier threats to lay off federal workers during shutdown.

"I would say it depends on who we're talking about. I can tell you this, the Democrats have put a lot of people in great risk and jeopardy, but it really depends on who you're talking about," Trump said at the White House Oval Office.

"But for the most part, we're going to take care of our people. There are some people that really don't deserve to be taken care of, and we will take care of them in a different way," he said.

The U.S. president did not provide further details on which furloughed federal employees might not receive back pay.

Earlier in the day, Axios reported that furloughed federal workers are not guaranteed compensation for their forced time off during the government shutdown, citing a draft White House memo.

As Trump continued to blame Democrats for the shutdown stalemate, Democratic leaders blamed Republicans.

Xinhua

# More than 2,000 acres of green gram harvested in Taze Township

**Taze October 8**

Local farmers have harvested more than 2,000 acres of monsoon green gram in Taze Township of Sagaing Region, according to the statistics of YeU District Agriculture Department.

During this year's monsoon crop season, a total of 15,153 acres of green gram were cultivated in Taze Township. Harvesting of these fields began in September, and so far 2,223 acres have been harvested, with yields reaching 17.25 baskets per acre.

"This year, a total of 15,153 acres of green gram were cultivated in Taze Township during the monsoon season. Harvesting is currently underway, and more than 2,000 acres have already been completed. Awareness activities are being carried out to encourage farmers to expand cultivation and to use quality and pure seeds in order to achieve higher yields," said U Zaw Myint Htun, Head of the YeU District Agriculture Department.


A green gram plantation in Taze Township.

The Township Agriculture Department has been providing farmers in Taze with guidance on using suitable and pure seed varieties, adopting proper cultivation methods, preventing pest infestations, and applying fertilizers systematically to improve yields.

During this year's monsoon cropping season, farmers growing various types of pulses have also been provided with quality seeds, necessary inputs, and post-harvest technology support in cooperation with the Agriculture Department, to ensure both higher yield and better quality. 206

# More than 12,000 acres of groundnut harvested in Kanbalu Township

**Kanbalu October 8**

According to the statistics of Kanbalu Township Agriculture Department of Sagaing Region, local farmers have harvested more than 12,000 acres of groundnut.

During this year's monsoon crop season, a total of 51,931 acres of groundnut were cultivated in Kanbalu Township. Harvesting began in September, and so far 12,516 acres have been harvested, with yields reaching 52.35 baskets per acre.

"This year, a total of 51,599 acres of groundnut were planned for cultivation in Kanbalu Township during the monsoon season, but the actual cultivated area reached 51,931 acres. Harvesting is now underway, with more than 12,000 acres already completed, and work is continuing. Groundnut cultivation has exceeded the target acreage and is progressing successfully as an oilseed crop. Year by year, groundnut farming has been improving," said U Myo Zaw, Head of the Kanbalu Township Agriculture Department.

For groundnut cultivation in Kanbalu Township, about one and a half baskets of seed are required per acre, with production costs—including seed, labour charges, fertilizers, and pesticides—exceeding K100,000. Farmers can generally achieve over 50 baskets per acre.

This year, staff members from the Township Agriculture Department have been conducting field inspections and keeping monitoring records to ensure the success of groundnut farms, prevent pest and disease outbreaks, and participate in weeding the groundnut plantations.

206

# EU nation wants to ban social media for teens

**Copenhagen October 8**

The Danish government intends to ban minors under the age of 15 from using several social media platforms, Prime Minister Mette Frederiksen has announced.

In an address to parliament on Tuesday, Frederiksen sounded the alarm over the impact social media is having on the youth. "Mobile phones… are stealing our children's childhood," she said, adding that "we have unleashed a monster." She noted that almost all Danish seventh graders, typically aged 13 or 14, already own a cellphone.

The prime minister, however, did not give further details on the proposed ban or how it would be implemented, or which platforms would be impacted.

This comes as a government-commissioned wellbeing report found that 94% of young Danes had social media profiles before turning 13, despite minimum age rules on many platforms. It also found that children aged 9-14 spent, on average, about three hours a day on TikTok and YouTube.

A 2025 report by the Danish Competition and Consumer Authority found that 10% of young users often regretted time spent online, 21% struggled to log off, and 29% exceeded the time they intended to spend on preferred platforms.

According to Statista, Facebook remained Denmark's most popular social network in 2024, used by 83% of the population, followed by Instagram at 65%, Snapchat at 51%, and TikTok at 34%. RT


Danish Prime Minister Mette Frederiksen.

# Kyunhla Township to grow more than 13,000 acres of groundnut in coming cold season


A groundnut plantation in Kyunhla Township.

**Kyunhla October 8**

Statistics of Kyunhla Township Agriculture Department stated that local farmers will cultivate more than 13,000 acres of groundnut as cold season crops in Kyunhla Township of Sagaing Region.

In 2025-06 cultivation season, local authorities earmarked cultivation of 13,896 acres of groundnut in Kyunhla Township. Local farmers will start cultivation of groundnut in October till December.

Daw Myint Myint Yi, the Head of the Township Agriculture Department stated: "We have earmarked cultivation of more than 13,000 acres of groundnut in coming cold season. We will help local farmers meet the target cultivation. It is expected to successfully thrive oil crops in the township. Sown acreage of the crops is on the rise yearly."

It is necessary to use 1.5 baskets of groundnut seeds per acre in Kyunhla Township, and farmers need to cost more than K200,000 per acre of charges including quality seeds, labour charge, fertilizers and pesticides but it can yield more than 50 baskets of groundnut per acre.

Staff members of the township department will make field trips to inspect groundnut plantations to thrive the crops, prevent pests and weed the plantations in addition to setting records of crops. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Farmers harvest more than 10,000 acres of sesame in Sagaing Township

**Sagaing October 8**


According to Sagaing Township Agriculture Department, local farmers have harvested more than 10,000 acres of sesame planted as monsoon crops in Sagaing Township of Sagaing Region.

They planted 24,727 acres of sesame in the township, and so far they have harvested 10,128 acres of crops, yielding more than 10 baskets per acre.

U Myo Thant Aung, the Head of Sagaing Township Agriculture Department said: "This year, farmers planted 24,727 acres of sesame in Sagaing Township. They have reaped more than 10,000 acres of crops and harvesting is in progress. They exceeded cultivation of sesame more than the target plantations. Staff of the department provided aid for local farmers to expand sown acreage of crops with high yield and GAP system."

This year, officials of the township department distributed agricultural techniques to local farmers to expand sown acreage of sesame, use of GAP system and quality seeds.

The crops planted in GAP system can have high quality of crops than other crops, fetch larger prices and chances to sell it at both local and foreign markets. Hence, local farmers can enjoy better benefits in cultivation of crops planted in GAP system to improve their socioeconomic life. 206


A thriving sesame field in Sagaing Township.

# Large volume of Perch fish sent to Yangon market in August

**Labutta October 8**

Fishery entrepreneurs from Labutta Township of Ayeyawady Region shipped a large volume of Perch fish to Yangon market in August, said Daw Mar Mar Aye, the owner of fishery product depot in Labutta Township.

From Labutta Township, about 50,000 viss of perch fish were transported and sold to the Yangon market during July, while between August 1 and 31, the volume increased to about 70,000 viss.

"In the past month, around 70,000 viss of perch fish were exported from our township. As the Yangon market demanded more, sales improved. With stronger exports, trading and fishery businesses are running smoothly," said Daw Mar Mar Aye.

Perch fish exported from Labutta Township to the Yangon market have been priced between K19,500 and K24,000 per viss. With continuous shipments of perch and other fishery products from the area, traders, fishermen, and loading workers are reportedly gaining stable employment and business opportunities.

Kyaw Kyaw Lin


Perch fish available at a local market.

# ChaungU Township completes harvest of more than 1,000 acres of green gram

**ChaungU October 8**

Local farmers have harvested more than 1,000 acres of green gram in ChaungU Township of Saagaing Region this year, according to the township Agriculture Department.

They planted 10,979 acres of green gram in ChaungU Township this year. They started harvest of crops in August this year, and have reaped 1,627 acres of green gram, yielding 18.41 baskets of crops per acre.

U Tint Swe, the Head of ChaungU Township Agriculture Department commented: "Local farmers placed 10,979 acres of croplands under green gram this year. Now, farmers are harvesting the crops. They have so far harvested more than 1,000 acres of crops. Our department shares agricultural knowledge with local farmers for expanding the sown acreage of crops and use of quality seeds for ensuring high yield of crops."

This year, officials of the Township Department raised farmers awareness of using quality seeds of crops, correct agricultural techniques, prevention of pests, systematic use of fertilizers and ensuring high yield of crops.

Officials of the township department cooperate with local farmers in rising the per-acre yield of crops and use of quality seeds, agricultural inputs and post-harvest technology. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်ကြည်းတပ်က Saab Inc. ကုမ္ပဏီမှ Giraffe 1X ရေဒါများဝယ်ယူရန် ဒေါ်လာ ၄၆ သန်းတန်ဖိုးရှိ စာချုပ်ချုပ်ဆိုခဲ့



အမေရိကန်ကြည်းတပ်သည် Saab Inc. ကုမ္ပဏီထံမှ Giraffe 1X ရေဒါများ ဝယ်ယူရန် အမေရိကန်ဒေါ်လာ ၄၆ သန်းတန်ဖိုးရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်ဟု Defence Blog သတင်းဌာနက စက်တင်ဘာ ၃၀ ရက်က ရေးသားဖော်ပြခဲ့သည်။

ဤဝယ်ယူမှုစာချုပ်ချုပ်ဆိုမှုအတွက် ၂၀၂၄ ဘဏ္ဍာနှစ်၏ မဟာမိတ်နိုင်ငံများ စွမ်းရည်တည်ဆောက်ရေးရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၄၆၂၀၄၆၂၀ ကို သုံးစွဲခဲ့ကြောင်း ပင်တဂွန်က ကြေညာခဲ့သည်။

Giraffe 1X ရေဒါသည် ပေါ့ပါးပြီး စွမ်းဆောင်ရည်မြင့်မားသော 3D လေကြောင်းထောက်လှမ်းရေးစနစ်ဖြစ်ပြီး မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေး(GBAD) စစ်ဆင်ရေးအမျိုးမျိုးကို ကူညီပံ့ပိုးရန် ဒီဇိုင်းထုတ်ထားသည်။ Saab ကုမ္ပဏီ၏ ဖော်ပြချက်အရ Giraffe 1X ရေဒါသည် တိုက်ခိုက်မှုအတွက် လိုအပ်သော တိကျသည့်ပစ်မှတ်အချက်အလက်များ၊ ဒရုန်းများကို ထောက်လှမ်းနိုင်သည့်စွမ်းရည်နှင့် အမြောက်၊ ဒုံးကျည်နှင့် မော်တာကျည် တန်ပြန်တိုက်ခိုက်မှုအတွက် အာရုံခံနိုင်စွမ်းနှင့် သတိပေးနိုင်စွမ်းများကို စနစ်တစ်ခုတည်းဖြင့် ပေါင်းစပ်ပေးထားသည်ဟု သိရသည်။ Giraffe 1X ရေဒါ၏ ဒီဇိုင်းမှာ အလွန်ကျစ်လျစ်ပြီး စွမ်းအင်သုံးစွဲမှုလည်း နည်းပါးသည်။ ထို့ကြောင့် မည်သည့်ရွေ့လျားယာဉ်အမျိုးအစားပေါ်တွင်မဆို တပ်ဆင်နိုင်သကဲ့သို့ အမြဲတမ်းတပ်စွဲထားသည့် နေရာများတွင်လည်း တပ်ဖြန့်ထားနိုင်မည်ဖြစ်သည်။ စနစ်တစ်ခုလုံး၏ အလေးချိန်သည် ကီလိုဂရမ် ၁၅၀ အောက်သာရှိပြီး အပေါ်ပိုင်းအစိတ်အပိုင်းသည် ကီလိုဂရမ် ၁၀၀ ခန့်သာရှိသည်။ ဤအချက်ကြောင့် မည်သည့်ပတ်ဝန်းကျင်တွင်မဆို လိုက်လျောညီထွေစွာအသုံးပြုနိုင်သည့် စနစ်တစ်ခုဖြစ်သည်။

Saab Inc.ကုမ္ပဏီထုတ် Giraffe 1X ရေဒါစနစ်သည် မြန်ဆန်တိကျသောအခြေအနေသိမြင်မှုစွမ်းရည်ကို ပေးစွမ်းနိုင်ပြီး လေကြောင်းရန်ကာကွယ်ရေးတပ်မှူးများကို ပြောင်းလဲလာသောခြိမ်းခြောက်မှုများ၊ နည်းဗျူဟာအသစ်များနှင့် စစ်ဆင်ရေးဆိုင်ရာအခြေအနေများကို လျင်မြန်စွာ တုံ့ပြန်နိုင်စေရန် အထောက်အကူပြုသည်။ Saab ကုမ္ပဏီ၏ ပြောကြားချက်အရ Giraffe 1X ရေဒါသည် လေပိုင်နက်တစ်ခုလုံးကို တစ်စက္ကန့်လျှင် တစ်ကြိမ်နှုန်းဖြင့် ရှာဖွေနိုင်ပြီး ၃၆၀ ဒီဂရီ အဆက်မပြတ်စောင့်ကြည့်နိုင်စွမ်းရှိသည်။ ထို့ကြောင့် သေးငယ်ပြီး အနှေးပျံသန်းသောပစ်မှတ်များကိုပင် ထောက်လှမ်းနိုင်စွမ်းကို အာမခံချက်ပေးနိုင်သည်။ ဤစွမ်းရည်သည် လေကြောင်းအခြေအနေကိုလျင်မြန်စွာသိမြင်နိုင်စေပြီး ခြိမ်းခြောက်မှုအမျိုးမျိုးကို ချက်ချင်းထိရောက်စွာတုံ့ပြန်နိုင်စေသည်။

အမေရိကန်ကြည်းတပ်က Saab Inc. ကုမ္ပဏီထံမှ Giraffe 1X ရေဒါများကို ဝယ်ယူလိုက်ခြင်းသည် လက်ရှိစစ်ရေးဗျူဟာများတွင် အရေးကြီးသောအချက်တစ်ချက်ကိုဖော်ပြနေသည်။ သမားရိုးကျရေဒါစနစ်များအစား ပေါ့ပါးပြီးသယ်ယူရလွယ်ကူသည့် Giraffe 1X ကဲ့သို့သောစနစ်ကို ရွေးချယ်ခဲ့ခြင်းက စစ်မြေပြင်၏ လျင်မြန်စွာပြောင်းလဲနေသော လိုအပ်ချက်များကိုဖြည့်ဆည်းရန် ရည်ရွယ်ခြင်းဖြစ်သည်။ ဤရေဒါစနစ်၏ အဓိကအားသာချက်မှာ ဒရုန်းများ၊ သွယ်ဝိုက်ပစ်ခတ်သည့်လက်နက်များနှင့် သမားရိုးကျစနစ်များရှောင်ရှားနိုင်သော အနိမ့်ပျံပစ်မှတ်များကို ထောက်လှမ်းနိုင်ခြင်းပင်ဖြစ်သည်။ ယူကရိန်းပဋိပက္ခကဲ့သို့သော ဒရုန်းများ၏ထိရောက်မှုကို သင်ခန်းစာယူကာ အမေရိကန်ကြည်းတပ်သည် ယခုကဲ့သို့သော တန်ပြန်ထောက်လှမ်းရေးစနစ်များကို ဦးစားပေးဝယ်ယူနေခြင်းဖြစ်သည်။ ထို့ပြင် Giraffe 1X သည် စနစ်တစ်ခုတည်းတွင် လေကြောင်းထောက်လှမ်းရေး၊ ဒရုန်းတန်ပြန်ရေးနှင့် C-RAM စွမ်းရည်များကို ပေါင်းစပ်ထားသောကြောင့် ရှေ့တန်းတပ်များ၊ အရေးကြီးအဆောက်အအုံများနှင့် လှုပ်ရှားတပ်ဖွဲ့များကို ကာကွယ်ရန်အတွက် စွယ်စုံသုံးရေဒါတစ်ခုအဖြစ် အသုံးဝင်စေမည်ဖြစ်ကြောင်း သိရသည်။

**U.S. Army buys lightweight surveillance radars from Saab ကို ဘာသာပြန်ဆိုထားပါသည်။**

## ဆွစ်ဇာလန်ကြည်းတပ်က အသေးစားမီနီဒရုန်းကာကွယ်ရေးစနစ်ဝယ်ယူရန် စီစဉ်နေ

ဆွစ်ဇာလန်ကြည်းတပ်က ၎င်းတို့၏ လေပိုင်နက်ထဲသို့ ဒရုန်းများကျူးကျော်ဝင်ရောက်မှုများကို ကာကွယ်ရန် အသေးစားမီနီဒရုန်း ကာကွယ်ရေးစနစ်တစ်ခု ဝယ်ယူရန်စီစဉ်နေကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဥရောပခေါင်းဆောင်များသည် ဒရုန်းများ ကျူးကျော်ဝင်ရောက်မှုများစွာဖြစ်ပွားပြီးနောက် ဒရုန်းရန်ကာကွယ်ရန်အတွက် ဒရုန်းတားဆီးရေးတံတိုင်းတစ်ခုတည်ဆောက်ရန် ကြိုးပမ်းနေကြခြင်းဖြစ်ကြောင်း သိရသည်။

ဆွစ်ဇာလန်နိုင်ငံသည် ဥရောပသမဂ္ဂ (EU) သို့မဟုတ် NATO ကာကွယ်ရေးမဟာမိတ်အဖွဲ့ဝင်နိုင်ငံ မဟုတ်သော်လည်း နိုင်ငံတွင်းရှိ စစ်ရေးဇုန်များအပေါ် ဒရုန်းများတွေ့ရှိရသည့် ဖြစ်စဉ်များကြောင့် ဖြစ်နိုင်ခြေရှိသောတိုက်ခိုက်မှုများမှ မိမိကိုယ်ကိုကာကွယ်ရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

"ရန်သူ့ မီနီဒရုန်းတွေကို ထိရောက်စွာတန်ပြန်ဖို့ အရေးကြီးနေပါပြီ။ နောက်တစ်ဆင့်ကတော့ အသုံးပြုရမဲ့မော်ဒယ်ကို ရွေးချယ်ပြီး မကြာခင်မှာ ဒီစနစ်ကို အကောင်အထည်ဖော်လုပ်ဆောင်သွားဖို့ပါပဲ"ဟု ဆွစ်ဇာလန်တပ်မတော်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

"လက်ရှိကြည်းတပ်မှာ မိုက်ခရိုဒရုန်း၊ မီနီဒရုန်းနဲ့ အသေးစားဒရုန်းတွေရန်ကနေ ကာကွယ်ရေးနဲ့ ခုခံကာကွယ်ရေး နည်းလမ်းတွေမရှိသေးပါဘူး"ဟု ဆွစ်ဇာလန်ကြည်းတပ်၏ ပြောရေးဆိုခွင့်ရှိသူ Delphine Schwab-Allemand က ပြောကြားခဲ့သည်။

၎င်းက ဆွစ်ဇာလန်တပ်မတော်သည် ယခုနှစ်အတွင်း စစ်ဘက်ဆိုင်ရာနယ်မြေဧရိယာများပေါ် သို့မဟုတ် လေ့ကျင့်ရေးနယ်ပြင်ပ၊ စစ်ရေးလေ့ကျင့်မှုများပြုလုပ်ရာ နေရာများအနီးတွင် မီနီဒရုန်းများ ထပ်တလဲလဲတွေ့ရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

"ပြီးခဲ့တဲ့နှစ်ကစပြီး ဒီလိုဖြစ်စဉ်တွေ အဖြစ်များလာတာ တွေ့ရပါတယ်"ဟု ၎င်းက ဖြည့်စွက်ပြောဆိုခဲ့သော်လည်း စစ်ဘက်အနေဖြင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာအကြောင်းပြချက်များအရ ဖြစ်စဉ်အရေအတွက်၊ သဘောသဘာဝ သို့မဟုတ် မောင်းသူမဲ့စနစ်များကို ခြေရာခံသည့်လုပ်ငန်းစဉ်ကိုမူ ထုတ်ဖော်ပြောကြား၍မရကြောင်း ရှင်းပြခဲ့သည်။



ဆွစ်ဇာလန်နိုင်ငံ၏ ရေရှည်ရပ်တည်ချက်မှာ လက်နက်ကောင်းများတပ်ဆင်ထားသည့် ခေတ်မီတပ်မတော်တစ်ရပ်ဖြင့် ကြားနေရေးမူဝါဒဖြစ်ပြီး ပင်လယ်နှင့် နယ်နိမိတ် ထိစပ်ထားခြင်းမရှိသော ဥရောပနိုင်ငံ၊ ဆွစ်ဇာလန်တွင် အမျိုးသားများအတွက် စစ်မှုမထမ်းမနေရဥပဒေ ကျင့်သုံးဖော်ဆောင်ထားသည်။

မကြာသေးမီလများအတွင်း ကြည်းတပ်သည် စစ်ဘက်ဆိုင်ရာအခြေခံအဆောက်အအုံများကို ခြိမ်းခြောက်လာနိုင်သော အသေးစားမီနီဒရုန်းများကို ထောက်လှမ်း၍ ကြားဖြတ်တိုက်ခိုက်ဖျက်ဆီးနိုင်သည့် ဒရုန်းရန်ကာကွယ်ရေးစနစ်တစ်ခုကို လက်တွေ့စစ်မြေပြင်အခြေအနေမျိုးတွင် စမ်းသပ်နိုင်ခဲ့ကြောင်း သိရသည်။

"ဒီစမ်းသပ်မှုရဲ့ ရလဒ်ကောင်းတွေနှင့်အတူ ဒရုန်းတွေကြီးထွားပျံ့နှံ့လာမှုတွေပေါင်းစပ်လိုက်တဲ့အခါ ကြည်းတပ်အနေဖြင့် ဒီစနစ်ကို ဦးစားပေးအနေနဲ့ဝယ်ယူပြီး တပ်ရင်းတပ်ဖွဲ့တွေ၊ အခြေခံအဆောက်အအုံတွေနဲ့ စစ်လက်နက်ပစ္စည်းတွေကို ကာကွယ်မှုအားကောင်းလာအောင် တွန်းအားပေး လုပ်ဆောင်နိုင်ခဲ့ကြောင်း" ဆွစ်ဇာလန်ကြည်းတပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဆွစ်ဇာလန်နိုင်ငံသည် တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်များကို တီထွင်ထုတ်လုပ်နိုင်ရန် နည်းလမ်းရှာဖွေနေသည့်အပြင် ဆွစ်ဇာလန်နိုင်ငံ ကာကွယ်ရေးပစ္စည်းဝယ်ယူရေး ဖက်ဒရယ်ရုံးသည် စီးပွားဖြစ်သုံး အသေးစားမီနီဒရုန်းများကို ဝယ်ယူရန်အတွက် ကုမ္ပဏီသုံးခုနှင့်လည်း သဘောတူစာချုပ်များကို မူအရ ချုပ်ဆိုထားပြီးဖြစ်ကြောင်း သိရသည်။

**Swiss Seek Mini-Drone Defense System ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၆၂၁ ဧက စိုက်ပျိုးမည်



ယခင်နှစ် ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မင်းကင်း အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၆၂၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက် ပျိုး ရာသီ၌ ပဲတီစိမ်း ၅၆၂၁ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါ ပဲတီစိမ်းစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ပဲတီစိမ်း ၅၆၂၁ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးသွားမှာပါ။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ အထွက်နှုန်းကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာပါ" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်မည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေးပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍သိရသည်။

(၂၀၆)

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးခေါင်းပွပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးခေါင်းပွပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာဝင်းက ပြောပြ၍သိရသည်။



ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် သြဂုတ်လအတွင်းက ငါးခေါင်းပွပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ရကြောင်း၊ အဆိုပါ ငါးခေါင်းပွတစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

" ပန်းတနော်မြို့နယ်က ငါးခေါင်းပွတွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ပြည်တွင်းမှာကို ငါးခေါင်းပွက ဝယ်ယူမှုများပြားနေပါတယ်။ ဒါကြောင့် ငါးလုပ်ငန်းက နယ်ပယ်အသီးသီးကသူတွေ အဆင်ပြေနေပါတယ်" ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့် ငါးခေါင်းပွများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မှတစ်ဆင့် နေပြည်တော်နှင့် အခြားဒေသများသို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသမှရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးခေါင်းပွများအပါအဝင် ဒေသရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

အဆိုပါငါးများ နေ့စဉ်တင်ပို့ရောင်းချလာရသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာဝင်းက ပြောပြ၍သိရသည်။

**ကျော်ကျော်လင်း**

# မိတ္ထီလာမြို့နယ် ပျော်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိတ္ထီလာ အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ညောင်မြင့်ကျေးရွာအုပ်စု ပျော်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၀၄ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက်မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပျော်ကုန်းကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ခုနစ်သိန်းနှင့် ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၂၉၇ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၃ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၀၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**




# သာစည်မြို့နယ် မြို့ကြီးကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းများဆောင်ရွက်ထားရှိမှု စစ်ဆေး



**သာစည် အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေဝကျေးရွာအုပ်စု မြို့ကြီးကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြို့ကြီးကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း ရန်ပုံငွေကျပ် ၄၃ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး လုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားများ ပြည့်စုံမှုရှိမရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့ကြီးကုန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ်၂၄ ဒသမ ၁ သန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၁၈ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၃ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေကျပ် ၄၃ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ဆက်လက်ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



ရှေ့ဖုံးမှအဆက်

ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ဇမ္ဗူရောင်ကွန့် (ဘွဲ့)” သီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

“ခေတ်ဟောင်း၊ ကာလပေါ်” တေးသီချင်း အဆိုပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်မင်းရာဇာခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊
















ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက“အတုအယောင်” သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ကောက်ရိုက်ချိန်”သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မမေ့သောအညာ” သီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

အလားတူ အကပြိုင်ပွဲကို ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက်၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း ကကြိုးကကွက် စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

ထို့အတူ ဒုံမင်းအတီးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြိုင်ကြီးဟေမာ(ယိုးဒယား)”သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မဟာဇနက(ကာလပေါ်)” သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ မြိုင်ဟေမာ (ယိုးဒယား)”သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြိုင်ကြီးဟေမာ(ယိုးဒယား) “သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “အနန္တငါးဖြာ(ကာလပေါ်)” သီချင်းဖြင့်လည်းကောင်းအခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဆန်းဆန်းသဥ္စာကြာညောင် (ယိုးဒယား)” သီချင်းဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

အလားတူ တယောအတီးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “နှစ်ကိုယ်သစ္စာ(ပတ်ပျိုး)”သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “မြိုင်ကြီးဟေမာ(ယိုးဒယား)” သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြိုင်ကြီးဟေမာ(ယိုးဒယား)” သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့အတူ ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲကို ပုဗ္ဗသီရိခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ယမုံနာ (ပတ်ပျိုး)” သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲများက “မင်းလမ်းစပ်ကာ(ကြိုး)” သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “စိမ်းလဲ့လဲ့ညိုပြာ(ကြိုး)” သီချင်းဖြင့်လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

ယနေ့ ပြိုင်ပွဲဒုတိယနေ့၌ သတ်မှတ်နေရာများတွင် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မြန်မာနိုင်ငံတွင်ရောက်ရှိနေသည့် ဘယ်လာရုစ်တေးဂီတအဖွဲ့တို့က လာရောက်ကြည့်ရှုအားပေးကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ကျင်းပရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ရိုးရာအကများကို နှစ်စဉ် မဲနှိုက်ရွေးချယ်၍ ယှဉ်ပြိုင်ရသည့် အစီအစဉ်ကို နှစ်စဉ် ထည့်သွင်းကျင်းပလေ့ရှိပြီး ယခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး၏ ထားဝယ်ရိုးရာ “ယန်းအက”ကို ပြိုင်ပွဲတတိယနေ့တွင် ပြိုင်ပွဲဝင်များက ပြည်နယ်နှင့် တိုင်းဒေသကြီး အလိုက် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)က ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများအတွက် အိမ်သုံးဆိုလာပစ္စည်းများနှင့် ခြင်ထောင်များ လာရောက်လှူဒါန်း





**နေပြည်တော် အောက်တိုဘာ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Blue Sky Rescue Team က မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)မှတစ်ဆင့် နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများအတွက် အိမ်သုံးဆိုလာပစ္စည်းများနှင့် ခြင်ထောင်များကို ယနေ့တွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ လာရောက်ပေးအပ်လှူဒါန်းသည်။

နံနက်ပိုင်းတွင် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦးသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများအတွက် အိမ်သုံးဆိုလာပစ္စည်း အစုံ ၁၀၀ နှင့် ခြင်ထောင် အလုံး ၄၀၀ တို့ကို နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့အတူ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌသည် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများအတွက် အိမ်သုံးဆိုလာပစ္စည်း အစုံ ၁၀၀ ကို အဆိုပါ ဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အလားတူ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌသည် ကျန်းမာရေး ဝန်ကြီးဌာနရှိ ကျေးလက်ကျန်းမာရေး ဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ နှင့် ဆေးပေးခန်းများတွင် အသုံးပြုရန် အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Blue Sky Rescue Team က မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)မှ တစ်ဆင့် ပေးပို့လှူဒါန်းသည့် အိမ်သုံးဆိုလာပစ္စည်း အစုံ ၁၀၀ ကို ကျန်းမာရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယ ဝန်ကြီး ဒေါက်တာအေးထွန်းနှင့် တာဝန်ရှိသူ များက လက်ခံရယူကြပြီး ပြည်ထောင်စု ဝန်ကြီးက ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**❍ ကျောက်မဲမြို့မှ**

ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေး သူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ် ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံ များ ပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက် ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ တွင် ကျောက်မဲမြို့ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းအား စတင်ဖွင့်လှစ် ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ စိတ်အေး ချမ်းသာစွာ ပညာသင်ကြားလျက်ရှိကြောင်း



ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ ကျောက်မဲမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးစဉ်။



လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာနေထိုင်လျက်ရှိသည့်နေရာများတွင် မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နှင့် ကျောင်းအပ်လက်ခံခြင်းများ ဆက်လက် ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းလာ ရောက်အပ်နှံမှုအနေဖြင့် ကျောင်းသား၊ ကျောင်းသူ ၈၃၆ ဦး ထပ်မံကျောင်းအပ်နှံ ခဲ့ပြီး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၀၄၂ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ အဆိုပါ ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများကို ပညာရေး ဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်း ပေးအပ်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူ များက လိုအပ်သည်များ ဆောင်ရွက်ပေး ကြသည်။

ထို့အတူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာနက ကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံ ပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။ အလားတူ လုံခြုံရေး တပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာန ဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာ နေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်း လင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေး ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၀၅ ဦးနှင့် ဆေးရုံ တက်ရောက်ကုသရန်လိုအပ်သော လူနာ နှစ်ဦးတို့ကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိကြောင်း သတင်းရရှိသည်။ **(၅၀၁)**

**☆ ကျောဖုံးမှအဆက်**

ဆက်လက် ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြန်လည် ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်း များအတွက် လိုအပ်သော HRB 500 အမျိုး အစား သံချောင်းလုံးများကို ပေးပို့လျက်ရှိရာ ပထမအကြိမ်တွင် သံချောင်းလုံး တန်ချိန် ၄၈၆ ဒသမ ၈၈၆ တန်နှင့် ယခုအကြိမ်တွင် သံချောင်းလုံး တန်ချိန် ၄၉၀ ဒသမ ၅၃ တန် ပို့ဆောင်ပေးခဲ့ပြီး စုစုပေါင်း သံချောင်းလုံး တန်ချိန် ၉၇၇ ဒသမ ၄၁၄ တန် ပို့ဆောင်လွှဲ ပြောင်းခဲ့ပြီးဖြစ်ကြောင်းနှင့် အလားတူစစ်ကိုင်း တိုင်းဒေသကြီးအတွင်းရှိ ပြန်လည်ထူထောင် ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ အတွက် လိုအပ်သော HRB 500 အမျိုးအစား သံချောင်းလုံးများကို ဆက်လက်ပို့ဆောင် ပေးရန် စီစဉ်ထားရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင် သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

# “နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြစို့” ရွေးကောက်ပွဲနှီးဆော် အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစတာ စိုက်ထူဖွင့်လှစ်ပွဲအခမ်းအနား ကျင်းပ



**မန္တလေး အောက်တိုဘာ ၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပြည်သူများ မိမိတို့၏ဆန္ဒမဲပေးပိုင်ခွင့်များ ဆုံးရှုံးမှုမရှိစေရေးအတွက် ရွေးကောက်ပွဲ နှိုးဆော်အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစတာ စိုက်ထူဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေး မဟာအောင်မြေခရိုင် ချမ်းအေးသာစံမြို့နယ် ၇၈လမ်းနှင့် လမ်း ၃၀ ထောင့်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မရှင်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရွေးကောက်ပွဲ နှိုးဆော်အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့ကို ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းခရိုင်နှင့် မိုင်းဖြတ်မြို့နယ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ် (မြောက်ပိုင်း) တာဝန်ခံ ဦးမြင့်ဦးနှင့် (အရှေ့ပိုင်း) တာဝန်ခံ ဦးမျိုးမောင်တို့သည် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် တာချီလိတ်ခရိုင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ မိုင်းဖြတ်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူးများ၊ ဌာနဆိုင်ရာများနှင့် မိုင်းဖြတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် တွေ့ဆုံပြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် အပိုင်းလိုက်ခွဲပြီး ဆောင်ရွက်မည့်အခြေအနေ၊ ပထမအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာပြီးစီးမှုအခြေအနေနှင့် ပုံစံ (၃)၊ ပုံစံ (၃-က)၊ ပုံစံ (၄)၊ ပုံစံ(၄-ဂ)တို့၏ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ရွေးကောက်ပွဲကျင်းပမည့်မြို့နယ်များအတွက် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များ ဖြန့်ခွဲသယ်ဆောင်အသုံးပြုမည့်အခြေအနေ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များတွင် Insta-llation လုပ်ဆောင်ရမည့် အခြေအနေ၊ ခရိုင်၊ မြို့နယ် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ကြီးကြပ်မှုအဖွဲ့နှင့် နည်းပညာအထောက်အကူပြုအဖွဲ့များ၏ လုပ်ငန်းစီမံဆောင်ရွက်ရမည့် အခြေအနေ၊ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးရေးတို့တွင် စနစ်တကျခွင့်ပြုပေးရမည့် လုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှုများ၊ ပြစ်မှုပြစ်ဒဏ်များ၊ ကြိုတင်မဲပေးခြင်းဆိုင်ရာကိစ္စရပ်များနှင့် မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးအခြေအနေများကို ချပြရှင်းလင်းဆွေးနွေးသည်။

အစည်းအဝေးသို့ တက်ရောက်လာသော ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တင်ပြချက်များ ဖြည့်စွက်ဆွေးနွေးခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

| | | |
|---|---|---|
| ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း | ၁။ ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| | ၂။ ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| | ၃။ ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| | ၄။ Myawady Webportal | (https://myawady.net.mm) |
| | ၅။ Myanmar National Portal | (https://myanmar.gov.mm) |

# ရောဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ် ၄၁/၂၀၂၅
၁၃၈၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
(၂၀၂၅ ခုနှစ် အောက်တိုဘာလ ၈ ရက်)

**ရောဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ ပုဒ်မခွဲ (ခ)အရ ဒေါ်မိုးမိုးအေးအား ရောဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

# ရောဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ် ၄၂/၂၀၂၅
၁၃၈၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
(၂၀၂၅ ခုနှစ် အောက်တိုဘာလ ၈ ရက်)

**ရောဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ ပုဒ်မခွဲ (ခ)အရ ဒေါက်တာအောင်ထွန်းလင်းအား ရောဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

# ဟုမ္မလင်းမြို့ရှိ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာနေ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံ



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ရှိ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာတွင် နေထိုင်လျက်ရှိသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(၅၀၁)**

# ၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကျင်းပနေမှုကို ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ သွားရောက်လေ့လာ



**နေပြည်တော် အောက်တိုဘာ ၈**

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ ချစ်ကြည်ရေး တိုးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့သည် ယနေ့တွင် ၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ကျင်းပနေမှုကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ပြိုင်ပွဲဝင်များ၏ ဒုံမင်းအတီးပြိုင်ပွဲ တီးခတ်ယှဉ်ပြိုင်နေမှုကို လည်းကောင်း၊ အမျိုးသားပြတိုက်၌ "မဟာဂီတ" တေးသီချင်း အဆိုပြိုင်ပွဲသီဆိုယှဉ်ပြိုင်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြပြီး မြန်မာ့ရိုးရာ တူရိယာများ သရုပ်ပြတီးခတ်ပြသမှုကို စိတ်ဝင်တစားကြည့်ရှုလေ့လာကြသည်။

ညနေပိုင်းတွင် ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့သည် အကပြိုင်ပွဲနှင့် ဆိုင်းအတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့ကို သွားရောက်ကြည်ညို လေ့လာကြသည်။

အဆိုပါ ဖျော်ဖြေရေးအဖွဲ့သည် မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ဖျော်ဖြေရေးအစီအစဉ်များ ဆောင်ရွက်ခဲ့ကြပြီး ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် မြန်မာ-ရုရှား-ဘယ်လာရုစ် သုံးနိုင်ငံ ဖျော်ဖြေပွဲ ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၈**

မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံချစ်ကြည်ရေးတိုးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ခေါင်းဆောင် တေးဂီတပညာရှင်နှင့် တေးရေး၊တေးဆို Mr Vladimir Sukolinsky ဦးဆောင်သည့်အဖွဲ့နှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Alexander Ostrovsky တို့သည် ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် GTL ကုမ္ပဏီမှ ဒေါက်တာစိန်ထူးတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဘယ်လာရုစ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် မိတ်ဆွေကောင်းနိုင်ငံဖြစ်ပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုရှိပြီးဖြစ်၍ ယခုကဲ့သို့ ဂီတဖျော်ဖြေပွဲများ ပြုလုပ်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူများအကြား ပေါင်းကူးတံတားသဖွယ် ရင်းနှီးမှုကို တိုးမြှင့်ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ ယခုလာရောက်ဖျော်ဖြေပေးသည့် အဖွဲ့၏တင်ဆက်မှုကို MRTV သတင်းများတွင် ပြည့်စုံစွာ ထည့်သွင်းထုတ်လွှင့်ပြီး အကျယ်တဝင့် ဖော်ပြပေးလျက်ရှိပါကြောင်း၊ မြန်မာ-ရုရှား-ဘယ်လာရုစ် သုံးနိုင်ငံ ပူးပေါင်း၍ ဂီတဖျော်ဖြေပွဲကို ရန်ကုန်မြို့နှင့် နေပြည်တော်တို့၌ ဆက်လက်ကျင်းပ ပြုလုပ်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။



ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Alexander Ostrovsky နှင့် ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ ခေါင်းဆောင် တေးဂီတပညာရှင်နှင့် တေးရေး၊တေးဆို Mr Vladimir Sukolin-sky တို့က မြန်မာနိုင်ငံသည် ကိုယ်ပိုင်ယဉ်ကျေးမှုရှိပြီး နိုင်ငံသူ၊ နိုင်ငံသားများက ယဉ်ကျေးပျူငှာဖော်ရွေမှုရှိကာ ယခုကဲ့သို့ ဂီတဖျော်ဖြေပွဲများ ပြုလုပ်ခွင့်ရရှိသဖြင့် နှစ်နိုင်ငံပြည်သူများအကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ ဖျော်ဖြေရေးအဖွဲ့သည် မန္တလေးနှင့်ပြင်ဦးလွင်တို့၌ ဖျော်ဖြေခဲ့ကြပြီးဖြစ်ကြောင်းနှင့် ရန်ကုန်နှင့် နေပြည်တော်တို့တွင် မြန်မာ-ရုရှား-ဘယ်လာရုစ် သုံးနိုင်ငံဖျော်ဖြေပွဲ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အာမခံအလုပ်သမားများ၏ သားသမီးများကို ပညာသင်စရိတ် ထောက်ပံ့ခြင်းနှင့် မန္တလေးငလျင်ဘေးသင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်ပေးအပ်



**နေပြည်တော် အောက်တိုဘာ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အာမခံအလုပ်သမားများ၏ သားသမီးများအား ပညာသင်စရိတ်ဆိုင်ရာမိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်ပေးအပ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကောင်စီအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အလုပ်ဌာနများမှ အလုပ်ရှင်များ၊ အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှစတင်၍ အာမခံအလုပ်သမားများ၏ အချိန်ပြည့် ပညာသင်ကြားနေသော သားသမီးများအတွက် ပညာသင်စရိတ် ခွင့်ပြုထုတ်ပေးလျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ပညာသင်စရိတ်လျှောက်ထားလာသည် အာမခံအလုပ်သမား ၃၈၃၉ ဦး၏ သားသမီး ၅၁၉၇ ဦးအတွက် ပညာသင်စရိတ် ထောက်ပံ့ကြေး ငွေကျပ် ၂၂၀ ဒသမ ၅၃၀ သန်း ထောက်ပံ့ပေးအပ်မည်ဖြစ်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးရှိ အာမခံအလုပ်သမား ၇၂၇၉၄ ဦး၏ သားသမီး ၉၅၄၁၂ ဦးအတွက် ငွေကျပ် ၃ ဒသမ ၇၈၇ ဘီလီယံကျော်ကို Online Payment စနစ်ဖြင့် အာမခံအလုပ်သမားများထံသို့ ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် မန္တလေးငလျင်ဘေးသင့်သည့် အာမခံအလုပ်သမား ၆၇၅၇ ဦးအတွက် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ငွေကျပ် ၅၆၇ ဒသမ ၃၆၅ သန်းကိုလည်း ခွင့်ပြုထုတ်ပေးမည်ဖြစ်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုမှ အာမခံအလုပ်သမား ၇၉၇၉၅ ဦးအတွက် ငွေကျပ် ၆ ဒသမ ၆၇၅ ဘီလီယံကျော် Online Payment စနစ်ဖြင့် ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် ငွေကြေး အကျိုးခံစားခွင့်များကို ကြန့်ကြာမှုမရှိစေဘဲခွင့်ပြုထုတ်ပေး ဆောင်ရွက်လျက်ရှိပြီး အလုပ်ရှင်၊ အလုပ်သမားများ ယုံကြည်အားထားရသည့် အဖွဲ့အစည်းတစ်ခုအဖြစ် အခိုင်အမာရပ်တည်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း၊ ငွေကျပ် ၅၆၇ ဒသမ ၃၆၅ သန်းကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက နေပြည်တော်ကောင်စီဝင်ထံသို့ ပညာသင်စရိတ်ထောက်ပံ့ကြေး ငွေကျပ် ၂၂၀ ဒသမ ၅၃၀ သန်းကိုလည်းကောင်း လွှဲပြောင်းပေးအပ်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီရုံးအတွင်း ရွေ့လျားဆေးကုသယာဉ် (MMU)ဖြင့် အာမခံလုပ်သားများကို ကျန်းမာရေး စောင့်ရှောက်မှုဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က “ဂျုံသီးနှံအတွက် ချေးငွေထုတ်ချေးပေးမည့်အစီအစဉ်” အသိပေးကြေညာချက်

၁။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမား ဦးကြီးများသို့ စိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ်ထုတ်ချေးပေးလျက်ရှိပြီး တောင်သူလယ်သမားကြီးများကလည်း သီးနှံပေါ်ချိန်တွင် ချေးငွေများအချိန်မီ ပြန်လည်ပေးဆပ်ခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်နှင့် တောင်သူဦးကြီးများအကြား နှစ်ဦးနှစ်ဖက် တာဝန်ကျေပွန်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

၂။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးရာတွင် စပါးသီးနှံအပါအဝင် သီးနှံ ၂၃ မျိုးကို မိုး၊ ဆောင်း၊ မိုးကြိုရာသီအလိုက် စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးလျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် ဂျုံသီးနှံတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၂၅ ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေမှစတင်၍ ဂျုံသီးနှံချေးငွေကို တစ်ဧကချေးငွေကျပ် ၁၅၀၀၀၀ နှုန်း၊ တစ်နှစ်လျှင်အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲများကတစ်ဆင့် ထုတ်ချေးပေးသွားမည်ဖြစ်သည်။

၃။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားဦးကြီးများအနေဖြင့် ဂျုံသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်ဘဏ်ခွဲများနှင့် အမြန်ဆုံးဆက်သွယ်ကြရန်ဖြစ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ အောက်တိုဘာ ၁၂ ရက် နောက်ဆုံးထားလျှောက်ထားနိုင်သည်။

## စစ်တောင်းမြစ်ရေ မဒေါက်မြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်

နေပြည်တော် အောက်တိုဘာ ၈

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ သုံးလက်မခန့် ကျော်လွန်နေပြီး နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။ သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်နိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သိရသည်။

## လှိုင်ကော်တက္ကသိုလ်တွင် အဝေးသင် သင်တန်း တက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ကြေညာချက်**

**လှိုင်ကော်တက္ကသိုလ်တွင် အဝေးသင် သင်တန်း တက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန တောင်ကြီးတက္ကသိုလ်၏ ၂၀၂၅ ပညာသင်နှစ် အဝေးသင် သင်တန်းတွင် ကျောင်းအပ်နှံထားသော လှိုင်ကော်တက္ကသိုလ်(အဝေးသင် သင်တန်း)မှ ကျောင်းသား၊ ကျောင်းသူများသည် ၂၀၂၅ ပညာသင်နှစ် ဒုတိယအသုတ်နှင့် တတိယအသုတ် အနီးကပ်သင်တန်းနှင့် စာမေးပွဲများကို လှိုင်ကော်တက္ကသိုလ်တွင် တက်ရောက်ဖြေဆိုကြရမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန**

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်ထိ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထား ကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ၂၀၂၅ ခုနှစ် အောက်တိုဘာ ၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး




**ကလေးများများလျှင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်နိုင်၍ ဂရုပြုသတိထားစောင့်ကြည့်ပါ။**

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ သွေးလွန်တုပ်ကွေးရောဂါ
ကာကွယ်နှိမ်နင်းရေးစီမံချက်နှင့်
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့
ပူးပေါင်းထုတ်ဝေသည်။ ၂၀၂၅ ခုနှစ်


## သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ




## သွေးလွန်တုပ်ကွေးရောဂါ

- သွေးလွန်တုပ်ကွေးရောဂါပိုး သယ်ဆောင်သော ခြင်ကျား (*Aedes*) အကိုက်ခံရခြင်းမှ တစ်ဆင့်ကူးစက်သည်။
- အသက်အရွယ်မရွေးဖြစ်နိုင်ပြီး အသက်(၁၅)နှစ်အောက်ကလေးများ အထူးသဖြင့်အသက်(၅)နှစ်မှ (၉)နှစ်အရွယ်ကလေးများတွင် အများဆုံးဖြစ်ပွားသည်။
- အသက်(၁၅)နှစ်အထက်လူကြီးများတွင် ဖြစ်ပွားပါက သေဆုံးမှုနှုန်းမြင့်မားသည်ကို တွေ့ရသည်။
- တစ်နှစ်ပတ်လုံးကူးစက်နိုင်ပြီး မိုးရာသီတွင်အများဆုံးဖြစ်ပွားသည်။ တောရောမြို့ပါဖြစ်ပွားသည်။



- ခြင်ကျားသည် နေ့အချိန်တွင် ပိုကိုက်သည်။
- ခြင်ကျားလောက်လန်းသည် ရေကြည်ရေသန့်နှင့် မိုးရေတင်ကျန်နိုင်သည့်ဘူး၊ ခွက်၊ တာယာဟောင်းများထဲတွင် ပေါက်ပွားပါသည်။

## သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများ

- လတ်တလော ဖျားနာခြင်း(၂-ရက် မှ ၇-ရက်ခန့်)
- ဗိုက်နာခြင်း၊ ပျို့အန်ခြင်း၊ ကိုယ်ခန္ဓာတွင် အနီစက်များ ထွက်ခြင်းတို့ ဖြစ်တတ်သည်။
- စတင်ဖျားသည့်အချိန်မှစ၍(၃)ရက်မှ(၅)ရက်အတွင်း သွေးလန့်သည့် လက္ခဏာများပေါ်၍ အသက်အန္တရာယ်ရှိနိုင်သည်။

## သွေးလန့်သည့်လက္ခဏာများ

- (၃)ရက်မှ(၅)ရက်အတွင်း အဖျားကြီးရာမှ ရုတ်တက်ရက်အဖျားကျကာ ခြေဖျား၊ လက်ဖျားများ အေးစက်ခြင်း၊ နလုံးခုန်မြန်ခြင်း
- မကြာခဏအော့အန်ခြင်း၊ အညိုရောင်အရည်များအန်ခြင်း။
- အစားမဝင်ခြင်း၊ ကလေးမှိန်းလွန်းခြင်း။
- ကတ္တရာစေးရောင် ဝမ်းအမည်းများသွားခြင်း။
- သွားဖုံး အသားနများမှ သွေးထွက်ခြင်း



**အထက်ပါသွေးလန့်သည့်လက္ခဏာများရှိလျှင် နီးစပ်ရာဆေးရုံသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူပါ။**

## ခြင်ကျားလောက်လန်းပေါက်ပွားရာနေရာများ

- အဓိကရေသိုလှောင်ပစ္စည်းများဖြစ်သည့် ရေစည်၊ ရေအိုး၊ ရေကန်များ
- ဘုရားပန်းအိုး၊ နတ်ပန်းအိုး၊ အလှပန်းအိုးများ၊ ရေတင်ကျန်နိုင်သည့် ဘူးခွံ၊ ခွက်ခွံ၊ တာယာဟောင်းများ
- သဘာဝအလျောက် မိုးရေတင်ကျန်လေ့ရှိသော သစ်ပင်အခေါင်း၊ အုန်းလက်၊ ငှက်ပျောလက်များ စတ်ပြီး အငုတ်ကျန်ခဲ့သော ဝါးဆစ်များ

## ကျောင်းများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ

- သွေးလွန်တုပ်ကွေးရောဂါအကြောင်းဟောပြောပို့ချပါ။
- ကျောင်းသား၊ ကျောင်းသူများ ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းတိုက်ချွတ်သည့်လုပ်ငန်းများ ဆောင်ရွက်တတ်စေရန် လေ့ကျင့်သင်ကြားပေးပါ။
- မိုးရာသီတွင် ကျောင်းသား၊ ကျောင်းသူများ ဖျားနာပါက ကျန်းမာရေးဌာနသို့ အလျင်အမြန်ပြသပါ။



# သန်လျင်မြို့နယ်၌ တက္ကစီယာဉ်မောင်းကို သတ်ဖြတ်၍ မော်တော်ယာဉ် လုယက်ယူဆောင်ခဲ့သူနှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၈**

အောက်တိုဘာ ၅ ရက် ညနေ ၅ နာရီတွင် သာကေတမြို့နယ် အမှတ်(၃)ရန်ပြေရပ်ကွက် ရန်ပြေ(၁၈)လမ်းနေ ဦးစံသိန်း ၅၆ နှစ်သည် ၎င်းမောင်းနှင်သည့် YGN-21 BB/8983 TOYOTA PROBOX အမျိုးအစား အဖြူရောင်(အငှား)ယာဉ်ဖြင့် ထွက်ခွာသွားပြီး ည ၉ နာရီထိ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ၎င်းကိုင်ဆောင်သည့်လက်ကိုင်ဖုန်းမှာလည်း စက်ပိတ်ထားသောကြောင့် ကူညီစုံစမ်းပေးပါရန် သာကေတမြို့မရဲစခန်းသို့ ဆက်သွယ်အကူအညီတောင်းခံလာသဖြင့် ရဲတပ်ဖွဲ့ဝင်များက ရဲစခန်းအချင်းချင်းချိတ်ဆက်၍ စုံစမ်းရှာဖွေခြင်းများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၆ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာအုပ်စု အလယ်ရွာကျေးရွာ သီလဝါခြောက်လမ်းသွား ကားလမ်း မိုင်တိုင်အမှတ် ၈ မိုင် ၇ ဖာလုံနှင့် ၉ မိုင်အကြား လမ်းဝဲဘက်ခြမ်းအမှိုက်ပုံ၌ ဦးစံသိန်းအား ထိုးသွင်းဒဏ်ရာ ၃၁ ချက်ဖြင့် သေဆုံးနေသည်ကို ပြန်လည်တွေ့ရှိခဲ့သောကြောင့် သန်လျင်မြို့မရဲစခန်းက (ပ)၃၅၅/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၉၂ ဖြင့် အမှုရေးဖွင့်စစ်ဆေးဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေးအတွက်လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထုနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်ခြင်းများ




ပြစ်မှုကျူးလွန်သူနှစ်ဦးကို ၎င်းတို့စွန့်ပစ်ခဲ့သည့် သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။



ဖြစ်စဉ်မှ ပြန်လည်သိမ်းဆည်းရရှိသည့် သက်သေခံယာဉ်၏ မှတ်တမ်းဓာတ်ပုံ။

ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူများမှာ သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာ တောင်ဘက်ကွင်းနေ ထက်ရှိုင်းဇော် ၁၇ နှစ်နှင့် သုံးခွမြို့နယ် ပုလဲစံပြကျေးရွာ အဆောင်နေ သက်ဝေဦး ၁၇ နှစ်တို့ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ ထက်ရှိုင်းဇော်အား အောက်တိုဘာ ၆ ရက် ညနေ ၅ နာရီတွင် အမှုထမ်းရပ်ကွက်ရှိ ခမ္မရောင်ခြည် ဘုန်းကြီးကျောင်းဝင်း အတွင်းမှ ဖြစ်စဉ်တွင် ပျောက်ဆုံးနေသည့် TOYOTA PROBOX မော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး သက်ဝေဦးကို ယင်းနေ့ည ၈ နာရီ မိနစ် ၅၀ တွင် ၎င်းနေထိုင်သည့်အဆောင်မှ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ၎င်းတို့နှစ်ဦးသည် အောက်တိုဘာ ၅ ရက် ည ၈ နာရီ ၁၀ မိနစ်တွင် သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရားပွဲ၌ အရက်သေစာသောက်စားမူးယစ်ပြီး ဦးစံသိန်းမောင်းနှင်သည့်အငှားယာဉ်ကို စီးနင်းခဲ့ကြောင်း၊ သန်လျင် - ကျိုက်ခေါက်ဘုရားကားလမ်း ဆည်မြောင်းခုံးထိပ်အနီးအရောက် ယာဉ်မောင်းက ယာဉ်စီးခတောင်းခံခြင်းနှင့် ပတ်သက်၍စကားများပြီး ထက်ရှိုင်းဇော်က ယူဆောင်လာသည့် ကတ်ကြေးဖြင့်ထိုးရာ ယာဉ်မောင်းက ဝက်အူလှည့်ဖြင့် ပြန်လည်ခုခံတိုက်ခိုက်ခဲ့သဖြင့် သက်ဝေဦးက အဆိုပါ ဝက်အူလှည့်အား လုယူ၍ ပြန်လည်ထိုးခဲ့ကြောင်း၊ ယာဉ်မောင်းသေဆုံးသွားသည့်အခါ ထက်ရှိုင်းဇော်က အဆိုပါယာဉ်ကို မောင်းနှင်လာခဲ့ကာ သီလဝါခြောက်လမ်းသွားလမ်းပေါ်အရောက်၌ ယာဉ်မောင်း၏ အလောင်းအား စွန့်ပစ်ခဲ့ပြီး ယာဉ်နံပါတ်ပြားများနှင့် အခြားဆက်စပ်ပစ္စည်းများကို စစ်ပင်ကွင်းကျေးရွာအနီး၌ စွန့်ပစ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည့်အတွက် သိမ်းဆည်းနိုင်ရေးဆောင်ရွက်ခဲ့ရာ စစ်ပင်ကွင်းကျေးရွာအနီး ချောင်းသစ်ကွင်းမှ မော်တော်ယာဉ်နံပါတ်ပြား နှစ်ခု၊ အဆိုပါယာဉ်နှင့်ပတ်သက်သည့် ဆက်စပ်ပစ္စည်းများ၊ ဦးစံသိန်းပိုင်ဆိုင်သည့် လက်ကိုင်ဖုန်းတစ်လုံးနှင့် အရိုးအသွားခြောက်လက်မခွဲခန့်ရှိ ဦးချွန်ကတ်ကြေးတစ်ခုတို့ကို ထပ်မံသိမ်းဆည်းရရှိခဲ့သည်။

ထိုသို့အငှားယာဉ်မောင်းကို သတ်ဖြတ်ကာ မော်တော်ယာဉ် လုယက်မှုကျူးလွန်ခဲ့သူ ထက်ရှိုင်းဇော်နှင့်သက်ဝေဦးတို့ကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (၅၀၁)

# ပန်းဘဲတန်းမြို့နယ်ရှိ 32nd Beauty Land Hotel ၌ အမျိုးသမီးငယ်တစ်ဦးကို ရက်စက်စွာသတ်ဖြတ်ခဲ့သူနှင့် ပူးပေါင်းပါဝင်သူတို့ကို ဖော်ထုတ်ဖမ်းဆီး



အောင်ခန့်ကျော်ဇင်



အေမွန်အောင်



ပန်းဘဲတန်းမြို့နယ်ရှိ 32nd Beauty Land Hotel ၌ အမျိုးသမီးတစ်ဦးကို ရက်စက်စွာ သတ်ဖြတ်မှုကျူးလွန်ခဲ့သူနှင့် အလောင်းဖျောက်ဖျက်ရာတွင် ပူးပေါင်းပါဝင်ခဲ့သူ၏ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၈**

အောက်တိုဘာ ၆ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၁၁)ရပ်ကွက်ရှိ 32nd Beauty Land Hotel ငါးလွှာ အခန်းအမှတ်(၅၀၂) ပြတင်းပေါက်အပြင်ဘက် Air Con Outdoor နှစ်ခုကြားရှိ အမှိုက်အိတ်အတွင်း၌ သေဆုံးနေသည့် အမျိုးသမီးတစ်ဦး တွေ့ရှိရကြောင်း သတင်းအရ ရဲတပ်ဖွဲ့ဝင်များကသွားရောက်စစ်ဆေးခဲ့ရာ ပလတ်စတစ်အမှိုက်အိတ်အတွင်း၌ သတ်ဖြတ်ခံထားရပြီး ဝမ်းတွင်းကလီစာများနှင့် ဝဲဘက်ပေါင်အသားများ လှီးဖြတ်ထုတ်ယူထားခြင်းခံထားရသည့် အသက် ၂၀ နှစ်ခန့် အမည်မသိအမျိုးသမီးတစ်ဦး၏အလောင်းအား တွေ့ရှိရသဖြင့် ပန်းဘဲတန်းမြို့မရဲစခန်းက (ပ)၉၆/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ-၃၀၂ ဖြင့် အမှုရေးဖွင့်စစ်ဆေးဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခြင်းများဆောင်ရွက်ခဲ့ရာ သေဆုံးသူမှာ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်နေ မစုမြတ်ဝင်း ၂၃ နှစ်ဖြစ်ကြောင်းနှင့် ပြစ်မှုကျူးလွန်သူများမှာ သာကေတမြို့နယ် အမှတ်(၇)အရှေ့ရပ်ကွက်နေ အောင်ခန့်ကျော်ဇင် ၁၈ နှစ်နှင့် ၎င်း၏ရည်းစားဖြစ်သူ ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်ရပ်ကွက် အောင်ချမ်းသာအိမ်ရာနေ အေမွန်အောင် ၁၈ နှစ်တို့ဖြစ်ကြောင်း စုံစမ်းဖော်ထုတ်သိရှိရသဖြင့် ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ ၎င်းတို့နှစ်ဦးကို အောက်တိုဘာ ၇ ရက် နေ့လယ်ပိုင်းတွင် ၎င်းတို့၏နေအိမ်အသီးသီး၌ ဖမ်းဆီးရမိခဲ့ပြီး အောင်ခန့်ကျော်ဇင်၏နေအိမ်မှ ပြစ်မှုကျူးလွန်စဉ် ၎င်းဝတ်ဆင်အသုံးပြုခဲ့သည့် အဝတ်အစားများ၊ စတီးဓားနှစ်ချောင်း၊ သေဆုံးသူကိုင်ဆောင်သည့် လက်ကိုင်ဖုန်းတစ်လုံးအပါအဝင် လက်ကိုင်ဖုန်း သုံးလုံးနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရရှိခဲ့သည်။

ပြစ်မှုကျူးလွန်သူတရားခံ အောင်ခန့်ကျော်ဇင်၏ ထွက်ဆိုချက်အရ ၎င်းသည် ဂိမ်းအလွန်အကျွံကစားခြင်း၊ လူသတ်အလောင်းဖျောက်သည့် နိုင်ငံခြားဇာတ်လမ်းတွဲများအား အလွန်အကျွံကြည့်ရှုလေ့ရှိကြောင်း၊ အောက်တိုဘာ ၅ ရက်တွင် LEADER အမည်ရှိ Telegram Channel မှတစ်ဆင့် မစုမြတ်ဝင်းအား ပျော်ပါးရန်အတွက် အခကြေးငွေဖြင့် ဆက်သွယ်ခေါ်ယူခဲ့ပြီး ပန်းဘဲတန်းမြို့နယ်ရှိ 32nd Beauty Land Hotel အခန်းအမှတ်(၅၀၂)၌ ပျော်ပါးနေစဉ် ၎င်းကြည့်ရှုခဲ့သည့် လူသတ်အလောင်းဖျောက် နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲများမှ ဇာတ်ဆောင်များအတိုင်း မစုမြတ်ဝင်းအား အသင့်ဆောင်ထားသည့် စတီးဓားနှစ်ချောင်းဖြင့် ရက်စက်စွာသတ်ဖြတ်ပြီး ဝမ်းတွင်းကလီစာများနှင့် ဝဲဘက်ပေါင်အသားများအား လှီးဖြတ်ထုတ်ယူကာ စွန့်ပစ်ခြင်းများပြုလုပ်ခဲ့ကြောင်း၊ ထို့နောက် ၎င်း၏ရည်းစားဖြစ်သူ အေမွန်အောင်အား အဆိုပါဟိုတယ်သို့ ခေါ်ဆောင်ကာ အခန်းအတွင်းပေကျံနေသည့် သွေးများကို သန့်ရှင်းရေးပြုလုပ်ခြင်း၊ မစုမြတ်ဝင်း၏ အလောင်းအား ဖျောက်ဖျက်ခြင်းတို့ ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်ရရှိခဲ့သည့်အတွက် အမျိုးသမီးတစ်ဦးကို ရက်စက်စွာသတ်ဖြတ်ခဲ့သည့် အောင်ခန့်ကျော်ဇင်နှင့် အလောင်းဖျောက်ဖျက်ရာတွင် ပူးပေါင်းပါဝင်ကျူးလွန်ခဲ့သူ အေမွန်အောင်တို့ကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အခင်းဖြစ်ပွားခဲ့သည့် 32nd Beauty Land Hotel ကိုလည်း ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (၅၀၁)

# ဗီယက်နမ်နိုင်ငံမြောက်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ




**ဟန္နိုင်း အောက်တိုဘာ ၈**

ဗီယက်နမ်နိုင်ငံမြောက်ဘက်ပိုင်းတွင် အောက်တိုဘာ ၇ ရက်က မုန်တိုင်းဝင်ရောက်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း ဗီယက်နမ်အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုကြောင့် စာသင်ကျောင်း တချို့ကိုလည်း ယာယီပိတ်ထားရသကဲ့သို့ လေကြောင်းခရီးစဉ် တချို့ကိုလည်း ယာယီ ဆိုင်းငံ့ထားရကြောင်း သိရသည်။

"ဟန္နိုင်းမြို့အပါအဝင် မြောက်ဘက်ပိုင်းဒေသတွေမှာ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ စာသင်ကျောင်းတချို့နဲ့ အပြည်ပြည်ဆိုင်ရာလေဆိပ်က လေကြောင်းခရီးစဉ်တချို့ကို ယာယီဆိုင်းငံ့ထားရပါတယ်။ ရေကြီးရေလျှံမှုဖြစ်ပွားနေတဲ့ ဧရိယာကိုဖြတ်သန်းမောင်းနှင်ခဲ့တဲ့ မော်တော်ယာဉ်တချို့ပိတ်မိခဲ့ပြီး ယာဉ်မောင်းတွေကို အရေးပေါ်အခြေအနေနဲ့ ကယ်ထုတ်ပေးခဲ့ရပါတယ်။ ရေလွှမ်းနေတဲ့ဧရိယာမှာ နေထိုင်တဲ့ဒေသခံတချို့ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတယ်။ အရေအတွက်ကိုတော့ စိစစ်နေဆဲဖြစ်ပါတယ်"ဟု ဗီယက်နမ်အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

Ref : Sputnik News
Trs : Sai Sat

# ရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေးအတွက် နှစ်စဉ် တစ်နှစ်လျှင် ယူရိုသန်း ၆၀၀ ခန့်ထိ အသုံးပြုပေးရန် ဆန္ဒဖော်ထုတ်တောင်းဆို

**လူဇင်ဘတ် အောက်တိုဘာ ၈**

လူဇင်ဘတ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများအဖွဲ့အစည်း Action Solidarité Tiers Monde (ASTM) က လူဇင်ဘတ်နိုင်ငံ၏ ရာသီဥတုဖောက်ပြန်မှု တိုက်ဖျက်ရေးအတွက် နှစ်စဉ်တစ်နှစ်လျှင် ယူရိုသန်း ၆၀၀ ထိ အသုံးပြုပေးရန် အောက်တိုဘာ ၇ ရက်မှစ၍ ဆန္ဒဖော်ထုတ် တောင်းဆိုခဲ့ကြောင်း ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

လူဇင်ဘတ်နိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် အပူချိန်မြင့်တက်နေပြီး ရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အစိုးရအနေဖြင့် ထိရောက်စွာ ဖြေရှင်းပေးနိုင်ခြင်း မရှိသည့်အတွက် Action Solidarité Tiers Monde(ASTM)က ယခုကဲ့သို့ ဆန္ဒဖော်ထုတ် တောင်းဆိုနေခြင်းဖြစ်ကြောင်း အဆိုပါဆန္ဒဖော်ထုတ်မှုတွင်ပါဝင်သည့်ဦးဆောင်သူတစ်ဦးက ပြောကြားခဲ့သည်။

"ကျွန်တော်တို့အခုလို လူအုပ်နဲ့ ဆန္ဒဖော်ထုတ် တောင်းဆိုနေတာက အစိုးရအနေနဲ့ ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးကို လုံလောက်စွာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိဘူးလို့ သုံးသပ်ထားတဲ့အတွက်ကြောင့်ပါ။ ရာသီဥတုဖောက်ပြန်မှုကြောင့် အပူချိန်မြင့်တက်မှုတွေ ဆက်တိုက်ဖြစ်ပေါ်နေတယ်။ ကမ္ဘာ့မြေကြီးပူနွေးမှုကလဲ မြင့်တက်နေပါတယ်။ ပြည်သူတွေရဲ့ အနာဂတ်အတွက် တရားမျှတမှု လိုအပ်နေပါတယ်။ တစ်ကမ္ဘာလုံးအတွက်လဲ တရားမျှတမှုယူပေးဖို့အတွက် ခေါင်းဆောင်မှုတွေ လိုအပ်နေပါတယ်။ COP30 မှာ ဘရာဇီးနိုင်ငံအနေနဲ့ တစ်ကမ္ဘာလုံးအတွက် တရားမျှတမှုရှာပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ကမ္ဘာ့မြေကြီးကို ပူနွေးမှုဖြစ်ပေါ်စေတာကလဲ စက်မှုနိုင်ငံတွေပဲဖြစ်ပါတယ်"ဟု Action Solidarité Tiers Monde (ASTM) မှ ဦးဆောင်သူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# အမေရိကန်နိုင်ငံ ဟယ်လင်ဟာရီကိန်းမုန်တိုင်းဒဏ်သင့် ဒေသများအတွက် EPA က ကန်ဒေါ်လာ ၄၈ သန်း လျှာ့ဒါန်းသွားမည်

**ဝါရှင်တန် အောက်တိုဘာ ၈**

အမေရိကန်နိုင်ငံ တောင်ဘက်ပိုင်းပြည်နယ်များတွင် ဟယ်လင်ဟာရီကိန်းမုန်တိုင်းကြောင့် တစ်နှစ်ကြာသည်ထိ ရာနှုန်းပြည့် ပြန်လည်ပြင်ဆင်နိုင်ခြင်းမရှိသေးသည့် သောက်သုံးရေပေးဝေမှုစနစ်များအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီ (EPA) က အမေရိကန်ဒေါ်လာ ၄၈ သန်း လျှာ့ဒါန်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

ပြည်သူများအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် သောက်သုံးရေကို သန့်ရှင်းစွာဖြင့် စနစ်တကျ ပေးဝေနိုင်ရေးအတွက် သောက်သုံးရေပေးဝေမှု စနစ်များကို ရာနှုန်းပြည့် ကောင်းမွန်အောင် အမြန်ဆုံး ပြင်ဆင်ပေးနိုင်ရန် သက်ဆိုင်ရာ ပြည်နယ်အလိုက် အာဏာပိုင် အဖွဲ့အစည်းများကို EPA က သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။



"ဟယ်လင်ဟာရီကိန်းမုန်တိုင်းဒဏ်သင့်ပြည်နယ်တွေမှာ သောက်သုံးရေစနစ်တွေ ရာနှုန်းပြည့်ပြီးမြောက်အောင် ပြင်ဆင်ပေးနိုင်ဖို့နဲ့ အဆင့်မြင့်တင်သွားဖို့အတွက် အမေရိကန်ဒေါ်လာ ၄၈ သန်းကို ပြည်နယ်အလိုက် ခွဲတမ်းနဲ့ လျှာဒါန်းသွားမှာ ဖြစ်ပါတယ်"ဟု EPA မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဟယ်လင်ဟာရီကိန်းမုန်တိုင်း အန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ပြီးနောက် တစ်နှစ်ကျော်ကြာသည်ထိ သောက်သုံးရေပေးဝေသည့်စနစ်များကို ရာနှုန်းပြည့်ပြီးမြောက်အောင် ပြင်ဆင်နိုင်ခြင်းမရှိသေးသည့်ပြည်နယ်များမှာ ဖလော်ရီဒါပြည်နယ်၊ ဂျော်ဂျီယာပြည်နယ်၊ မြောက်ကာရိုလိုင်းနားပြည်နယ်၊ တောင်ကာရိုလိုင်းနားပြည်နယ်နှင့် တန်နက်စီပြည်နယ်တို့ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ဘူလ်ဂေးရီးယား ရေဘေးဒဏ်သင့် ပြည်သူများအတွက် EU ထံမှ အကူအညီ တောင်းခံမည်ဟု ပြည်ထဲရေးဝန်ကြီးက ထုတ်ပြန်

**ဆိုဖီယာ အောက်တိုဘာ ၈**

ဘူလ်ဂေးရီးယားနိုင်ငံတွင် အောက်တိုဘာ ၄ ရက်မှစ၍ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများပြားခဲ့သဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်သွားရေးအတွက် ဘူလ်ဂေးရီးယား ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ဥရောပသမဂ္ဂအဖွဲ့အစည်း(EU) ထံမှ အကူအညီတောင်းခံသွားမည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ထုတ်ပြန်ခဲ့သည်။

"အောက်တိုဘာ ၄ ရက်က စတင်ပြီးတော့ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရတယ်။ အောက်တိုဘာ ၄ ရက်ကနေ ၈ ရက်အတွင်း ရေကြီးရေလျှံမှုကြောင့် အသက်အန္တရာယ်ရှိတဲ့ မတော်တဆမှု အကြိမ် ၃၀ ထိ ဖြစ်ပွားခဲ့ပါတယ်။ ဘာဂတ်စ်ဒေသမှာ အဆိုးရွားဆုံးဖြစ်ပါတယ်။ ကယ်ဆယ်ရေးဝန်ထမ်းအင်အားအမြောက်အမြားနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ပြန်လည်ထူထောင်ရေး အတွက်ကတော့ EU ကို အကူအညီတောင်းခံသွားမယ်"ဟု ပြည်ထဲရေးဝန်ကြီးက ပြောကြားခဲ့သည်။

EU အနေဖြင့် ဥရောပအရှေ့တောင်ဘက်ပိုင်း ဒေသများအတွက် EU Solidarity Fund ကို တည်ထောင်ထားပြီး သဘာဝဘေးဒဏ်သင့် ဒေသများအတွက် ကူညီပေးသွားရန် ရည်ရွယ်ချက်ဖြင့် တည်ထောင်ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဘူလ်ဂေးရီးယားပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် EU Solidarity Fund ရန်ပုံငွေမှ ရေဘေးဒဏ်သင့်ပြည်သူများကို ကူညီပေးနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးရန် တောင်းဆိုသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အင်္ဂလန်နိုင်ငံ ယောက်ခ်ရှိုင်းယားကောင်တီတွင် မိုးခေါင်မှုကြောင့် သောက်သုံးရေလုံလောက်စွာပေးဝေနိုင်ရေး သောက်သုံးရေဖြန့်ဝေသည့် ကုမ္ပဏီ ၁၇ ခုကို သတိပေးခဲ့

**လန်ဒန် အောက်တိုဘာ ၈**

အင်္ဂလန်နိုင်ငံ ယောက်ခ်ရှိုင်းယားကောင်တီတွင် မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရကာ သောက်သုံးရေ ပေးဝေမှုအတွက် အခက်အခဲများရှိနေပြီး ဒေသခံများကို သောက်သုံးရေလုံလောက်စွာပေးဝေနိုင်ရေးအတွက် သောက်သုံးရေပေးဝေသည့် ကုမ္ပဏီ ၁၇ ခုကို သဘာဝပတ်ဝန်းကျင် အေဂျင်စီက သတိပေးခဲ့ကြောင်း ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

ယောက်ခ်ရှိုင်းယားကောင်တီတွင် ပြီးခဲ့သော ခြောက်လတာကာလအတွင်း မိုးရေချိန်နည်းပါးစွာရွာသွန်းခဲ့ခြင်းကြောင့် သောက်သုံးရေပေးဝေသည့် ကုမ္ပဏီများအနေဖြင့် သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်ရေးအတွက် အခက်အခဲများရှိနေကြောင်း၊ သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်အေဂျင်စီက သောက်သုံးရေပေးဝေသည့်ကုမ္ပဏီများကို ရေလှောင်တမံများအတွင်းမှရေကို သုံးစွဲခွင့်ပြုလိုက်ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။

"ရာသီဥတု ဖောက်ပြန်မှုကြောင့် ပြီးခဲ့တဲ့ ခြောက်လတာကာလအတွင်းမှာ မိုးရေချိန်နည်းပါးခဲ့သလို အချို့နေရာတွေမှာ မိုးခေါင်မှုပြဿနာနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ မိုးခေါင်မှုတွေကြောင့် ကယ်ဒါမြစ်၊ ကိုလ်နီမြစ်နဲ့ ဟုမ်းမြစ်တို့မှာ မြစ်ရေပမာဏ သိသိသာသာလျော့ကျလာတယ်။ ပြည်သူတွေအတွက် နေ့စဉ်တစ်နေ့တာ ပေးဝေရမဲ့ ပမာဏအတိုင်းပေးဝေနိုင်ခြင်းမရှိတဲ့အတွက် သောက်သုံးရေကုမ္ပဏီတွေကို ရေလှောင်တမံက ရေတွေကို သောက်သုံးရေအတွက် သုံးစွဲခွင့်ပြုလိုက်ပါတယ်။ ကုမ္ပဏီတွေအနေနဲ့ ပြည်သူတွေကို သောက်သုံးရေ လုံလောက်စွာ ပေးဝေဖို့ သတိပေးထားပါတယ်" ဟု သဘာဝပတ်ဝန်းကျင် အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ဝတ္ထုတိုကဏ္ဍ

# အသွင်ပြောင်းကျောက်

**လင်းယုန်မော်**




(၁)

"ခွပ်" ခနဲ ပြေးထိုးလာတဲ့လက်သီးကို ကျွန်တော် မရှောင်နိုင်။ ယိုင်နဲ့သွားသည့်ခြေလှမ်းကို အမြန်ဆုံး ပြုပြင်ရင်း ပြေးဝင်လာတဲ့ သူကောင်းသားကို ဖြောင့်လက်သီးတစ်လုံး ကျွေးလိုက်သည်။

ဖြောင်းခနဲအသံနှင့်အတူ ထိုအကောင် လွင့်ထွက်သွားသည်။

"တော်ပြီဟေ့ တော်ပြီ။ ဒီနေ့ဒီလောက်ပဲ အိုကေလား"

"မင်းတို့ဘက်က ကျေနပ်ရင် ရပြီလေ"

"အိုကေလေ ပြန်ကြမယ်။ နောက်နေ့မှဆက်နွှဲကြတာပေါ့"

သူငယ်ချင်းတွေရဲ့ချိန်းပွဲလေးက ဒီမှာတင်အဆုံးသတ်သွားသည်။ အငြိုးအတေးမရှိ၊ အမုန်းတရားမရှိတဲ့ငယ်ဘဝက သူငယ်ချင်းတွေရယ်ပါ။ ယှဉ်ပြိုင်ပြီးသည်နှင့် အသီးသီးလမ်းခွဲလိုက်ကြသည်။

မိုးရိပ်တွေညိုမည်းနေတာကြည့်ရင်း ကျွန်တော်တို့သူငယ်ချင်းတွေ ပျော်ရွှင်ခဲ့ကြသည်။ အိမ်ကလူကြီးတွေ စိတ်ပူနေမလားအတွေးကြောင့်သာ ပြန်လာခဲ့ကြရသည်။ ဘယ်သူမှမပြန်ချင်ကြသေးပေ။ ဆယ့်သုံးဆယ့်လေးနှစ်အရွယ်မို့ ဘဝကိုနားမလည်သေး။ ဘောလုံးကန်လိုက်၊ ရန်ဖြစ်လိုက်နှင့် လူငယ်ဘဝလေးကို ဖြတ်သန်းနေမိသည်မဟုတ်လား။

အသီးသီးလမ်းခွဲပြီး အိမ်ပြန်အရောက်မှာ အိမ်ရောက်လျှင် အမေဘာချက်ထားမလဲဆိုသည့်အတွေးတွေနှင့် ခြေလှမ်းတွေက ပေါ့ပါးသွက်လက်ခဲ့ရသည်။

(၂)

သို့သော် အိမ်ထဲကိုဝင်လိုက်သည်နှင့် ပထမဆုံးတွေ့လိုက်ရသည်က အမေ။ စိတ်ပူနေသောမျက်နှာနှင့် သားဖြစ်သူကို လှမ်းကြည့်လိုက်သည်။ ရင်ခွင်ထဲက ညီမလေးကို အိပ်ရာပေါ်တင်လိုက်ပြီး ကျွန်တော့်ဆီကို ဖြည်းညင်းစွာလျှောက်လာသည်။

ပြိုကာနီးမိုးတိမ်ပမာနဲ့ အမေ့မျက်ဝန်းတွေဟာ မှုန်ဝေနေသည်။

သားဟု ခေါ်လိုက်သော အမေ့အသံတို့သည် လေပြည်ညင်းပမာတိုးညင်းလှသည်။ လေပြည်ညင်းနောက်မှာ ပြင်းထန်သည့်လေကြောင်းတစ်ခုကပ်ပါလာမည်ဆိုသည်ကို ကျွန်တော့်မသိစိတ်က ကြိုသိနေသည်။

"မင်း ကစားလို့ဝပြီလားသား။ မင်း အဖေ အဖျားတက်နေတယ်။ အခြေအနေက အရင်ကထက် ပိုဆိုးနေတယ်သား။ ဒီည အဖေ့အနားမှာအိပ်ပြီး ဂရုစိုက်ပေးနော်။ အမေက ညီမလေးငယ်သေးတော့ မင်းအဖေနားကပ်ပြီး ပြုစုလို့မဖြစ်လို့ပါ"

အမေ့အသံက တိုးညင်းသော်လည်း ကျွန်တော့်အတွက်တော့ မုန်တိုင်းအကြိုလေပြင်းတစ်ခုပမာ။

အဖေအခုတလော တရှောင်ရှောင်ဖြစ်နေတာကြာပြီ။ အခုလိုအခြေအနေဆိုးလာမည်ဟု ကျွန်တော်တွေးမထင်ထား။ အရင်လိုပဲ အဖေအရက်ထဲဆေးထည့်သောက်လျှင် ပျောက်သွားမည်ဟု ထင်မှတ်ထားခဲ့သည်။

တစ်လအရွယ်ညီမလေးကို ကျွန်တော်အကြည့်ရောက်သည်။ လောကထဲကို အခုမှရောက်တာတစ်လအရွယ်လေးပဲရှိသေးသည်။ တွေ့ကြုံနေရတာက ကျွန်တော်ဆက်မတွေးတော့ဘဲ ရေမိုးချိုးကာ တိတ်ဆိတ်စွာဖြင့် ညစာကို အဆောတလျင်စားဖြစ်သည်။ စောစောစားပြီးမှ အဖေ့အနားစောစောကပ်ကာ ပြုစုခွင့်ရမည်မဟုတ်လား။

(၃)

"မင်းရုပ်က ဘာဖြစ်နေတာလဲ အိပ်ချင်မူးတူးနဲ့။ ဒီနေ့ ဟိုဘက်ကျောင်းကကောင်တွေနဲ့ ဖိုက်တင်ပေးမလို့ ချိန်းထားတယ်။ လိုက်ခဲ့ကွာ"

"ငါမလိုက်တော့ဘူး။ မင်းတို့ပဲ သွားတော့ကွာ။ အဖေနေမကောင်းလို့ ငါအိမ်မှာနေရမှာ"

သူငယ်ချင်းတွေထွက်သွားသည်ကို ကြည့်ရင်း ဟိုးရက်က လက်နဲ့လုပ်ထားသည့် သစ်သားတုတ်ကို လှမ်းကြည့်လိုက်မိသည်။ သည်လိုတုတ်မျိုးဆို ပွဲကကြည့်ကောင်းမည်ဟု တွေးထင်မိပြန်သည်။

တစ်ညလုံး ချောင်းဆိုးနေသည့် အဖေ့ကို ကျွန်တော်စိတ်မကောင်းဖြစ်နေမိသည်။ အဖေ့ကို အမေနှင့် မိတ်ဆွေများက ဆေးရုံတက်ဖို့ တိုက်တွန်းလာကြတော့သည်။

နေမကောင်းဖြစ်နေသည့် ရက်တွေကလည်း တစ်ပတ်ခန့်ကြာလာပြီမို့ အခြေအနေက အဆိုးဘက်ကို ဦးတည်နေလေပြီ။ အဖေက မိသားစုကိုငဲ့ပြီး ဆေးရုံမတက်ချင်။ အားလုံးက တိုက်တွန်းပြီး ဆေးရုံကို အတင်းခေါ်မှသာ အဖေဆေးရုံတက်ဖြစ်သည်။

လူနာစောင့်ကို ဘယ်သူ့ထားမလဲဆိုတော့ အားလုံးရဲ့အကြည့်က ကျွန်တော့်ဆီမှာ။ အမေက သွေးနု၊ သားနုနှင့်။ ကျွန်တော် အဖေ့ကို စောင့်မည်ဆိုတော့ ဖြစ်ပါ့မလားဆိုသည့်အသံကြားလိုက်ရသည်။

"စောင့်မဲ့သူ မရှိဘူးလေ၊ ရှိတဲ့ကလေးပဲ စောင့်ခိုင်းရမှာပေါ့"

ဒီလိုနဲ့ပဲ အဖေ့နားမှာ ကျွန်တော်တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ အဖေ့အတွက်တော့ ကောက်ရိုးတစ်မျှင်လို ဖြစ်ကောင်းဖြစ်မည်ထင်ပါသည်။

(၄)

ဟာနေတဲ့ဝမ်းကိုဖြည့်ဖို့အတွက် အမေက လက်ထဲထိုးထည့်ပေးခဲ့သည့် ရာတန်အနွမ်းလေးတစ်ရွက်သာ ရှိနေခဲ့သည်။

ဘာစားရမှန်းမသိသည့် လူတစ်ယောက်အတွက် ဆေးရုံဘေးနားက ကွမ်းယာဆိုင်ကြီးဟာ ရောမစားသောက်ဆိုင်ကြီးပမာပါ။ ကျွန်တော် မုန့်တွေအများကြီးကိုငေးကြည့်ရင်း ပါလာတဲ့ ရာတန်အနွမ်းလေးနဲ့ဝယ်ခဲ့သည့် မြေပဲဆားလှော်လေးကို ဆုပ်ကိုင်ပြီး အဖေ့ခုတင်နားကို အပြေးပြန်လာခဲ့မိသည်။

ကျွန်တော် ဆာဆာနှင့်မြေပဲဆားလှော်ထုပ်ကို ဖောက်စားနေတော့ အဖေက လှမ်းကြည့်သည်။ မြေပဲလှော်အနံ့သည် အဖေကိုလည်း ဆာလောင်စေသည်လားမသိ။

အဖေ့ပုံစံက စားချင်နေသယောင်မို့ အဖေစားမလားလို့မေးပြီး အဖေ့ပါးစပ်ထဲ မြေပဲဆားလှော်လေးငါးစေ့ခန့်ထည့်ပေးလိုက်သည်။ အဖေလည်းဆာနေရောပေါ့။ ခဏအဆာပြေသဘောနှင့် သားအဖနှစ်ယောက် မြေပဲဆားလှော်အထုပ်ကို မျှစားနေလိုက်တော့သည်။ မြေပဲဆားလှော်သည် အဖေ့ရောဂါကို ပိုမိုဆိုးရွားစေခဲ့မည်ဆိုတာကို ကျွန်တော်တွေးမထင်မိခဲ့ပါ။

(၅)

ညသန်းခေါင်လောက်မှာ အဖေ့ကို အထူးခန်းထဲ ထည့်လိုက်ကြသည်။ တာဝန်ကျဆရာဝန်ပြောတာတော့-

"မင်းအဖေ အခြေအနေမကောင်းဘူး"တဲ့။

ညဘက်တွင် အဖေ့ရဲ့သူငယ်ချင်းတစ်ယောက်ရောက်လာပေးလို့ တော်သေးသည်။ ထိုလူကြီးက ကျွန်တော်နှင့်အဖေ့ကို ကူညီလုပ်ကိုင်ပေးပြီး အထူးခန်းကို အတူလိုက်လာပေးသည်။

"မင်း တော်တော်ဆိုးတာပဲ။ မင်းအဖေက အသည်းရောင်အသားဝါဖြစ်နေတာကို မင်းက မြေပဲကျွေးရတယ်လို့ကွာ။ အင်းလေ . မင်းက ငယ်သေးတာကိုး"

အဖေ့သူငယ်ချင်းရဲ့အပြစ်တင်အသံစွက်ဖက်နေသောစကားတွေက ကျွန်တော့်ဘဝအတွက် တစ်သက်လုံးနောင်တတွေကို စွဲလမ်းနေမိစေသည်။

ဆရာဝန်၏ ကြည့်ရှုမှုအပြီးတွင်-

"မင်းက လူနာစောင့်လား"

ဆရာဝန်အမေးကို ဟုတ်ကဲ့ဟုဖြေရင်း အဖေ့အနား တိုးကပ်နေမိသည်။

"မင်းအဖေကို အသက်ကယ်ဆေးတွေ ထိုးပေးထားတယ် မလှုပ်စေနဲ့"

"ဟုတ်ကဲ့"ဟုဆိုရင်း ကျွန်တော်တစ်ညလုံး အဖေ့အနားမှာ ငုတ်တုတ်ထိုင်နေခဲ့ပြီး မနက်လင်းခါနီးမှ မေးခနဲအိပ်ပျော်သွားသည်။

နောက်တစ်နေ့ နံနက်စောစောမှာတော့ ကျွန်တော့်အနားမှာ တိုးဖျဖျငိုသံကြောင့် အိပ်ရေးပျက်လို့ ကျိန်းစပ်နေတဲ့မျက်လုံးတွေက မနည်းဖွင့်ကြည့်မိသည်။ မို့အစ်နေအောင်ငိုထားတဲ့မျက်လုံးတွေနဲ့အမေ့ကို အနားမှာတွေ့လိုက်ရသည်။

"သားကြီး ဟင့် ဟီး မင်းအဖေဆုံးပြီ သားရယ်"

ပြောရင်းငိုလိုက်တဲ့အမေ့စကားအဆုံးမှာ အဖေ့ဆီကိုပြေးကြည့်မိသည်။ မဖြစ်နိုင်ဘူးဟု ထင်မှတ်ထားသောအရာသည် တကယ်ဖြစ်လာသောအခါ အံ့ဩမှင်တက်ခဲ့ရလေသည်။ ငိုဖို့ပင် ကျွန်တော်မေ့လျော့နေမိသည်။ ခုတင်ပေါ်မှာ အိပ်နေသလိုလေးနဲ့ အသက်ဝိညာဉ်မရှိတော့တဲ့အဖေ့ကို မြင်လိုက်ရသည့်အချိန်သည် ဘဝမှာ ဘယ်တော့မှမမေ့နိုင်တဲ့ ပြကွက်တစ်ခုအဖြစ် စွဲထင်ရစ်ခဲ့ရလေသည်။

အမေ့လက်ကိုဆွဲကိုင်ရင်း ဆေးရုံကအပြန် လမ်းမကြီးပေါ်မှာ မိုးတွေကရွာချနေသည်။ ကျွန်တော်တို့မိသားစုဘဝရဲ့ တောင်တန်းကြီးပြိုကျသွားခဲ့ရတာကို တွေးရင်း မိုးရေထဲအမေ့လက်ကို တင်းတင်းဆုပ်ကိုင်လိုက်မိတော့သည်။

(၆)

အဖေမရှိတော့တဲ့နောက်ပိုင်း ကျွန်တော်တို့မိသားစုတွေ ဘဝကို နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ခဲ့ကြရလေသည်။ လောကဓံဆိုတာ ချိုနဲ့လားဟု မေးရမလိုပါပင်။ ထမင်းတစ်လုတ်အတွက် မျက်ရည်တွေလမ်းခင်းခဲ့ရသလို နေစရာတစ်ခုအတွက် သိက္ခာတွေရင်းခဲ့ရတဲ့နေ့ရက်တွေက ကျွန်တော့်အတွက် မမေ့နိုင်စရာနေ့ရက်တွေရယ်ပါ။

အမေနှင့် ညီမလေးကို အားမငယ်စေချင်တဲ့စိတ်နှင့် ကျွန်တော့်ဘဝကို ပြောင်းပြန်လှန်ပစ်လိုက်တော့သည်။

သူငယ်ချင်းတွေနှင့် ဆော့ကစားချင်စိတ်တွေကို ချိုးနှိမ်ပြီး လုပ်ငန်းခွင်ထဲမှာ အလုပ်ကိုနှစ်ပစ်လိုက်သည်။ တစ်ခုခုဖြစ်တိုင်းတစ်ဖွတ်ထိုးဆန်ခဲ့သော စိတ်တွေကို ချိုးနှိမ်ခဲ့သည်။ ထစ်ခနဲရှိ စိတ်တိုတတ်သော၊ ရန်လိုတတ်သောစိတ်တို့သည် သည်းခံခြင်းတရားကို လက်ကိုင်ထားတတ်ခဲ့ပြီ။

ဦးလေးရဲ့ကားပစ္စည်းလုပ်ငန်းမှာ အောက်ခြေဝန်ထမ်းဘဝဖြင့် ဘဝကို စတင်ခဲ့သည်။ သားရေပြားတွေကို ပုံစံခွက်ထဲထည့်ပြီး အပေါ်မီးအောက်မီးဖြင့်ပေါင်းပြီး ရော်ဘာပစ္စည်းတွေထုတ်လုပ်ခြင်း အတတ်ပညာကိုသင်ယူရင်း အမေ့ကိုလုပ်ကျွေးခွင့် ကျွန်တော်ရခဲ့သည်။

အဘွား၏စကားတစ်ခွန်းကလည်း ကျွန်တော့်အတွက် အားဆေးတစ်ခွက်ဖြစ်ခဲ့ရသည်။

"တအားတစ်ဖွတ်ထိုးဆန်ပြီးဆိုးခဲ့တဲ့ နင့်သားကို ဒီလောက်အားကိုးရမယ်မထင်ဘူး။ တော်တော်ပြောင်းလဲသွားတာပဲ"

ဘာပဲဖြစ်ဖြစ်လေ အမေနဲ့ ညီမလေးအတွက် လောကဓံရဲ့အထုအထောင်းကြားမှာ ကျောက်ကောင်းတစ်ပွင့်ဖြစ်ခွင့်ရတာကိုက ကျွန်တော့်လို လူမိုက်တစ်ယောက်အတွက် ကျေနပ်စရာပင်ဖြစ်တော့သည်။

# ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၉၂၈၃ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၉၂၈၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၁၉၂၈၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလတတိယပတ်မှ စတင် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ မြေပဲ ဧက ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံ စိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထား မှာရှိပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေွက ပြောပြသည်။

ကလေးမြို့နယ်တွင် မြေပဲ စိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ကုန်ကျစရိတ် ငွေကျပ်နှစ်သိန်းကျော်ရှိကြောင်း၊ မြေပဲတစ်ဧက စိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံ မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေွက ပြောပြ၍ သိရသည်။ (၂၀၆)

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း အုန်းသီးအလုံးရေ ၇၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက အုန်းသီး အလုံးရေ ၇၆၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှလှဌေးက ပြောပြ ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်းက အုန်းသီးအလုံးရေ ၅၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း အုန်းသီး အလုံးရေ ၇၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါတင်ပို့ရောင်းချခဲ့သည့် အုန်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၉၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကော ခြံထွက်သီးနှံတွေပါ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း အုန်းသီး အလုံးရေ ၇၆၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ရန်ကုန်ဈေးကွက်ကနေ ဒေသထွက်အုန်းသီးတွေ ဝယ်ယူမှု အားကောင်းနေပါတယ်။ အုန်းသီးက ပြည်တွင်းဈေးကွက်မှာကို ဝယ်ယူမှု ကောင်းနေတယ်လို့ သိရပါတယ်။ လက်ရှိအုန်းသီးဈေးကလဲ စိုက်ပျိုးသူတွေအဆင်ပြေတဲ့ ဈေးနှုန်းဖြစ်ပါတယ်"ဟု ဓနုဖြူမြို့နယ် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှလှဌေးက ပြောပြသည်။



ဓနုဖြူမြို့နယ်မှ ထွက်ရှိသည့်အုန်းသီးများကို အုန်းသီးအခြောက်၊ အုန်းသီးအစိမ်း၊ အုန်းသီးအခွံခွာ၊ အုန်းသီးအခွံပါ စသည်ဖြင့် ကုန်တင်ကား၊ ကုန်တင်ရေယာဉ်များဖြင့် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ဒေသထွက် အုန်းသီးများ ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် အုန်းစိုက်ပျိုးသူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

# မိုင်းဖြတ်မြို့နယ် ဟိုနားရှမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဖြတ် အောက်တိုဘာ ၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဟိုနားရှမ်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၇ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၇၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဟိုနားရှမ်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၇၅ သိန်း ထုတ်ချေးခဲ့ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ ဇင်မာ

## စိတ်ထားအလှ မြတ်ဘဝ

\- သန့်ရှင်းကာ ကောင်းနိမိတ်နဲ့
မြင့်မြတ်စိတ် နှောင်တွယ်၊
အသိပေါ် သတိအုပ်လို့
ရုပ်လုံးဖော်ကွယ်၊
တိုတောင်းတဲ့ ဘဝဝယ်
မှုန်းခြယ်ပါ ကိုယ့်တန်ဖိုး၊
စိတ်ဆိုတာ ပဓာနကျတဲ့
(အ)ဓိက စံမျိုး။

\- ကိုယ့်စိတ်ကို ဖွံ့ဖြိုးဖို့
ဆတိုးလို့ စွမ်းဆောင်၊
ရည်သွေးမီ "သမာဓိ"နဲ့
"သီလ"ရှိအောင်၊
ကိုယ်တိုင်ပဲ ကိုယ်ထူထောင်
လင်းရောင်ခြည် ထုံမွမ်းဆင့်၊
ပညာဉာဏ် ကြီးမားဖို့
စိတ်အားကိုမြှင့်။

\- ဆိုးမှုနယ် မလိုက်သင့်
မြင့်ခြင်းသို့ ဦးတည်၊
စိတ်ခိုင်းရာ ကောင်းဂုဏ်တွေ့မှ
မွေ့ပျော်နိုင်မည်၊
ရရှိထား ခန္ဓာသည်
အပျက်ဆီ လှမ်းတက်၊
နှိပ်ကွပ်ပါကွဲ့
စိတ်ညွှတ်ရာ လွဲချော်အရေးကိုဖြင့်
အရိပ်မြွက်သာ တွဲခေါ်ပေးနိုင်ဖို့
(အားလုံး...)
တွေးဉာဏ်ထက်ထက်။ ။

ချမ်းမြေ့(ဇလွန်မြေ)

# လက်ပံတန်းမြို့နယ် ရှမ်းကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**လက်ပံတန်း အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရှမ်းကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရှမ်းကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၆၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၄၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပိုးသခင်

# မြန်မာ့ပန်းချီအကြောင်းသိကောင်းစရာ

**ကိုကျော်စွာ(ကျိုက်ပိ)**

ပန်းချီအနုပညာဟူသည် စိတ်နှင့်လက်တွေ့ တစ်ထပ်တည်းကျသော ပညာမျိုးလည်းဖြစ်သည်။ ဆိုလိုသည်က မိမိ၏စိတ်ခံစားချက်ကို မိမိ၏ လက်ဖြင့် ဆက်သွယ်ဖန်တီးလိုက်ခြင်းမျိုးကို ဆိုလိုသည်။ နောက်တစ်နည်းဆိုရလျှင် ပန်းချီအနုပညာဟူသည် သက်ရှိ၊ သက်မဲ့ဖြစ်သော တော၊ တောင်၊ ရေ၊ မြေ၊ သဘာဝရှုခင်းများကို အသက်ဝင်အောင် ဆေးရောင်စုံဖြင့်ပုံဖော်ဖန်တီးသော ပညာရပ်လည်းဖြစ်သည်။ တချို့ပန်းချီပုံများသည် လူ့သဘာဝလေ့စရိုက်များကိုဖော်ပြနေသည်။ အချို့ပန်းချီပုံများမှာ မိမိနိုင်ငံ၏ ရေ၊ မြေ၊ တော၊ တောင်သဘာဝကို ဖော်ကျူးထားသည်။ အချို့ပန်းချီပုံများက ကျေးလက်ဓလေ့များနှင့်မြို့ပြဓလေ့များကို ဖော်ပြရေးဆွဲထားသည်များလည်းရှိသည်။ ပန်းချီအနုပညာကို အတိုဆုံးပြောရလျှင် သက်ရှိ၊ သက်မဲ့များကို ဆေးရောင်စုံဖြင့် အနုပညာရသမြောက်အောင်ရေးဆွဲသောပညာရပ်ပင်ဖြစ်သည်။ ပန်းချီပညာသည် သမိုင်းတစ်လျှောက် ကြမ်းတမ်းသောဘဝများ၌ နေထိုင်၊ စားသောက်မှုများနှင့်လုံးပန်းရင်း လူသားတို့ ပထမဆုံးဖန်တီးလိုက်သောအနုပညာလည်းဖြစ်သည်။

**မြန်မာ့ပန်းချီခေတ်**

စာရေးသူတို့မြန်မာနိုင်ငံတွင် ပန်းချီပညာ မည်သည့်အချိန်က စတင်ပေါ်ပေါက်လာခဲ့သည်ကို အတိအကျမသိရပေ။ သို့သော် သရေခေတ္တရာခေတ်တွင် ပန်းချီပညာခေတ်စားခဲ့ဖူးသည်ဟုသိရသည်။ ရှေးသုတေသီတို့၏ မှတ်တမ်းများအရဆိုလျှင် အိန္ဒိယအနုပညာများသည် အိမ်နီးချင်းနိုင်ငံများသို့ ပျံ့နှံ့ခဲ့ရာမှ မြန်မာနိုင်ငံသို့ရောက်ရှိခဲ့သည်ဟု ယူဆကြသည်။ ထိုအယူအဆအရ မြန်မာ့ပန်းချီသည် အိန္ဒိယမှ မြစ်ဖျားခံ၍ မြန်မာပြည်သို့ရောက်ရှိခဲ့သည်ဟုယူဆနိုင်သည်။ မြန်မာနိုင်ငံတွင် ပျူခေတ်မှစ၍ ပုဂံခေတ်တစ်လျှောက် ဟိန္ဒူဝါဒရောယှက်နေသော ဗုဒ္ဓဝါဒများပြန့်ပွားစေရန် ပန်းချီပညာဖြင့် ဝါဒဖြန့်ခဲ့ကြသည်။ ထို့ကြောင့် ပန်းချီပညာသည် မြန်မာနိုင်ငံ၌ သရေခေတ္တရာခေတ်တွင် အတော်အတန်ခေတ်စားလာခဲ့သည်ဟုဆိုရပေမည်။ ထိုမှတစ်ဆင့် ပုဂံခေတ်သို့ ရောက်ရှိလာသောအခါ ပန်းချီပညာသည် ပိုမိုထွန်းကားလာခဲ့သည်။ ပုဂံခေတ်အနော်ရထာမင်းလက်ထက်တွင် ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားလာစေရန် ပန်းချီပညာက အဓိကဖြစ်ခဲ့သည်။ ယခုတိုင်အောင်လည်း ပုဂံဘုရားများတွင် ပန်းချီအနုပညာလက်ရာများကို တွေ့နေရသည်ကိုထောက်ဆ၍သိနိုင်သည်။ ထိုမှတစ်ဆင့် ယနေ့ခေတ်ထိ ခေတ်အဆက်ဆက် ပန်းချီပညာထွန်းကားပြန့်ပွားလာခဲ့ခြင်းဖြစ်သည်။

**ပြဒါးလင်းဂူထဲက ပန်းချီ**

မြန်မာ့ပန်းချီထွန်းကားရာခေတ်ကို ပျူခေတ်ဟုဆိုသော်ငြားလည်း မြန်မာ့ပန်းချီအကြောင်းကိုပြောမည်ဆိုလျှင် ပြဒါးလင်းဂူကိုချန်ထား၍မရပေ။ ပြဒါးလင်းဂူအတွင်းက ပန်းချီကို ကျောက်ခေတ်လူတို့ ရေးဆွဲခဲ့သည်ဟုယူဆကြသည်။ အဆိုပါပန်းချီကို ပြဒါးလင်းဂူအမှတ်(၁)ဂူအတွင်း၌ ယခုတိုင်မြင်တွေ့နိုင်သည်။ စာရေးသူတို့သည် ကျောက်ခေတ်လူသားများကို လူရိုင်းများဟုအထင်ရှိကြသည်။ ပြဒါးလင်းဂူအတွင်းက ပန်းချီအရ ကျောက်ခေတ်လူသားများသည် လူရိုင်းများမဟုတ်ကြပေ။ အနုပညာကို ခံစားဖန်တီးတတ်သူများဖြစ်ကြ သည်။ ပြဒါးလင်းဂူထဲတွင် ဆေးအနီတစ်မျိုးတည်းဖြင့် ရေးဆွဲထားသော အရုပ်များကိုမြင်တွေ့နိုင်သည်။ ဂူဝင်ပေါက်နံရံအမိုးဘက်တွင် ရေးဆွဲထားသည့် ငါးပုံ၊ နွားသားအမိပုံများဆိုလျှင် နှစ်ပေါင်းသောင်းချီ ကြာခဲ့ပြီဟုသိရသည်။ ပြဒါးလင်းဂူအတွင်းတွေ့ရှိရသော ပန်းချီများအရ မြန်မာ့ပန်းချီသည် ကျောက်ခေတ်ကတည်းကရှိခဲ့သည်ဟုပင် စာရေးသူတို့ယူဆရပေလိမ့်မည်။ သို့သော်ထင်ရှားလာသည်ကတော့ သရေခေတ္တရာခေတ်ကဟုဆိုရမည်ဖြစ်သည်။

**မြန်မာ့ပန်းချီမူ**

ရှေးရိုးမြန်မာ့ပန်းချီတွင် မူစနစ်များရှိပါသည်။ အများအားဖြင့် ပန်းချီပုံများကို မျဉ်းမတ်၊ မျဉ်းယိုင်၊ မျဉ်းလဲ၊ မျဉ်းကောက်ဟူသော မျဉ်းလေးမျိုးဖြင့် ကနုတ်၊ နာရီ၊ ကပီ၊ ကဇာဟူသော အခြေခံနည်းစနစ်လေးမျိုးဖြင့် ရေးဆွဲကြသည်။ ထိုနည်းစနစ်လေးမျိုးကို သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်၊ သာယာဝတီမင်းလက်ထက် ဒုတိယနဝဒေးကြီးက ရဲတင်းမော်ကွန်းတွင်"လောကသမုတ်၊ ကနုတ်နာရီ၊ ကပီကဇာ၊ ဂုဏ်ပညာလည်း"ဟုရေးဖွဲ့ခဲ့သည်။ မြန်မာပန်းချီပညာရပ်တွင် (၁)အခြေခံပညာရပ်၊ (၂)ဆေးရောင်စုံဖော်စပ်သုံးစွဲနည်းပညာရပ်ဟူ၍ နှစ်မျိုးရှိသည်။ ကနုတ်၊ နာရီ၊ ကပီ၊ ကဇာရေးနည်းမှာ မြန်မာပန်းချီ အခြေခံပင်ဖြစ်သည်။ ကနုတ်မှာချုံးပန်း၊ ချုံးနွယ်၊ ကနုတ်ပန်းရေးနည်းဖြစ်သည်။ နာရီမှာ မိန်းမရုပ်

**❖ ပန်းချီပညာသည် မြန်မာနိုင်ငံ၌ သရေခေတ္တရာခေတ်တွင် အတော် အတန်ခေတ်စားလာခဲ့သည်ဟုဆိုရပေမည်။ ထိုမှတစ်ဆင့် ပုဂံခေတ်သို့ရောက်ရှိလာသောအခါ ပန်းချီပညာသည် ပိုမိုထွန်းကားလာခဲ့သည်။ ပုဂံခေတ် အနော်ရထာမင်းလက်ထက်တွင် ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားလာစေရန် ပန်းချီပညာက အဓိကဖြစ်ခဲ့သည်။ ယခုတိုင်အောင်လည်း ပုဂံဘုရားများတွင် ပန်းချီအနုပညာလက်ရာများကို တွေ့နေရသည်ကိုထောက်ဆ၍ သိနိုင်သည်။ ထိုမှတစ်ဆင့် ယနေ့ခေတ်ထိ ခေတ်အဆက်ဆက် ပန်းချီပညာထွန်းကားပြန့်ပွားလာခဲ့ခြင်းဖြစ်သည်။❖**

ရေးနည်းဖြစ်သည်။ မိန်းမရုပ်ရေးရာတွင်အများအားဖြင့် မျဉ်းကောက်၊ မျဉ်းယိုင်များကို အသုံးများသည်။ ကပီမှာ မျောက်၊ ဘီလူး၊ နဂါး၊ ဂဠုန် စသည့်အရုပ်များဖြစ်သည်။ ကဇာမှာ ဆင်ရုပ်အပါအဝင် ကိုယ်ထည်ကြီးမားသော အရုပ်မျိုးဖြစ်သည်။ ထိုပညာရပ်များတွင်သုံးစွဲသောဆေးမှာ မီးသွေးဖြစ်ပြီး ရေးဆွဲသည့်အရာမှာ ကံ့ကူဆံဖြစ်သည်။ ကံ့ကူဆံဆိုသည်မှာ ပုရပိုက်စသည်တို့တွင် ရေးရသော ကံ့ကူကျောက်အဆံဖြစ်သည်။ ဆေးရောင်စုံဖော်စပ်သုံးစွဲသောနည်းမှာ အခြေခံပညာရပ်ကို ကျွမ်းကျင်စွာ တတ်မြောက်ပြီးနောက် ဆေးရောင်စုံဖော်စပ်အသုံးပြုရသည်။ ရှေးယခင်က မြန်မာ့ပန်းချီဆေးတွင် အရေးပါသောဆေးရောင်ငါးမျိုးရှိသည်။ ၎င်းတို့မှာ (၁)ဆေးဒါန်း၊ (၂)ဟသ်ပဒါး၊ (၃)ဒုတ္ထာ၊ (၄)ဆင်ခေါင်းမြေဖြူ၊ (၅)ရေနံချေးမှိုင်းနှင့်မင်တို့ဖြစ်သည်။ ဆေးဒါန်းသည် အဝါရောင်ဆေးကိုရသည်။ ဟသ်ပဒါးသည် အနီဆေးကိုရသည်။ ဒုတ္ထာသည် စိုပြည်သော အပြာရောင်ကိုရသည်။ ဆင်ခေါင်းမြေဖြူသည်အဖြူရောင်ကိုရသည်။ ရေနံချေးမှိုင်းသည် မည်းနက်သော အရောင်ကိုရသည်။ ထိုအရောင်ငါးမျိုးကို လိုသလို ရောစပ်၍ အခြားအရောင်များရအောင် ဖန်တီးအသုံးပြုကြသည်။ ယနေ့ခေတ်တွင် အရောင် ၁၂ မျိုးထိ အလွယ်တကူဝယ်ယူအသုံးပြုနိုင်သည်။

**မြန်မာ့ပန်းချီဆေးဖော်နည်း**

ရှေးအခါက မြန်မာပန်းချီပညာရှင်များသည် ပန်းချီကားများကိုဆေးတင်ရန် ဆေးကိုကိုယ်တိုင်ဖော်စပ်သုံးစွဲကြရသည်။ အဆိုပါ အရောင်ဖော်စပ်နည်းများမှာ-

(၁) **အနီရောင်ဖော်နည်း**- တိန်းညက်ကို ခုနစ်ခွက်တစ်ခွက်တင်ကျို၊ ချိပ်ငါးခွက်၊ နှစ်ပါးပေါင်း၍ ကျောက်ချဉ်လက်ချား နှစ်ကျပ်သားထည့်၍ မီးမွှေး၍ ရေခန်းအောင်ချက်ရသည်။

(၂) **အဝါရောင်ဖော်နည်း**- ပိန္နဲကောင်းရှစ်ခွက်၊ နနွင်းစိမ်းခုနစ်ခွက်၊ ငါးခွက်တင်ကျို၊ အမျှစီထည့်၊ နှစ်ပါးရော၍၊ ကျောက်ချဉ်ဆင့်ခတ်၊ မီးမှာနွှေး၊ ရေသာအောင်ချက်ရသည်။

(၃) **အစိမ်းရောင်ဖော်နည်း**- အဝါတွင် မဲနက်ကို ဆင့်၍ခတ်၊ မီးမှာနွှေး ရေသာအောင်ချက်ရသည်။

(၄) **မင်ဖော်နည်း**- ထန်းရည်ကို တစ်ဆယ့်ကိုးရက် သံခတ်၍စိမ်၊ စိမ်ပြီးလျှင် သစ်ဆိမ့်ခွံကို သုံးခွက်တစ်ခွက်တင်ကျို၍နှော၍ရသည်။

(၅) **အစိမ်းရောင်ဖော်နည်းတစ်မျိုး** - သဘော်ကြက်ဆူရိုးနီကိုပြုတ်၍ ညက်စွာထောင်း အရည်ကို စစ်၍ စိမ်းစေလိုသော် သံပရာကြစုခတ်ရသည်။

(၆) **အနီဖော်နည်းနှစ်မျိုး**- မြေပုံခရမ်းမြစ်ကို ညက်စွာကြိတ်၍ လက်ချားနိုင်းချင်းခံ၍ကျိုရသည်။ ယခုဆေးဖော်နည်းများမှာ ဒဂုန်နတ်ရှင်၏ မြန်မာ့ရိုးရာလုပ်ငန်းဆယ်ပွင့်ပန်းစာအုပ်မှ ထုတ်နုတ်ဖော်ပြခြင်းဖြစ်သည်။ ပုဂံခေတ်ပန်းချီလက်ရာများကို စာရေးသူတို့ ယခုတိုင်တွေ့မြင်လေ့လာနိုင်သည်မှာ ရှေးခေတ်ကပန်းချီဆေးများ မည်မျှကောင်းသည်ကို သိနိုင်သည်။

**ရှေးရိုးပန်းချီနှင့်မျက်မှောက်ပန်းချီ**

ရှေးရိုးပန်းချီခေါ် ရှေးပန်းချီအကြောင်းကိုပြောပါဆိုလျှင် ပုဂံခေတ်ပန်းချီပုံများကိုသာ ပြရပေလိမ့်မည်။ ရှေးရိုးမြန်မာပန်းချီသည် မျဉ်း၊ ရေဆေးခြယ်နည်းကိုသာ အဓိကထားသည်။ ရှေးရိုးပန်းချီသည်မျက်မြင်ရုပ်ပုံအမှန်ကို အထူးအလေးပေးရေးခြင်း၊ အနီးအဝေးပြရေးဆွဲခြင်း၊ အလင်းအမှောင်ကိုဖော်နည်းဖြင့်ဖွဲ့နွဲ့ခြင်း၊ ဆေးအနုအရင့်သွင်းနည်းဖြင့် ဖွဲ့နွဲ့ခြင်းတို့မပါရှိပေ။ ဉာဏ်ဖြင့်ရုပ်ပုံကိုသာ အထူးအလေးအမြတ်ပြုရေးခြင်း၊ စိတ်စေတနာကို အရုပ်၏ မျက်နှာအမူအရာဖြင့် ဖွဲ့နွဲ့ခြင်း၊ အရုပ်၏ ခြေ၊ လက် အမူအရာဖြင့်ဖွဲ့နွဲ့ခြင်း၊ အရုပ်၏ကိုယ်ဟန် အမူအရာဖြင့် ဖွဲ့နွဲ့ခြင်းတို့သာရှိသည်ဟု ဆရာဇော်ဂျီကဆိုသည်။ ရှေးရိုးပန်းချီများသည် အများအားဖြင့် ဘုရား၊ ပုထိုး၊ သိမ်၊ ကျောင်းနှင့်ဂူနံရံများတွင် ရေးဆွဲလေ့ရှိကြသည်။ မျက်မှောက်ခေတ်တွင် အဆိုပါနံရံများ၌ ရေးဆွဲခြင်းမရှိတော့ပေ။ ယခုမျက်မှောက်ခေတ်တွင်မူ စက္ကူ၊ ကင်းဗတ်စ၊ သစ်သားများပေါ်တွင် ဆေးရောင်စုံဖြင့် ရေးဆွဲလေ့ရှိကြသည်။ ရေဆေးဖြင့် ရေးဆွဲပါက ရေဆေးပန်းချီကား၊ ဆီဆေးဖြင့်ရေးဆွဲပါက ဆီဆေးပန်းချီကားဟုခေါ်ကြသည်။ မျက်မှောက်ပန်းချီရေးဆွဲခြင်းနှင့်ပတ်သက်၍ သစ်ခေါက်ပန်းချီရေးဆွဲသူအကြောင်းကို လူမှုကွန်ရက်ပေါ်တွင် စာရေးသူဖတ်လိုက်ရသည်။ ထိုပန်းချီသည် သစ်ခေါက်များကိုခွာယူ၍ ရုပ်များပေါ်ကကားချပ်ပေါ်တွင်ကပ်၍ နောက်ခံရှုခင်းကိုဆေးဖြင့်ရေးဆွဲခြင်းမျိုးဖြစ်သည်။ ဤကား ပန်းချီအနုပညာကိုထူးခြားအောင် ဖန်တီးခြင်းပင်ဖြစ်သည်။

**ခေတ်သစ်ပန်းချီ သို့မဟုတ် မော်ဒန်ပန်းချီ**

မော်ဒန်ပန်းချီသည် မျက်မှောက်ခေတ်တွင် ထင်ရှားလာသည်။ အနောက်နိုင်ငံများ၌ ပိုမိုခေတ်စားနေသည်။ မော်ဒန်ပန်းချီကို ခေတ်ပန်းချီ၊ စိတ္တဇပန်းချီဟု အမျိုးမျိုးခေါ်ကြသည်။ ခေတ်သစ်ပန်းချီနှင့်ပတ်သက်၍ ဆရာဦးခင်မောင်(ဘဏ်)၏ပန်းချီကဏ္ဍသစ်စာအုပ်တွင် မော်ဒန်အတ်ကို လေ့လာရသည်မှာ ဘဲဥအစရှာရသလိုဖြစ်နေသည်။ ၎င်းပန်းချီကားများသည် ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင်ဆက်တိုက် ထွက်လာသည်ဟုဖော်ပြထားသည်။ မော်ဒန်ပန်းချီသည် နားလည်ရခက်သော ပန်းချီမျိုးဖြစ်သည်။ စာရေးသူတို့နိုင်ငံတွင် ရှိပင်ရှိသော်ငြားလည်း အလွန်ခေတ်စားသည်တော့ မဟုတ်သေးပေ။ နားလည်ရခက်သောကြောင့် စိတ္တဇပန်းချီဟုခေါ်ဆိုဟန်တူသည်။

**ပုဂံခေတ်ဗုဒ္ဓဝင်ပန်းချီ**

မြန်မာ့ပန်းချီသည်ပုဂံခေတ်တွင် အထွန်းကားဆုံးဟုဆိုရပေမည်။ အကြောင်းမှာ ပုဂံဘုရား၊ ပုထိုးများတွင် နံရံဆေးရေးပန်းချီများကို အများအပြားတွေ့ရသောကြောင့်ဖြစ်သည်။ အထူးသဖြင့် ပုဂံမြို့တစ်ဝိုက်ရှိ ပုဂံမင်းအဆက်ဆက်တို့၏ကောင်းမှုတော်များဖြစ်သော ဂူပြောက်ကြီး၊ ဘုရားသုံးဆူ၊ ဥပလိသိမ်စသည့်ဘုရားများ၌ တွေ့ရသော နံရံဆေးရေးပန်းချီကားများသည် နှစ်ပေါင်း ၆၀၀ ကျော် ၇၀၀ ခန့်ရှိသော်လည်း ယခုတိုင်ဆေးများတောက်ပလျက်ပင်ရှိနေပါသေးသည်။ ပုဂံခေတ်တွင်ရေးဆွဲသောပန်းချီကားများသည် ဗုဒ္ဓဝင်ဆိုင်ရာပန်းချီသာ အများဆုံးဖြစ်သည်။ ထိုပန်းချီကားများကိုကြည့်ခြင်းအားဖြင့် ပုဂံခေတ်ဗုဒ္ဓဘာသာ မည်မျှထွန်းကားကြောင်းကိုခန့်မှန်းနိုင်သည်။ မြန်မာနိုင်ငံတွင် ၁၉၅၁ ခုနှစ်က မြန်မာနိုင်ငံပန်းချီဗဟိုကော်မတီကကြီးမှူး၍ ပန်းချီပြပွဲတစ်ခုပြုလုပ်ခဲ့ရာ အဆိုပါပြပွဲတွင် ပုဂံခေတ်လက်ရာပန်းချီကား ခုနစ်ဆယ်ကျော်မျှတင်ပြနိုင်ခဲ့သည်။ ထိုပန်းချီကားများမှာ ပုထိုးသားများ ဘုရား၊ အပါယ်ရတနာဘုရား၊ ဂူပြောက်ကြီးဘုရား၊ ကျန်စစ်သားဥမင်၊ ဘုရားသုံးဆူ၊ နန္ဒမညာဘုရားတို့မှ ကူးယူထားသော ပန်းချီကားများလည်းပါဝင်သည်။ ထိုပန်းချီကားများမှာ အထူးထင်ရှားသည်။

နိဂုံးချုပ်ဆိုရလျှင် မြန်မာနိုင်ငံသည်ပန်းချီပညာ ထွန်းကားရာနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ရှေးယခင်ကတည်းက ယနေ့ထိ ခေတ်အဆက်ဆက်ပင်ဖြစ်သည်။ ပန်းချီအနုပညာကို လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့ကြသည်။ ယခုမျက်မှောက်ခေတ်တွင်လည်း ပန်းချီအနုပညာရှင်များစွာရှိနေသည်။ နောက်မျိုးဆက်သစ်များအတွက်လည်း ပန်းချီသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေသည်ကိုလည်း စာရေးသူ လူမှုကွန်ရက်ပေါ်တွင် မကြာခဏတွေ့ရသည်။ ဝမ်းမြောက်စရာပင်ဖြစ်သည်။ ထို့ပြင် ရှေးခေတ်ကတည်းက မြန်မာလူမျိုးတို့၏ ပန်းချီအနုပညာသည်လည်း အံ့မခန်းပင်ဖြစ်ကြောင်း ပုဂံပန်းချီများ၊ ပြဒါးလင်းဂူပန်းချီများနှင့် ယခုမျက်မှောက်ခေတ် ပန်းချီကားများအရ သိနိုင်သည်။ ထို့ကြောင့် မြန်မာလူမျိုးတို့၏ အနုပညာတစ်မျိုးဖြစ်သော ပန်းချီအနုပညာကိုထိန်းသိမ်းကြဖို့လိုကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။


**ကိုးကား**

- ဇော်ဂျီစာရှုခင်း-၁။
- မြန်မာအစ မြန်မာက-ဒေါက်တာခင်မောင်လွင်။
- လောကစာဥယျာဉ် - ၂ (ဇေယျ)။
- မြန်မာ့ရိုးရာလုပ်ငန်း ဆယ်ပွင့်ပန်း(ဒဂုန်နတ်ရှင်)။
- မြန်မာ့ပန်းချီရေစီးကြောင်း- ပန်းချီလှတင်ထွန်း။

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စုစုပေါင်း ၂၁၀၆ ကေစိုက်ပျိုးမည်


ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကျောက်မြောင်း အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ်လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စုစုပေါင်း ၂၁၀၆ ကေ စိုက်ပျိုးမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျောက်မြောင်းမြို့နယ်ခွဲတွင် အစေ့ထုတ်ပြောင်း ၁၀ ကေနှင့်ဖူးစားပြောင်း ၂၀၉၆ ကေ စုစုပေါင်း ၂၁၀၆ ကေတို့ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီကျောက်မြောင်းမြို့နယ်ခွဲမှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၂၁၀၆ ကေ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်သွားမယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ယခုနှစ် ကျောက်မြောင်းမြို့နယ်ခွဲတွင် ပြောင်းသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်းနှင့် ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြမည်ဖြစ်ကြောင်း ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍သိရသည်။

(၂၀၆)

# သနပ်ပင်မြို့နယ် စွန်ပိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သနပ်ပင် အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စွန်ပိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စွန်ပိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ်လုပ်ငန်းဆောင်ရွက်မှုရှိ၊မရှိနှင့် စာရင်းဇယားများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၉ ဦးကို ငွေကျပ် ၃၀ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ်ခုနစ်သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ်၂ဒသမ ၈၆ သန်း၊အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၇ ဒသမ ၅၈ သန်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၆ ဒသမ ၁၆ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၉၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၃ ဒသမ ၆ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းထံမှ သိရသည်။ နွံ့ယဉ်

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် စက်တင်ဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် စက်တင်ဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ဒီဒေသကနေ ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချ ခဲ့ရပါတယ်။ ဧည့်မထဆန် အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ စက်တင်ဘာလ အတွင်းမှာကော လတ်တလောအနေနဲ့ပါ ဧည့်မထဆန်အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့ အဓိကထား တင်ပို့ရောင်းချနေပါတယ်" ဟု ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြသည်။



ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ဧည့်မထဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၅၅၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# သာယာဝတီမြို့နယ် ရွာမကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

**သာယာဝတီ အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက ရွာမကျေးရွာအုပ်စု၊ ရွာမကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွှန့်ဖော်က သင်တန်းဖွင့် အမှာစကားပြောကြားပြီးနောက် သင်တန်းဖွင့်လှစ်ဆောင်ရွက်ပေးခြင်း၏ ရည်ရွယ်ချက်များ၊ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းက သင်တန်းတွင် လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းမှ ပို့ချသည့် သင်ခန်းစာများကို အမှန်တကယ် ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းသူများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းကို သာယာဝတီမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး ကျွမ်းကျင် သင်တန်းနည်းပြဆရာမက စာတွေ့၊ လက်တွေ့ဖြင့် အောက်တိုဘာ ၇ ရက်မှ နိုဝင်ဘာ ၂၀ ရက်ထိ ၄၅ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

သုတ

# လှိုင်းဘွဲ့မြို့နယ် ထီးလင်းဝင်းသာကျေးရွာ၌ ဆိုလာပန့်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**လှိုင်းဘွဲ့ အောက်တိုဘာ ၈**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေဖြင့် အထက်ရေပူကျေးရွာအုပ်စု၊ ထီးလင်းဝင်းသာကျေးရွာ၌ ဆိုလာပန့်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၇ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ထီးလင်းဝင်းသာကျေးရွာ၌ ဆိုလာပန့်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး လုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ကျေးရွာတာဝန်ရှိသူများကို ဆွေးနွေးမှာကြားခဲ့သည်။

ထီးလင်းဝင်းသာကျေးရွာ၌ 1.5 HP DC/AC ပန့်နှင့် ဆိုလာ 4.68 KW ဆိုလာပန့်တပ်ဆင်ခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုး အနီးကပ်ကြီးကြပ်၍ ၂၀၂၅ ခုနှစ် ဇွန်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကိုသက်

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်

**နှင်းအိ(ရာမညမြေ)**



လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်တွင် တည်ရှိသည်။ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် မြိတ်ကျွန်းစုထဲတွင်ပါဝင်ပြီး ကျွန်းငယ်များစွာဝန်းရံလျက်ရှိသည်။ လန်ပိကျွန်းနှင့် ပင်မကုန်းမြေကြားတွင် ပင်လယ်ရေသည် ပျမ်းမျှ ၁၂ မီတာ နက်ရှိုင်းသည်။ ထို့ပြင် လန်ပိကျွန်းသည် ယေဘုယျအားဖြင့် တောင်ကုန်းထူထပ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၄၅၅ မီတာမြင့်သည်။ ကမ်းရိုးတန်းအများစုမှာ ကျောက်ဆောင်ထူထပ်ပြီး သဲသောင်ကမ်းခြေများ၊ ပင်လယ်အော်များ၊ ရေလက်ကြားများလည်းရှိသည်။ ထို့ပြင် တစ်နှစ်ပတ်လုံးစီးဆင်းသောမြစ်နှစ်စင်းရှိပြီး ရာသီအလိုက်စီးဆင်းသော စမ်းချောင်းများစွာလည်းရှိသေးသည်။ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် အာဆီယံအမွေအနှစ်ဥယျာဉ်စာရင်းဝင်ဖြစ်ပြီး Important Bird Area (IBA) သတ်မှတ်ထားသောဥယျာဉ်တစ်ခုဖြစ်သည်။ လန်ပိကျွန်းကို ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှ စတင်၍ အဏ္ဏဝါအမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ခဲ့သည်။

**အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ်သတ်မှတ်ခြင်း**

မြန်မာနိုင်ငံ၏ ပထမဆုံးသောအဏ္ဏဝါအမျိုးသားဥယျာဉ်ဖြစ်သည့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် ၎င်းဒေသ၏ထူးခြား၍အရေးပါသော ဂေဟစနစ်များ၊မျိုးစိတ်များ၊ ယဉ်ကျေးမှုထုံးတမ်းစဉ်လာများတည်ရှိမှုနှင့် ၎င်းတို့ကြား သဟဇာတဖြစ်စွာတည်ရှိနေမှုတို့ကြောင့် ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခဲ့သည်။

**တည်နေရာ**

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် မြောက်လတ္တီတွဒ် ၁၀ ဒီဂရီ ၅၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၁၂ မိနစ်၊ ကော့သောင်းမြို့မှ ရေမိုင် ၆၀၊ ဘုတ်ပြင်းမြို့မှ ရေမိုင် ၄၀ ကွာဝေးပြီး တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်တွင် တည်ရှိသည်။ အကျယ်အဝန်းအားဖြင့် ၂၀၅ စတုရန်းကီလိုမီတာကျယ်ဝန်းသည်။

**သဘာဝအရင်းအမြစ်များ**

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် အမြဲစိမ်းသစ်တောအမျိုးအစားဖြစ်ပြီး လမုတော၊ ကမ်းခြေသစ်တော၊ ဒီရေတောများလည်း ယခုအချိန်ထိရှိနေပြီး ပင်လယ်မြက်ခင်းများသည် အထူးသဖြင့် ကျွန်း၏ အရှေ့ဘက်တွင်ရှိနေသည်။ အဏ္ဏဝါအမျိုးသားဥယျာဉ်၏ ၇၅ ရာခိုင်နှုန်းခန့်သည် အဏ္ဏဝါနေရင်းဒေသနေရာများဖြစ်ပြီး ကျန်ဧရိယာများသည် အမြဲစိမ်းတော ၂၂ ရာခိုင်နှုန်း၊ ဒီရေတော နှစ်ရာခိုင်နှုန်းနှင့် ပင်လယ်သဲခုံတောတစ်ရာခိုင်နှုန်းတို့ဖြစ်သည်။ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း နို့တိုက်သတ္တဝါမျိုးစိတ်၁၉ မျိုး၊ ငှက်မျိုးစိတ် ၂၂၈ မျိုး၊ တွားသွားသတ္တဝါမျိုးစိတ် ၁၉ မျိုး၊ ကုန်းနေရေနေသတ္တဝါမျိုးစိတ် ၁၀ မျိုး၊ ငါးမျိုးစိတ် ၄၂ မျိုး၊ ကဏန်းမျိုးစိတ် ၄၂ မျိုး၊ အပင်မျိုးစိတ် ၁၉၅ မျိုး၊ ပင်လယ်မြက်မျိုးစိတ် ၁၁ မျိုး၊ ပင်လယ်ရေမှော်မျိုးစိတ် ၇၃ မျိုး၊ အပင်မျှောမျိုးစိတ် ၁၃၆ မျိုး၊ အကောင်မျှောမျိုးစိတ် ၁၅၀၊ ဒီရေတောပင်မျိုးစိတ် ၆၃ မျိုးနှင့် သန္တာကျောက်တန်းများတွေ့ရှိရသည်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ် ဧရိယာအတွင်း မျိုးသုဉ်းပျောက်ကွယ်လုနီးပါး မျိုးစိတ်များဖြစ်သည့် ရေဝက်၊ ပြင်သာလိပ်၊ မလေးသင်းခွေချပ်နှင့် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ်များဖြစ်သည့် ဖျံအမွေးနု၊ မျောက်ပုတီး၊ မျောက်လေပွေ၊ ချေလှောင်၊ လင်းဆွဲများလည်း ကျက်စားလျက်ရှိပြီး သန့်ရှင်းလှပသော ကမ်းခြေများနှင့် ပင်လယ်ရှုခင်းများ၊ ဒီရေတော မြစ်ဝနှင့် ပင်လယ်လိပ်များဥဥချသည့် လိပ်သောင်များနှင့် မူလဒေသခံများဖြစ်သည့် မော်ကင်းခေါ် ဆလုံလူမျိုးများ၏ ရိုးရာဓလေ့ထုံးတမ်းများသည် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၏ အလွန်ထူးခြားထင်ရှားသောတန်ဖိုးများဖြစ်ပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အရေးပါသည့် အခွင့်အလမ်းများဖြစ်သည်။

**ခြိမ်းခြောက်နေသောအန္တရာယ်များ**

လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်ဧရိယာအတွင်း မိုင်းခွဲ၍ ငါးဖမ်းခြင်းများကြောင့် သန္တာကျောက်တန်းများပျက်စီးခြင်းများ၊ သစ်ခိုးထုတ်ခြင်းများ၊ ရေထုညစ်ညမ်းခြင်းများနှင့် ကြုံတွေ့နေရသည်။

**လမ်းပန်းဆက်သွယ်ရေး**

လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်သို့ ရန်ကုန်မြို့မှ ရန်ကုန်-ကော့သောင်း လေယာဉ်ဖြင့်သွားလျှင် နှစ်နာရီခန့်ကြာပြီး ကော့သောင်းမြို့မှ ကော့သောင်း - လန်ပိ စက်လှေဖြင့်သွားလျှင် ငါးနာရီခန့်ကြာသည်။

**ကြည့်ရှုလေ့လာနိုင်သော အခွင့်အလမ်းများ**

လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်တွင် ဒီရေတောဂေဟစနစ်၊ ရေပျော်ငှက်များကိုလေ့လာနိုင်ခြင်း၊ အမြဲစိမ်းတောဂေဟစနစ်များကို လေ့လာနိုင်ခြင်း၊ သန္တာကျောက်တန်းများကို လေ့လာသုတေသနပြုနိုင်ခြင်း၊ ဆလုံတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုများကိုလေ့လာနိုင်ခြင်း၊ ငါးမျိုးစိတ်နှင့် ခရုကမာမျိုးစိတ်များကိုလေ့လာနိုင်ခြင်း၊ အပျော်တမ်းပင်လယ်ရေငုပ်နိုင်ခြင်း၊ ပင်လယ်ကမ်းခြေတွင် အနားယူအပန်းဖြေနိုင်ခြင်းစသည့် အခွင့်အလမ်းများ ရရှိနိုင်သည်။

**အပန်းဖြေနေရာတစ်ခုအဖြစ် ဆွဲဆောင်နိုင်ခြင်း**

မြန်မာနိုင်ငံ၏ ပထမဆုံးသော အဏ္ဏဝါဥယျာဉ်ကြီးတစ်ခုဖြစ်သည့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သို့ နှစ်စဉ်ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက်အပန်းဖြေလျက်ရှိသည်။ လန်ပိအဏ္ဏဝါအမျိုးသား ဥယျာဉ်သည် ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ကျက်စားသည့်နည်းတူ အဏ္ဏဝါဆိုင်ရာ ကုန်းနေ၊ရေနေသတ္တဝါများ ရှင်သန်ကြွယ်ဝကာ သန့်ရှင်းကောင်းမွန်သော ပင်လယ်ပြင်နှင့် သဘာဝပတ်ဝန်းကျင်ကိုပိုင်ဆိုင်ထားရာ နိုင်ငံခြားသား ခရီးသွားများ အထူးစိတ်ဝင်စားရာ အပန်းဖြေလေ့လာမှုနေရာတစ်ခုအဖြစ် ထင်ရှားလျက်ရှိသည်။ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်တွင် ခရီးသွားများ အနေဖြင့် သစ်တောအလှကိုကြည့်ကာလှေစီးခြင်း၊ တောတွင်းလမ်းလျှောက်၍ ငှက်ကြည့်ခြင်း၊ ရေအောက်အလှနှင့် သန္တာကျောက်တန်းများကို ကြည့်ရှုခြင်း၊ လှိုင်းစီးခြင်းနှင့်ဒိုင်ဗင်ထိုးခြင်း၊ ဆလုံတိုင်းရင်းသားတို့၏ လူနေမှုဘဝပုံစံကို လေ့လာခြင်း၊ သစ်ပင်နှင့် နို့တိုက်သတ္တဝါများ၊ ကုန်းနေ၊ ရေနေသတ္တဝါများကို လေ့လာခြင်း၊ ငှက်နှင့်ပင်လယ်ရေမှော်များကို လေ့လာခြင်းစသည့်နှစ်သက်ရာဝါသနာအလိုက် လေ့လာအပန်းဖြေလေ့ရှိပြီး ပင်လယ်ကမ်းခြေ၏နူးညံ့သော သဲသောင်မွမွပေါ်တွင် လမ်းလျှောက်ခြင်းနှင့် နေပူဆာလှုံခြင်းကိုလည်း ခရီးသွားများနှစ်သက်ကြလေ့ရှိသည်။ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်တွင် ရေပျော်ငှက်နှင့် ဒေသမျိုးရင်းငှက်များ ရှင်သန်ကျက်စားလျက်ရှိရာ ပုလင်းနှုတ်သီးလင်းပိုင်နှင့် အောက်ချင်းငှက်အပါအဝင် ရှားပါးမျိုးစိတ်များ နေထိုင်ကျက်စားမှုကြောင့် ခရီးသွားများလေ့လာစူးစမ်းအပန်းဖြေရာနေရာတစ်ခုအဖြစ် ဆွဲဆောင်လျက်ရှိသည်။

**ရရှိနိုင်မည့် အကျိုးကျေးဇူးများ**

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် ကမ္ဘာ့ဈေးကွက်ဝင် အရည်အသွေးမြင့်မြန်မာ့ပုလဲများထွက်ရှိခြင်းကြောင့် မြန်မာ့ပုလဲများကိုလေ့လာနိုင်ခြင်း၊ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသတွင် ကျက်စားနေထိုင်သည့် မျိုးသုဉ်းပျောက်ကွယ်လုနီးပါးမျိုးစိတ်များကိုလေ့လာနိုင်ခြင်း၊ သုတေသနလုပ်ငန်းများကိုလုပ်ဆောင်နိုင်ခြင်း၊ ကျွန်းအနေအထားများကိုအခြေပြု၍ နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်နိုင်ခြင်းဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်ခြင်း၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

**အချုပ်အားဖြင့် ဆိုရသော်**

မြန်မာနိုင်ငံတွင် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်နှင့် ကျွန်းနံသာအဏ္ဏဝါအမျိုးသားဥယျာဉ်ဟူ၍ အဏ္ဏဝါဥယျာဉ်ကြီးနှစ်ခုရှိပြီး လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် အာဆီယံအမွေအနှစ်ဥယျာဉ်ကြီးတစ်ခုအဖြစ် ဂုဏ်ယူစွာတည်ရှိလျက်ရှိရာ အဆိုပါလန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သို့ နှစ်စဉ်နိုင်ငံတကာမှခရီးသွားများ လာရောက်အပန်းဖြေလေ့လာလျက်ရှိကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

**ကိုးကား**

၁။ ၅.၉.၂၀၂၅ ထုတ် မြန်မာ့အလင်းသတင်းစာ။

၂။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ဝေသောစာစောင်များ။

**❖ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် အမြဲစိမ်းသစ်တောအမျိုးအစားဖြစ်ပြီး လမုတော၊ ကမ်းခြေသစ်တော၊ ဒီရေတောများလည်း ယခုအချိန်ထိရှိနေပြီး ပင်လယ်မြက်ခင်းများသည် အထူးသဖြင့် ကျွန်း၏အရှေ့ဘက်တွင်ရှိနေသည်။ အဏ္ဏဝါအမျိုးသားဥယျာဉ်၏ ၇၅ ရာခိုင်နှုန်းခန့်သည် အဏ္ဏဝါနေရင်းဒေသနေရာများဖြစ်ပြီး ကျန်ဧရိယာများသည် အမြဲစိမ်းတော ၂၂ ရာခိုင်နှုန်း၊ ဒီရေတော နှစ်ရာခိုင်နှုန်းနှင့် ပင်လယ်သဲခုံတော တစ်ရာခိုင်နှုန်းတို့ဖြစ်သည်။ ❖**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်လာသော အာဖဂန်နစ္စတန်နှင့် အီရန်

အီရန်နိုင်ငံ၏ စက်မှု၊ သတ္တုနှင့် ကုန်သွယ်ရေး ဝန်ကြီး ဆေးယက်မိုဟာမက်အတာဘက် ဦးဆောင်သည့် လွှတ်တော်အမတ်များနှင့်ပုဂ္ဂလိကရင်းနှီး မြှုပ်နှံသူများပါဝင်သော အဆင့်မြင့်စီးပွားရေး ကိုယ်စားလှယ်အဖွဲ့သည် တာလီဘန်အစိုးရအဖွဲ့နှင့် ဆွေးနွေးပွဲများပြုလုပ်ရန် ယခုနှစ် စက်တင်ဘာ ၁၅ ရက် မှ ၁၇ ရက်ထိ အာဖဂန်နစ္စတန်နိုင်ငံသို့ သုံးရက်ကြာ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲများ၏ဦးတည်ချက်သည် နှစ်နိုင်ငံကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု မြှင့်တင်သွားရန်ပင်ဖြစ်သည်။

တာလီဘန်အစိုးရအဖွဲ့၏ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူလ်ဆာလမ်ဂျဝတ်အက်ခွန်ဇာဒါက အီရန်ကိုယ်စားလှယ်အဖွဲ့၏ခရီးစဉ်သည် နှစ်နိုင်ငံကုန်သွယ်မှုတွင် နှောင့်နှေးကြန့်ကြာနေသော အတားအဆီးများကိုဖော်ထုတ်ရန်နှင့် ပို့ဆောင်ရေးနှင့်ပူးတွဲရင်းနှီးမြှုပ်နှံမှုတို့တွင် ပူးပေါင်းဆောင်ရွက်မှုတိုးတက်ရန် ရည်မှန်းထားရှိကြောင်း ပြောကြားသွားခဲ့သည်။

အီရန်ကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း တာလီဘန်ဝန်ကြီးချုပ်၏ စီးပွားရေးဆိုင်ရာရုံးအဖွဲ့မှတာဝန်ရှိသူများအပြင် အာဖဂန်ပုဂ္ဂလိကကဏ္ဍမှတာဝန်ရှိသူများအပါအဝင် သတ္တု၊ ရေနံနှင့် ပြည်သူ့လုပ်ငန်းဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့ပြင် ကိုယ်စားလှယ်အဖွဲ့သည် သတ္တုတွင်းများ၊ ရထားလမ်းနှင့် Islam Qala နယ်စပ်ဖြတ်ကျော်နေရာတို့ကို စစ်ဆေးရန် အာဖဂန်နစ္စတန်အနောက်ပိုင်းရှိ ဟဲရတ်(Herat)ပြည်နယ်သို့လည်း သွားရောက်ခဲ့သည်။

အီရန်ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်သည် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းသစ်များကို ရှာဖွေသွားရန်အပြင် အာဖဂန်နစ္စတန်-အီရန် နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးကို အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံမှ ၁၀ ဘီလီယံထိ ရရှိရေးရည်မှန်းကာ တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်သည်။ နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုး မြင့်တက်လာခြင်းသည် အာဖဂန်ပြည်သူများကို လက်တွေ့အကျိုးဖြစ်ထွန်းမှုရှိ၊ မရှိ ဆိုသောအချက်ကိုမူ ဆုံးဖြတ်ချက်မချမှတ်ရသေးသော်လည်း အီရန်နိုင်ငံသည် နှစ်နိုင်ငံဆက်ဆံရေးမှ ကုန်သွယ်မှုပိုငွေပြလျက်ရှိသည်။

မည်သို့ပင်ဆိုစေ အီရန်နိုင်ငံ၏ စက်မှု၊ သတ္တုနှင့် ကုန်သွယ်ရေးဝန်ကြီး ဆေးယက်မိုဟာမက်အတာဘက်သည် အာဖဂန်နစ္စတန်နှင့်ပူးပေါင်းဆောင်ရွက်ရေး အီရန်နိုင်ငံ၏ ခိုင်မာသောဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ အပြုသဘောဆောင်စွာရှုမြင်ထားဖွယ်ရာရှိနေသည်။ ၎င်းသည် အိမ်နီးချင်းနိုင်ငံများ၊ အထူးသဖြင့် အာဖဂန်နစ္စတန်နိုင်ငံနှင့် ကုန်သွယ်မှုဆက်ဆံရေးခိုင်မာအားကောင်းစေရေး တိုးချဲ့လုပ်ဆောင်သွားလိုသည့် အီရန်နိုင်ငံ၏ရည်ရွယ်ချက်ကို အလေးထားပြောကြားခဲ့သည်။ ၎င်းသည် နှစ်နိုင်ငံကြား သမိုင်းဝင်ဆက်ဆံရေးကို အလေးထားဖော်ပြခဲ့ပြီး အာဖဂန်နစ္စတန်နှင့် ကုန်သွယ်မှုနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရေး အီရန်၏ ခိုင်မာသောဆုံးဖြတ်ချက်ကို ထပ်လောင်းပြောကြားခဲ့သည်။

မိမိတို့အနေဖြင့် အပြန်အလှန်ဖလှယ်မှု အဆင့်မြှင့်တင်ရန်နှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုခိုင်မာအားကောင်းစေရန်အပြင် အစီအစဉ်အသစ်များဆောင်ရွက်သွားရန် အာဖဂန်နစ္စတန်အစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ် ချမှတ်ခဲ့သောစီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ရည်ရွယ်ထားရှိကြောင်း ဆေးယက်မိုဟာမက်အတာဘက်က ပြောကြားသွားခဲ့သည်။

နှစ်နိုင်ငံဆွေးနွေးမှုများတွင် သတ္တုကဏ္ဍ၊ ဘဏ်လုပ်ငန်း၊ Khaf-Herat ရထားလမ်းဖြင့်ကုန်စည်ပို့ဆောင်မှုမြှင့်တင်ခြင်းနှင့် အီရန်၏ ချာဘာဟာ (Chabahar) ဆိပ်ကမ်းအား ပိုမိုအသုံးပြုခြင်းတို့တွင် ပူးတွဲလုပ်ဆောင်သွားရန်တို့ပါရှိကြောင်း တီဟီရန်တိုင်းမ်သတင်းစာ၌ ဖော်ပြထားသည်။

လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံသည် ၁၀ နှစ်သဘောတူညီချက်ဖြင့် ချာဘာဟာဆိပ်ကမ်းကို အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိသည်။



နှစ်နိုင်ငံကိုယ်စားလှယ်များအကြား စီးပွားရေးနှင့် ကုန်သွယ်မှုအစည်းအဝေးများအတွင်း အီရန်ကိုယ်စားလှယ်အဖွဲ့သည် ချာဘာဟာဆိပ်ကမ်းကို ကွန်တိန်နာအလုံးရေ ၅၀ အထိ တင်ဆောင်နိုင်သည့်သင်္ဘောများပိုမိုဆိုက်ကပ်နိုင်ရေးနှင့်ဆိပ်ကမ်းလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် စွမ်းဆောင်ရည်ပိုမိုမြှင့်တင်ပေးရန်လည်း အဆိုပြုခဲ့သည်။

ချာဘာဟာဆိပ်ကမ်းသည် ကုန်းတွင်းပိတ်နိုင်ငံဖြစ်သည့်အာဖဂန်နစ္စတန်နိုင်ငံအား ပါကစ္စတန်၏ကရာချိနှင့် ဂွါဒါဆိပ်ကမ်းများအပြင် နိုင်ငံတကာဈေးကွက်များသို့ချိတ်ဆက်နိုင်သည့် ပင်လယ်ထွက်ပေါက်အသစ်ကိုထပ်မံရရှိစေမည်ဖြစ်သည်။ ၂၀၂၅ ခုနှစ် မေလတွင် တရုတ်၊ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့သည် တရုတ်နိုင်ငံ၌ပြုလုပ်သည့် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် အာဖဂန်နစ္စတန်နိုင်ငံကို တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံ(CPEC)မှတစ်ဆင့် တရုတ်နိုင်ငံ၏ရပ်ဝန်းနှင့် ပိုးလမ်းမကို ချိတ်ဆက်ရန်သဘောတူခဲ့ကြသည်။

တာလီဘန်အစိုးရအဖွဲ့အနေဖြင့် တိုင်းပြည်၏ နယ်စပ်နှစ်ခုလုံးရှိ နိုင်ငံတကာဈေးကွက်ကို ချိတ်ဆက်နိုင်ရေး အောင်မြင်စွာစီမံခန့်ခွဲနိုင်မည်ဆိုလျှင် အမေရိကန်ဦးဆောင်သော အနောက်အုပ်စု၏ ပိတ်ဆို့မှုများကိုအန်တုနိုင်မည့် ခိုင်မာသော အနေအထားကိုရပ်တည်နိုင်မည့်အပြင် နိုင်ငံတကာတွင် ကြဉ်ဖယ်ခံထားရမှုကိုလည်း အဆုံးသတ်စေနိုင်မည်ဖြစ်သည်။

ဆိုရလျှင် အီရန်နိုင်ငံနှင့်ဆက်ဆံရေးတိုးတက်လာခြင်းသည် တာလီဘန်တို့အတွက် များစွာအရေးပါလျက်ရှိသည်။ အီရန်နိုင်ငံသည် ၁၉၉၆ ခုနှစ် ၂၀၀၁ ခုနှစ်အတွင်း တာလီဘန်တို့၏ အာဏာကြီးထွားမှုကိုကန့်ကွက်ခဲ့ပြီး တာလီဘန်ဆန့်ကျင်ရေး မြောက်ပိုင်းမဟာမိတ်အဖွဲ့ကို ထောက်ပံ့ကူညီခဲ့သည်။ အာဖဂန်နစ္စတန်တွင် တီဟီရန်၏လွှမ်းမိုးမှုသည် ကာဇိုင်း(Karzai) နှင့်ဂါနီ(Ghani) အစိုးရများ လက်ထက်၌ ပိုမိုမြင့်တက်ခဲ့သည်။ သို့သော် ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် ကဘူးလ်မြို့ကို တာလီဘန်တို့သိမ်းပိုက်ပြီးနောက်ပိုင်း အာဖဂန်နစ္စတန်တွင် အီရန်၏လွှမ်းမိုးမှုမှေးမှိန်လာခဲ့သည်။

တာလီဘန် အာဏာပြန်လည်ရရှိလာခြင်းသည် အီရန်အစိုးရကို သတိပေးမှုဖြစ်စေခဲ့ပြီး အိမ်နီးချင်းနိုင်ငံတွင် ရှီးယိုက်ဆန့်ကျင်သော အစွန်းရောက်အုပ်စုပြန်လည်ထိန်းချုပ်လာမှုအပေါ် စိုးရိမ်ပူပန်မှုမြင့်တက်လာခဲ့သည်။ မည်သို့ပင်ဆိုစေ နိုင်ငံရေးဆိုင်ရာလက်တွေ့အကျိုးမျှော်ဝါဒသည် တီဟီရန်အား တာလီဘန်နှင့်ထိတွေ့ဆက်ဆံရန်ပြဋ္ဌာန်းသတ်မှတ်ပေးခဲ့သည်။ ထို့ကြောင့် အီရန်နိုင်ငံသည် အာဖဂန်နစ္စတန်၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်မပြုဘဲ တာလီဘန်နှင့် ထိတွေ့ဆက်ဆံခဲ့သည်။ အီရန်နိုင်ငံသည် လွန်ခဲ့သောလေးနှစ်အတွင်း အာဖဂန်နစ္စတန်တွင် တက်ကြွသောသံခင်းတမန်ကို ဆက်လက် ထိန်းသိမ်းထားခဲ့သည်။

ထိုအချိန်မှစ၍ ပြဿနာအချို့ရှိခဲ့သော်လည်း နှစ်နိုင်ငံအကြားဆက်ဆံရေးသည် အပြုသဘောဆောင်သောတိုးတက်မှုများရှိခဲ့သည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အဘာ့စ်အရာဂါချီ၏ အာဖဂန်နစ္စတန်နိုင်ငံ ခရီးစဉ်သည် ဆယ်စုနှစ်တစ်ခုကြာပြီးနောက် အာဖဂန်သို့လာရောက်လည်ပတ်သည့် အီရန် ထိပ်တန်းသံတမန်တစ်ဦး၏ ခရီးစဉ်ဖြစ်သောကြောင့် နှစ်နိုင်ငံဆက်ဆံရေးကို အဆင့်သစ်တစ်ရပ်အထိ တိုးမြှင့်နိုင်ခဲ့သည်။ အီရန်နိုင်ငံခြားရေးဝန်ကြီးသည် ခရီးစဉ်အတွင်း တာလီဘန်နိုင်ငံခြားရေးဝန်ကြီး အမီယာခန်းမွတ်တာကီ၊ ဝန်ကြီးချုပ်ဟာဆန်အက်ခွန်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ နှစ်ဘက်စလုံးသည် ရေအရင်းအမြစ်ခွဲဝေသုံးဆွဲရေးနှင့်ရွှေ့ပြောင်းသွားလာမှုအပါအဝင် နှစ်နိုင်ငံကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

Helmand မြစ်ရေနှင့်ဆက်နွယ်သော မြစ်ရေခွဲဝေသုံးဆွဲရေးပြဿနာသည် ၁၈၇၀ ပြည့်လွန်နှစ်များမှစ၍ နှစ်နိုင်ငံအကြားအငြင်းပွားမှု၏ အရင်းခံအကြောင်းအရာတစ်ခုပင်ဖြစ်သည်။ ၁၉၇၃ ခုနှစ် သဘောတူစာချုပ်ရှိခဲ့သော်လည်း တာလီဘန်တို့ အာဏာပြန်လည်ရရှိကတည်းက ၎င်းမြစ်နှင့် စပ်လျဉ်း၍ တင်းမာမှုမြင့်တက်လာခဲ့သည်။ ၂၀၂၃ ခုနှစ် မေလတွင် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား ထိပ်တိုက်ရင်ဆိုင်မှုဖြစ်ပွားခဲ့ရာ အီရန်နယ်ခြားစောင့်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် တာလီဘန်စစ်သည်တစ်ဦးတို့သေဆုံးခဲ့ပြီး နှစ်ဘက်စလုံးမှ များစွာဒဏ်ရာရရှိခဲ့သည်။

နှစ်နိုင်ငံအကြား ရေအရင်းအမြစ်ပြဿနာအပြင် အီရန်ရှိ အာဖဂန်ရွှေ့ပြောင်းသူများပြဿနာလည်း ရှိနေသည်။ ကုလသမဂ္ဂဒုက္ခသည်များအေဂျင်စီ (UNCHR) အဆိုအရ အာဖဂန်ဒုက္ခသည်သုံးသန်းခန့်သည် အီရန်တွင်နေထိုင်လျက်ရှိသည်။ ၎င်းတို့အနက် ၇၅၀၀၀၀ သည် ဒုက္ခသည်များအဖြစ် တရားဝင်မှတ်ပုံတင်ထားပြီး ၅၀၀၀၀၀ ခန့်သည် ရေတို နေထိုင်ခွင့်၊ သို့မဟုတ် ကန့်သတ်အလုပ်လုပ်ခွင့်ဖြင့်နေထိုင်လျက်ရှိသည်။ အဆိုပါ ဒုက္ခသည်အများစုသည် အာဖဂန်နစ္စတန်နိုင်ငံကို ဆိုဗီယက်တို့ ကျူးကျော်တိုက်ခိုက်စဉ်ကတည်းက အီရန်နိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်သည်။ သို့သော် တခြား ဒုက္ခသည်များသည် ၂၀၂၁ ခုနှစ်တွင် တာလီဘန်တို့ အာဏာပြန်လည်ရရှိပြီးနောက် ရောက်ရှိလာခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ် မှစ၍ အီရန်နိုင်ငံသည် အဆိုပါဒုက္ခသည်များကို အာဖဂန်နစ္စတန်သို့ ပြန်လည်လွှဲပြောင်းပို့လျက်ရှိသည်။

တာလီဘန်တို့ဦးဆောင်သော အာဖဂန်နစ္စတန်တွင် မူလကတည်းက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပြဿနာများ ဖြစ်ပေါ်လျက်ရှိရာ ဒုက္ခသည်အမြောက်အမြား နေရပ်သို့ပြန်လာခြင်းသည် အကျပ်အတည်းများပိုမိုဖြစ်ပေါ်စေလျက်ရှိသည်။

ထိုသို့စိန်ခေါ်မှုများရှိနေသော်လည်း အီရန်ကိုယ်စားလှယ်အဖွဲ့၏ အာဖဂန်နစ္စတန်နိုင်ငံခရီးစဉ်သည် တာလီဘန်အစိုးရနှင့် အီရန်တို့အကြား ဆက်ဆံရေးတိုးတက်ကောင်းမွန်လာမှုကို ညွှန်ပြလျက်ရှိသည်။ နှစ်နိုင်ငံစလုံးသည် နိုင်ငံတကာပိတ်ဆို့မှုများနှင့် ရင်ဆိုင်ရလျက်ရှိသောကြောင့် ပဋိပက္ခများကို ဆက်လက်ဆွဲကိုင်ထားနိုင်ခြင်းမရှိပေ။ အထူးသဖြင့် ၎င်းတို့၏ ပထဝီနယ်မြေဆိုင်ရာထိစပ်မှုတို့ကြောင့် ပဋိပက္ခများကို လျစ်လျူရှုလာရသည်။ ထို့ကြောင့် အီရန်ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်သည် နှစ်နိုင်ငံပြဿနာများ၊ ကုန်သွယ်မှုနှင့် အာဖဂန်နစ္စတန်တွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ခြင်းတို့အပေါ်သက်ရောက်မှုများ ရှိမလားဆိုသောအချက်ကို ဆက်လက် စောင့်ကြည့်သွားရတော့မည်ဖြစ်သည်။

အီရန်နှင့် အာဖဂန်နစ္စတန်တို့အနေဖြင့် နှစ်နိုင်ငံ အကြားပြဿနာများကိုဖြေရှင်းခြင်းမရှိလျှင် အထူးသဖြင့် ရေအရင်းအမြစ်ခွဲဝေအသုံးချရေးနှင့် စပ်လျဉ်း၍ဖြေရှင်းနိုင်ခြင်းမရှိလျှင် နှစ်နိုင်ငံဆက်ဆံရေးသည် တိုးတက်မှုရှိနိုင်မည်မဟုတ်ဘဲ ကုန်သွယ်မှုနှင့် အနာဂတ်ရင်းနှီးမြှုပ်နှံမှုများအပေါ်တွင် သက်ရောက်မှုရှိလာနိုင်ပေသည်။ သို့သော် စိန်ခေါ်မှုများရှိနေသည့်ကြားကပင် အီရန် ကိုယ်စားလှယ်အဖွဲ့၏ အာဖဂန်နစ္စတန်နိုင်ငံ ခရီးစဉ်သည် တာလီဘန်နှင့် အီရန်တို့အကြား ဆက်ဆံရေးတိုးတက်ကောင်းမွန်လာမှုကို ညွှန်ပြလျက်ရှိပေသည်။

**ကိုးကား-**

**Are Taliban-Iran Relations Moving on a Positive Trajectory? By The Diplomat.**

**ဝင်းဇင်(သုတေသန)**

ဗုဒ္ဓ ဓမ္မ သံဃ
35 CORNER မျက်မှန်ဆိုင်
ပါဝါမျက်မှန်၊ နေကာမျက်မှန်၊ အလှတပ်မျက်ကပ်မှန်များကို နောက်ဆုံးပေါ်ကွန်ပျူတာစက်ကြီးများဖြင့် ကျွမ်းကျင်ဆရာဝန်ကြီးများ ကိုယ်တိုင်စမ်းသပ်စစ်ဆေးပေးနေပြီး မျက်မှန်ကိုင်းများကိုလည်း နေ့ချင်းပြီး ဆောင်ရွက်ပေးနေပါသည်။
'ဈေးချင်းတူလျှင် ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူလျှင် ဈေးပိုသက်သာရမည်။'
ဆိုင် (၁)၃၅ လမ်း × ၈၄ လမ်းထောင့် ။ Ph:09-880909030, 09-91001454 ဆိုင် (၂)၇၉ လမ်း × ၂၇ × ၂၈ လမ်းကြား ။ Ph:09-780678007
ဆိုင် (၃)၆၂လမ်း × ၁၀၉ လမ်းထောင့် ။ Ph:09-880909040

# မဲဆန္ဒရှင်တစ်ဦးရှောင်ရန်အချက်များ
## ( အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း )

- မဲရုံအတွင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်မှအပ မသက်ဆိုင်သည့်ပစ္စည်းများ ယူဆောင်မလာရ၊
- ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြုခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြု ရမည်၊ တစ်ကြိမ်ထက်ပို၍ မနှိပ်ရ။ ခလုတ်တစ်ခုထက်ပို၍ ခလုတ်နှစ်ခု၊ သုံးခု တစ်ပြိုင်တည်း မနှိပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို မဲပေးခြင်းနှင့်မသက်ဆိုင် သော ဆောင်ရွက်မှုတစ်ခုခု မပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို တစ်နည်းနည်းဖြင့် အနှောင့် အယှက်ပြုခြင်း မပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ အချိန်ကြာမြင့်စွာ ဆောင်ရွက်ခြင်းမပြုလုပ်ရ၊
- ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ အတွက် ဆန္ဒမဲမပေးရ၊ မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ် ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ၊
- သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲပေးခြင်းမပြုရ၊
- ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲမပေးရ၊
- သူတစ်ပါးကိုယ်စားမဲမပေးရ။

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"

"လွတ်လပ်မျှတ၊ မဲပေးကြ"

# ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်း စုစုပေါင်း ဧက ၁၁၈၂၀ စိုက်ပျိုးမည်


ယခင်နှစ်က ပန်းနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်း စုစုပေါင်းဧက ၁၁၈၂၀ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်း စုစုပေါင်းဧက ၁၁၈၂၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလတတိယ ပတ်မှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူခရိုင်မှာ ဆီမုန်ညင်းနဲ့ပန်းနှမ်း စုစုပေါင်း ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ဆီမုန်ညင်းနဲ့ပန်းနှမ်းကို ဆီအဖြစ်အသုံးပြုကြသလို ဆေးအဖြစ်လဲအသုံးပြုကြပါတယ်။ ဆီမုန်ညင်းနဲ့ပန်းနှမ်းကို နှစ်စဉ်စိုက်ပျိုးကြပါတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူခရိုင်တွင် ဆီမုန်ညင်းနှင့် ပန်းနှမ်းစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ဆီမုန်ညင်း ၅၆၃ ဧက၊ ပန်းနှမ်း ၅၅၅၈ ဧက၊ ကျွန်းလှမြို့နယ်တွင် ဆီမုန်ညင်း ၃၅၇ ဧက၊ ပန်းနှမ်း ၅၃၄၂ ဧက စုစုပေါင်း ဧက ၁၁၈၂၀ ဖြစ်ကြောင်း သိရသည်။

ဆီမုန်ညင်းနှင့် ပန်းနှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝမြင့်မားလာမည်ဖြစ်သောကြောင့် ဆီမုန်ညင်းနှင့်ပန်းနှမ်းကို ဒေသမရွေး ကြိုးပမ်း စိုက်ပျိုးကြရမည် ဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန အရာရှိ ဒေါ်မာမာဝင်းက ဆက်လက်ပြောပြ၍သိရသည်။

(၂၀၆)

# ကျောင်းကုန်းမြို့နယ်တွင် ပိန်းဥများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ပိန်းဥများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ဒေသထွက်ပိန်းဥများ စက်တင်ဘာလ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ပိန်းဥများ တစ်ရက်လျှင် ပိဿာချိန် ၂၅၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

" ကျောင်းကုန်းမြို့နယ်ကနေ ထွက်တဲ့ လယ်ယာထွက်ကုန်တွေက ဒေသဈေးကွက်မှာ အရောင်းအဝယ် ကောင်းနေပါတယ်။ ဝယ်လက်တွေက ကုန်စည်လို သလောက်မရတဲ့ထိ ဖြစ်နေတယ်။ လက်ရှိရောင်းချနေတဲ့ ပိန်းဥတွေက အရည်အသွေးကောင်းမွန်တယ်။ ဒေသထွက်ပိန်းဥတွေကို ရန်ကုန်ဈေးကွက် ဝယ်လက်တွေကဝယ်ယူမှုများနေလို့ တင်ပို့မှုအားကောင်းနေပါတယ်" ဟု ကျောင်းကုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် လက်တလောအနေဖြင့် ပိန်းဥ ၁၀ ပိဿာလျှင် ငွေကျပ် ၇၆၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ပိန်းဥများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

စာပေမြင့်မှ လူမျိုးတင့်မည်

အင်္ဂလန်နိုင်ငံ International Brewing Awards၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'

ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- E - Top up ဖုန်းပြောခဖြည့်သွင်းခြင်း
- ငွေသွင်းငွေထုတ်ခြင်း/ ငွေလွှဲခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- Gift Card ပေးခြင်း
- ဈေးဝယ်ခြင်း
- Internet Bill ပေးဆောင်ခြင်း
- အောင်ဘာလေအွန်လိုင်းထီထိုးခြင်း

ရုံးချုပ် -အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း-၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း-၀၉ ၃၁၀၀ ၁၅၃၄




အခြိမ်းစား လစာ အပါအဝင်
ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို
ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

## (၁-၁၀-၂၀၂၅)နေ့စွဲပါ ဦးဇော်ဝင်း၏ အများသိစေရန် ကြေညာခဲ့ခြင်းအပေါ် ဦးမောင်စိုးမှ ပြန်လည်ငြင်းဆိုပြီး ဦးဇော်ဝင်းနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ငယ်တိုးကျေးရွာအုပ်စု၊ စားကြင်ဝရပ်ရှိ ကွင်းအမှတ်(၆၁၆)တွင် တည်ရှိသော (၄၅ x ၄၅)ပေ အကျယ်အဝန်းရှိ အိမ်နှင့် ဝိုင်းမြေမှာ ဒေါ်ဝါဝါ (ဘ) ဦးလှဘူး မှ ပိုင်ရေးပိုင်ခွင့်ဖြင့် နေထိုင်အသုံးပြုနေသော အိမ်နှင့် ဝိုင်းမြေဖြစ်ပါသည်။ အဆိုပါဝိုင်းမြေမှာ ဦးမောင်စိုးနှင့် ဒေါ်လှလှတို့၏ ကိုယ်ပိုင်ငွေဖြင့် ဝယ်ယူခဲ့သော ဝိုင်းမြေဖြစ်ပြီး ၎င်းတို့၏ ကိုယ်ပိုင်ငွေဖြင့် ဆောက်လုပ်ခဲ့သော အိမ်လည်းဖြစ်ပါသည်။ ဦးဇော်ဝင်း၊ ဦးဇော်လင်းနှင့် ဦးဇော်မင်းတို့၏ ကိုယ်ပိုင်ငွေများ ပါဝင်ခြင်းမရှိခဲ့ပါ။ အထက်ဖော်ပြပါရပ်ကွက်ရှိ ဝိုင်းမြေဝယ်ယူချိန်နှင့် အဆောက်အဦးဆောက်လုပ်ချိန်ကလည်း ဦးဇော်ဝင်း၊ ဦးဇော်လင်းနှင့် ဦးဇော်မင်းတို့မှာ အရွယ်မရောက်သေးသူများဖြစ်၍ ၎င်းတို့၏ ဝင်ငွေများဖြင့် ဝယ်ယူခဲ့သော မြေကွက်မဟုတ်သလို အဆောက်အဦးလည်း မဟုတ်ပါ။ ဦးမောင်စိုးမှာ ယခုလက်ရှိ သက်ရှိထင်ရှားရှိပြီး ၎င်း၏အမွေပစ္စည်းဟူ၍ တစ်စုံတစ်ရာလည်း ကျန်ရစ်ခြင်းမရှိတော့ပါ။ အထက်ပါအိမ်နှင့် ဝိုင်းမြေမှာ ဒေါ်ဝါဝါ သာလျှင် ပိုင်ရေးပိုင်ခွင့်ဖြင့် နေထိုင်အသုံးပြုနေသူဖြစ်ပါသည်။ ဦးမောင်စိုး သက်ရှိထင်ရှားရှိချိန်တွင် အမွေပစ္စည်းမကျန်သောကြောင့် ဦးမောင်စိုး ကွယ်လွန်ချိန်တွင်လည်း အမွေပစ္စည်းဟူ၍ ကျန်ရစ်ခြင်းမရှိတော့ပါ။ ဦးဇော်ဝင်းမှ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားပါကလည်း ဖခင် ဦးမောင်စိုးနှင့် မြေကွက်ပိုင်ရှင် ဒေါ်ဝါဝါ တို့မှ တည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးဇော်ဝင်း၏ (၁-၁၀-၂၀၂၅)နေ့စွဲပါ ရတနာပုံ သတင်းစာကြေညာစာနှင့်ပတ်သက်ပြီး ဦးဇော်ဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| (လွှဲအပ်ညွှန်ကြားသူ) | (လွှဲအပ်ညွှန်ကြားချက်အရ) |
| --- | --- |
| ဦးမောင်စိုး (ဘ) ဦးအီဗရာဟင် | ဒေါ်နန်းစောဝင်း(LL.B,D.B.L Advocat) |
| ၉/အမရ(နိုင်)၀၇၈၉၅၀ | တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၆၅) |
| ဒေါ်ဝါဝါ (ဘ) ဦးလှဘူး | ဆင်ကာရပ်၊ ငယ်တိုး၊ |
| ၉/အမရ(နိုင်)၀၇၈၂၁၉ | အမရပူရမြို့၊ မန္တလေးတိုင်းဒေသကြီး။ |
| စားကြင်ဝရပ်၊ ငယ်တိုးကျေးရွာအုပ်စု၊ | ၀၉-၇၇၄၀၃၃၉၈၈ |
| အမရပူရမြို့၊ မန္တလေးတိုင်းဒေသကြီး။ | |

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေဖတ်ကြစို့

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ ပို့ကုန်များတိုးမြှင့်ရရှိရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်ရန်လို...

❖ ပန်းတိုင်ရည်မှန်းချက်ပြည့်မီပြီး အထွက်နှုန်းကောင်းမွန်မှသာလျှင် ပြည်ပပို့ကုန်များလည်း တိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Asia World Port Terminal – AWPT ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ကုန်သွယ်မှုဆိုင်ရာအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံချောင်းလုံးများကို အထူးကုန်ရထားဖြင့် မန္တလေးမြို့သို့ ဒုတိယအကြိမ် ပို့ဆောင်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၈**

လျှင်ဘေးဒဏ်ခံခဲ့ရသောဒေသများရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသည့်သံချောင်းလုံးများကို မြန်မာ့မီးရထားအထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် HRB 500 အမျိုးအစား သံချောင်းလုံး ၄၉၀ ဒသမ ၅၃ တန် မန္တလေးမြို့သို့ ဒုတိယအကြိမ်အဖြစ် ပို့ဆောင်ရောက်ရှိခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ငလျင်ဘေးဒဏ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော သံချောင်းလုံးများကို ရန်ကုန်မြို့မှ အထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ဒုတိယအကြိမ်အဖြစ် HRB 500 အမျိုးအစား သံချောင်းလုံး စုစုပေါင်းတန်ချိန် ၄၉၀ ဒသမ ၅၃ တန် တင်ဆောင်လာသော အထူးကုန်ရထားသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မြို့ဟောင်းဘူတာသို့ ပို့ဆောင်ရောက်ရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးကြကာ တိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက်

စာမျက်နှာ ၁၇ ကော်လံ ၁ ☆



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောသံချောင်းလုံးများ ဒုတိယအကြိမ်ရောက်ရှိလာမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စတင်ဖွင့်လှစ်၊ ကျောင်းအပ်ဆက်လက်လက်ခံ၊ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၈**

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation)ကို တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများ ပူးပေါင်း၍ ဒေသခံပြည်သူလူထုလုံခြုံရေးနှင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့်

စာမျက်နှာ ၁၇ ကော်လံ ၁ ❍

ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်ရောက်နေမှုကို တွေ့ရစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

